မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၁၀၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော်၏ သဘောထား?

ဒို့တာဝန် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

လက်ပံတောင်းတောင်စီမံကိန်းဒေသ လူမှုရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ တစ်သန်း အသုံးပြုသွားမည်

နေပြည်တော် ဩဂုတ် ၃

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဒေသများရှိ ဒေသခံများအတွက် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် တွေ့ရှိရသည့်အခက်အခဲများနှင့် လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး ဒေသအတွက် အမှန်တကယ်လိုအပ်သည့် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် ည ၈ နာရီတွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်မည့် ကော်မတီညှိနှိုင်း အစည်းအဝေးတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်မည့် ကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားခဲ့သည်။

> “အခက်အခဲများနှင့် လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး ဒေသအတွက် အမှန်တကယ်လိုအပ်သည့် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်”

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ဒေသအတွက် အမှန်တကယ်လိုအပ်သည့် လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ လိုအပ်ချက်များကို ဆွေးနွေးတိုင်ပင်ဖော်ထုတ် ညှိနှိုင်းဆောင်ရွက်ပေးသွားရန်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ပြီးခဲ့သည့် လေးလတာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကို ပြန်လည်သုံးသပ်မည်ဆိုပါက မြေယာလုပ်ငန်းများနှင့် ပတ်သက်၍ စီမံကိန်းနယ်မြေ ပြန်လည်တိုင်းတာခြင်း၊ မလိုအပ်သောမြေယာများကို ပြန်လည်ပေးအပ်ခြင်း၊ စီမံကိန်းအတွင်းပါရှိသော မြေယာများအတွက် လျော်ကြေးငွေများ ပြန်လည်ပေးအပ်ခြင်း၊ နှစ်ရှည်သီးနှံများ၊ ရေတွင်းများအတွက် လျော်ကြေးများပေးအပ်ခြင်းနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❑

ယနေ့ **မာတိကာ**

မိခင်နို့ရည် ကြာကြာ သောက်စို့ရသောကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးမြင့်မား — စာ - ၅

ရထားဆိုက်ချိန် ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်၍ ကသာစာပို့လုပ်ငန်းများ အဆင်ပြေချောမွေ့လာ — စာ - ၆

ပေါင် ၁၀၅ သန်းနှင့် ဂါရက်ဘေးလ်ကို ရီးရဲမက်ဒရစ်ခေါ်ပြီ — စာ - ၁၄

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း — စာ - ဂ

ဩဂုတ် ၃ ရက်က ရန်ကုန်မြို့လယ် ဆူးလေဘုရားအနီး မြို့တော်ခန်းမရှေ့၌ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လျက်ရှိသော နိုင်ငံခြားသားခရီးသွားဧည့်သည်များ ထူးထူးခြားခြား စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ရွှေအင်းသား ခင်မောင်ဝင်း

ထစ်ချုန်းမိုး

၄-၈-၂၀၁၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ပြောင်းနှင့် သီးပင်စားပင်များမှရသည့် အက်သလင်းအသုံးပြုထုပ်ပိုးပစ္စည်းများ ကုန်ပစ္စည်းထုပ်ပိုးရာတွင် ပိုမိုခံနိုင်ရည်ရှိ

ဝေယံဦး ➤ ရေးသားသည်

ပြောင်းနှင့် အခြားသောသီးပင်စားပင်များမှ ထုတ်ယူရရှိသော ethylene အသုံးပြုထုတ်ကုန်ပစ္စည်းများသည် ရော်ဘာအခြေပြုထုတ်ကုန်များနှင့် ရေနံအခြေပြုထုတ်ကုန်များထက် ကုန်ပစ္စည်းများထုပ်ပိုးရာတွင် ပိုမိုခံနိုင်ရည်ရှိပြီး အရည်အသွေးပိုမိုကောင်းမွန်ကြောင်း စက်မှုနှင့် ဓာတုအင်ဂျင်နီယာ သုတေသနဆိုင်ရာ အေစီအက်စ်ဂျာနယ်၌ ဖော်ပြသည်။

နေ့စဉ် ထုတ်ကုန်များအတွက် အရေးပါဆုံးကုန်ကြမ်းအများအပြားမှ တစ်မျိုးဖြစ်သည့် ရေနံအခြေပြုထုတ်ကုန်ဖြစ်သော ethylene ဟု ခေါ်သော ဓာတုပစ္စည်းတစ်မျိုးကို တရုတ်သုတေသနပညာရှင်ယန်ကျီယူနှင့် အဖွဲ့က လေ့လာသုတေသနပြု တွေ့ရှိခဲ့ကြသည်။

အဆိုပါ ethylene သည် ကမ္ဘာတစ်ဝန်းတွင် ကျယ်ပြန့်စွာ အသုံးပြုနေသော အလွန်ပါးလွှာပြီး ပျော့ပျောင်းကာ ကုန်ပစ္စည်းများ ထုပ်ပိုးရာတွင် အသုံးပြုနေသည့် ပလတ်စတစ်ကဲ့သို့ ပစ္စည်းအပါအဝင် အမျိုးအမည်ရာပေါင်းများစွာသော ထုပ်ပိုးပစ္စည်းများနှင့် အိတ်များပြုလုပ်ရာတွင် အဓိကပါဝင်ကြောင်း ၎င်းတို့က တွေ့ရှိခဲ့ကြသည်။

ယင်း ethylene ကို ရေနံမှအခြေပြုထုတ်ယူခြင်းမပြုဘဲ အခြားသော သဘာဝသယံဇာတနှင့် စားပင် သီးပင်များမှ ရယူနိုင်ခြင်းရှိမရှိ

စာမျက်နှာ ၃ ကော်လံ ၃ ◆



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အခြေခံကျသောသန်းခေါင်စာရင်း

တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို တွက်ချက်ရာတွင် လူဦးရေသန်းခေါင်စာရင်း တိကျခိုင်မာ မှန်ကန်ရေးသည် အရေးကြီးဆုံးဖြစ်ပါသည်။ လူဦးရေ တိကျမှန်ကန်ပါမှ စီးပွားရေး စီမံကိန်းများ ဖော်ဆောင်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အခြေခံကျသော လူဦးရေသန်းခေါင်စာရင်းတွင် အမှန်တကယ်လူဦးရေနှင့် စာရင်းဇယားတို့ ကွာဟနေမည်ဆိုပါက ဖော်ဆောင်သော စီးပွားရေးစီမံကိန်းသည်လည်း လွဲချော်မှုများ ရှိနေမည်မှာ သေချာပါသည်။

သန်းခေါင်စာရင်းသည် စီးပွားရေးစီမံကိန်းများတွင်သာမက အခြားသောမည်သည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ သန်းခေါင်စာရင်းသည် အဓိကအကျဆုံးဖြစ်ပါသည်။ ဥပမာ အားဖြင့် ကျန်းမာရေးနှင့် ပတ်သက်ပြီး ကျေးလက်ဒေသနေ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးမည် ဆိုပါက အမှန်တကယ် ကျေးလက်ဒေသနေပြည်သူ မည်မျှရှိသည်ကို သိဖို့လိုအပ်မည်ဖြစ်ပါသည်။ ကျေးလက်ဒေသနေ ပြည်သူများ၏ စာရင်းဇယားကို တိကျစွာသိရပါမှ ယင်းတို့အား ပေးအပ်မည့် ဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ကူညီပေးနိုင်မည့် အနေအထားကို မှန်ကန်စွာဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

အလားတူ အခြားသောစီးပွားရေးစီမံကိန်းများ၊ ပညာရေးစီမံကိန်းများ၊ လူမှုရေးအကူအညီများ ဖော်ဆောင်ပေးရာတွင် သန်းခေါင်စာရင်းသည် အခြေခံတိကျမှန်ကန်ရန် အရေးကြီးပါသည်။

သို့အတွက် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော် ကောက်ယူခြင်းမရှိသော လူဦးရေသန်းခေါင်စာရင်းကို လာမည့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူသွားရန် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေပြီဖြစ်ပါသည်။ ''လူည်းနေ၊ လေ့အောင်း၊ မြင်းဖောင်းမကျန်''ဆိုသည့်စကားအတိုင်း လူဦးရေသန်းခေါင်စာရင်းကို လာမည့် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ စုစုပေါင်း ၁၂ ရက်တိုင်တိုင် နိုင်ငံတစ်ဝန်း လူဦးရေသန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှုကို လေ့လာကြည့်လျှင် ၁၈၇၁ ခုနှစ်မှစပြီး စတင်ဆောင်ရွက်ခဲ့ကာ ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းကို ၁၉၄၁ ခုနှစ်အထိ အချိန်မှန်ကောက်ယူခဲ့ကြောင်း သိရသည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တစ်နိုင်ငံလုံး ပြည့်စုံသောသန်းခေါင်စာရင်းကို ၁၉၇၃ ခုနှစ်တွင်တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင်တစ်ကြိမ် ကောက်ယူခဲ့သည်။ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂၈ ဒသမ ၉၂ သန်းရှိပြီး ၁၉၈၃ ခုနှစ်တွင် လူဦးရေ ၃၅ ဒသမ ၃၀ သန်းရှိခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ လူဦးရေသည် သန်း ၆၀ ကျော်ရှိလာပြီဖြစ်ကြောင်း ခန့်မှန်းတွက်ချက် ပြောဆိုနေကြပါသည်။ ယင်းလူဦးရေစာရင်းကို တိကျစွာ အဖြေထုတ်ပေးနိုင်သည့် နည်းလမ်းသည် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းပင် ဖြစ်ပါသည်။ သို့ဖြစ်၍ လာမည့်နှစ် သန်းခေါင်စာရင်းကောက်ယူချိန်တွင် လူဦးရေကိန်းဂဏန်းများ တိကျမှန်ကန်ရေး ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ လစ်ဟင်းမှားယွင်းမှုများမရှိအောင် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

တောင်သူများအနေဖြင့် နောက်ထပ်သီးနှံစိုက်ပျိုးရန်အတွက် မျိုးစေ့နှင့် စိုက်ပျိုးရေးစရိတ်များ လိုအပ်လျက်ရှိ

နေပြည်တော် ဩဂုတ် ၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက နွားထိုးကြီးမြို့နယ် ပြင်စည်ကျေးရွာ သီရိမင်္ဂလာကံစွယ်ကျောင်းတိုက်၌ ကျေးရွာအုပ်စု ၁၆ အုပ်စုမှ တောင်သူများနှင့် တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ် အချက်အလက်များ၊ မိုးဦးသီးနှံစိုက်ပျိုးထားရှိမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ နှမ်းသီးနှံရိတ်သိမ်းပြီးစီးမှုနှင့် ထွက်ရှိမှု၊ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးမှု၊ မိုးနှမ်းသီးနှံပျက်စီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ လာရောက်ခြင်းသည် နွားထိုးကြီးမြို့နယ်၌ မိုးခေါင်မှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးလျက်ရှိသည့် အခြေအနေမှန်ကို သိရှိနိုင်ရန်နှင့် နောက်ထပ်သီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့်လိုအပ်သည်များ ပံ့ပိုးနိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့ သီးနှံစိုက်ပျိုးမှု၊ အောင်မြင်ဖြစ်ထွန်းမှုနှင့်ပျက်စီးမှု၊ အထွက်နှုန်း၊ စိုက်ပျိုးစရိတ်၊ သီးနှံရောင်းချမှုကြောင့် အရှုံး/အမြတ်၊ နောက် သီးနှံစိုက်ပျိုးမှုအတွက် နိုင်ငံတော်က ပံ့ပိုးပေးစေလိုသည့် အကူအညီများကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန် ပြောကြားသည်။

အလားတူ ဖလံကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ တောင်သူ ၃၀၀ ခန့်နှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၃၁ ရက်တွင် ဝက်လူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအုပ်စု ၁၃ အုပ်စုမှ တောင်သူ ၃၅၀၊ လုံးတောကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ စိတ္တသုခမွာရုံ၌ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ တောင်သူ ၄၅၀ တို့နှင့် တွေ့ဆုံသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် နွားထိုးကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ တောင်သူ ၂၅၀ ခန့်နှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

နွားထိုးကြီးမြို့၌ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသဖြင့် နှမ်း၊ ပဲစင်းငုံ၊ မြေပဲ စသည့်သီးနှံများ ပျက်စီးလျက်ရှိရာ မိုးနှမ်း ၁၅၇၂၈၇ ဧက စိုက်ပျိုးထားရှိသည့်အနက် ၅၉၁၃ ဧကမှာ လုံးဝပျက်စီးခဲ့ပြီး ၂၀၄၈၇ ဧကမှာ ထိခိုက်မှုများ ကြုံတွေ့နေကြရသည်။

တောင်သူများအနေဖြင့် နောက်ထပ်သီးနှံစိုက်ပျိုးရန်အတွက် မျိုးစေ့နှင့် စိုက်ပျိုးရေးစရိတ်များ လိုအပ်လျက်ရှိကြောင်း၊ နှစ်စဉ် မိုးခေါင်မှုကြောင့် မြစ်ရေတင်စီမံကိန်း (သို့မဟုတ်) မြေအောက်ရေစီမံကိန်းများ ဆောင်ရွက်ပေးရန်၊ တောင်ယာလုပ်ငန်းမှာ ရာသီဥတုအပေါ် များစွာမှီခိုနေရသည့်အတွက် မြို့နယ်အတွင်း စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ပေးရန် လိုအပ်ကြောင်းနှင့် ယခုနှစ် မိုးဦးသီးနှံများ ပျက်စီး၍ ဩဂုတ်လအတွင်း မိုးရွာသွန်းမှသာ ထပ်မံစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ထရန်စဖော်မာအနီး မြက်ပင်ချုံနွယ်များ ရှင်းလင်းစေလို

ထင်သာမြင်သာ ပြုပြင်စရာ

ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် မော်ကန်(၈)လမ်းရှိ (315KVA) ထရန်စဖော်မာသည် ချုံများ၊ မြက်ပင်ရှည်များ ပိတ်အုပ်နေပြီး ရေများလည်း ဝိုင်းရံလျက်ရှိသည့်အတွက် ရပ်ကွက်နေပြည်သူများ လျှပ်စစ်အန္တရာယ် စိုးရိမ်နေရကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရှိရသည်။

သန့်စင်

ကျေးလက်ဒေသ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

တာမိုးညဲ ဩဂုတ် ၃

ပြည်သူဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ပြည်သူများ အသိပညာဗဟုသုတ တိုးပွားပြီး ကျေးလက်ဒေသဆင်းရဲမှု လျှော့ချရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေးအတွက် စာဖတ်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းကို ဇူလိုင် ၂၅ ရက်က မူဆယ်ခရိုင် တာမိုးညဲမြို့ အမှတ် (၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်အေးနှင့် ရုံးအဖွဲ့၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ပေးအပ်

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်ရာတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာဖတ်ခြင်းအကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြော ရှင်းလင်းပြီး တက်ရောက်လာသူ ပြည်သူများ စာဖတ်ပြိုင်ပွဲ ပြုလုပ်စေကာ စာဖတ်စွမ်းရည် အကောင်းဆုံးဆုရရှိသူ မဇင်မာဝင်းအား အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းဝေက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

❑ ရှေ့ဖုံးမှ

စိုက်ပျိုးမြေယာများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းအခြေအနေများမှာ ၅၀ ရာခိုင်နှုန်းနီးပါး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကော်မတီအနေဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအပိုင်းနှင့် စီမံကိန်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှု နည်းနိုင်သမျှနည်းအောင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုစီးပွားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများအနေဖြင့်လည်း ပြန်လည်ပြင်ဆင်ချုပ်ဆိုခဲ့သော စာချုပ်အရ စီမံကိန်းဒေသအတွင်း လူမှုရေးတာဝန်ယူမှုလုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းများ စတင်ချိန်တွင် အမေရိကန်ဒေါ်လာတစ်သန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း။

ထုတ်လုပ်ရေးလုပ်ငန်းများ စတင်ပါက တစ်နှစ်လျှင် အကျိုးအမြတ်၏ နှစ်ရာခိုင်နှုန်းအား ပြန်လည်ပေးအပ်သွားမည်ဖြစ်သောကြောင့် စီမံကိန်းမှ ထုတ်လုပ်ရေးလုပ်ငန်းများ လျင်မြန်စွာ စတင်လည်ပတ်နိုင်ပါက မိမိတို့ဒေသအတွက် အကျိုးရှိသော ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မိဘပြည်သူများ၏ခံစားချက်ကို စာနာနားလည်၍ ကိုယ်ချင်းစာတရားနှင့် ယှဉ်တွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကော်မတီလုပ်ငန်းအလိုက် ဖွဲ့စည်းပေးထားသည့် အဖွဲ့များအနေဖြင့် တိုင်းဒေသကြီးအစိုးရ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စီမံကိန်းနှင့် ပတ်သက်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက စီမံကိန်းစာချုပ်သစ်ပါ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အကြောင်းအရာများကို တင်ပြဆွေးနွေးသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက စီမံကိန်းနယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ဒေသခံပြည်သူများအား ပြင်ဆင်ချုပ်ဆိုထားသည့် စာချုပ်အသစ်နှင့် ပတ်သက်သည့် အကြောင်းအရာများအား ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းနိုင်ရေးတင်ပြဆွေးနွေးရာ ကော်မတီဥက္ကဋ္ဌက ထပ်မံဖြည့်စွက်ရှင်းလင်းသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူတို့က တင်ပြဆွေးနွေးကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အသစ် ပြင်ဆင်ချုပ်ဆိုထားသည့် စာချုပ်ပါ အကြောင်းအရာ အချက်အလက်များ၊ စီမံကိန်းဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းဆွေးနွေးသွားနိုင်ရေးနှင့် စီမံကိန်းအတွက် ဖွဲ့စည်းထားသည့်အဖွဲ့ခေါင်းဆောင်များ၊ ဒုတိယအဖွဲ့ခေါင်းဆောင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပေါင်းစည်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မဲခေါင်ဒေသတွင်းနိုင်ငံများမှ လူငယ်များ၏အခန်းကဏ္ဍပိုမိုအရေးပါလာ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ(**ယာပုံ**)သည် ဩဂုတ် ၂ ရက် ညနေ ၅ နာရီခွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မဲခေါင်ဒေသလူငယ်များ ချစ်ကြည်ရေးအဖွဲ့နှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ယနေ့တွေ့ဆုံရသော လူငယ်ကိုယ်စားလှယ်များသည် မဲခေါင်မြစ်ကြီးဖြတ်သန်းရာ တစ်လျှောက်ရှိနိုင်ငံများမှ ဖြစ်သောကြောင့် ညီရင်းအစ်ကို မောင်ရင်းနှမများပင်ဖြစ်ကြောင်း၊ မဲခေါင်ဒေသတွင်း လူငယ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု မြင့်မားလာစေရေး ရည်ရွယ်သော ခရီးစဉ်တစ်ခုဖြစ်ကြောင်း၊ အာရှတွင် မဟာမဲခေါင်ဒေသ၏အရေးပါမှုသည် ပိုမိုထင်ရှားလာသကဲ့သို့ မဲခေါင်ဒေသတွင်း နိုင်ငံများမှလူငယ်များ၏အခန်းကဏ္ဍသည်လည်း ပိုမိုအရေးပါလာပါကြောင်း၊ ထို့ကြောင့် မဲခေါင်ဒေသ၏ အနာဂတ်ကို အတူတကွ ဖန်တီးကြမည့်လူငယ်များသည် ယခုခရီးစဉ်တွင်

ရရှိခဲ့သော ချစ်ကြည်ရင်းနှီးမှုမှ တစ်ဆင့် ဒေသတွင်းတည် ငြိမ်အေးချမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လက်တွဲပူးပေါင်းဆောင်ရွက်လိုစိတ်များ ထက်သန်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို ကျရာနေရာမှ လုပ်ဆောင်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မဲခေါင်ဒေသလူငယ်များ ချစ်ကြည်ရေးအဖွဲ့ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံမှ Mr. Hour Chhunkry က ကျေးဇူးတင်စကား ပြောကြားသည်။

တွေ့ဆုံပွဲအပြီး မဲခေါင်ဒေသလူငယ်များ ချစ်ကြည်ရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော်သောလမ်းမှာ စမ်းတဝါးဝါးမဖြစ်ရလေအောင်

သတင်းခရီးသည်တစ်ဦး

နိုင်ငံတော်၏ ပြောင်းလဲတိုးတက်လာခြင်းများနှင့်အတူ နိုင်ငံတကာမှ ဧည့်သည်များသည် ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထဲထဲဝင်ဝင် သွားလာနေကြပြီကို ဒေသခံပြည်သူအများ ထင်ထင်ရှားရှား မြင်တွေ့နေကြရပြီဖြစ်ပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံတော်၏ ဒုတိယမြို့တော်ဖြစ်သော မဟာရန်ကုန်၌ နိုင်ငံခြားဧည့်သည်များသည် အုပ်စုဖြင့်သော်လည်းကောင်း၊ မိသားစုအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းမှ နှစ်ယောက်တစ်တွဲဖြင့်သော်လည်းကောင်း၊ မြို့လယ်ကောင်လမ်းများပေါ်၌ ကူညီမည့် ဧည့်လမ်းညွှန်မပါ။ လမ်းညွှန်စာအုပ် ကိုယ်စီကိုင်လျက် ပြည်သူများအကြား သွားသွားလာလာ ခြေဆန့်နေကြပါသည်။

သို့သော် သူတို့၏အခက်အခဲမှာ လမ်းညွှန်စာအုပ်လေးကို ကြည့်လိုက်၊ တိုက်နံရံများပေါ်၌ ရှိတတ်သော လမ်းအမည်၊ လမ်းနံပါတ်များကို ရှာဖွေလိုက်ဖြင့် ပျော်သောလမ်းမှာစမ်းတဝါးဝါးနှယ်. . .။ ခေတ်စကားဖြင့်ဆိုရသော် "ရှာလည်နေသည်" ဟု ပြောရမည်ပင်ဖြစ်ပါသည်။

ယခုနောက်ပိုင်း ရန်ကုန်မြို့တွင် တိုက်တာများပြန်လည်တည်ဆောက်ခြင်းတို့ များပြားလာခဲ့သည်။ ထိုထိုသော တိုက်တာသစ်များတွင် အထက်ကဆိုခဲ့သလို လမ်းအမည်၊ လမ်းနံပါတ်တို့ကို များသောအားဖြင့် ပြန်လည်တပ်ဆင်ခြင်း ကင်းမဲ့နေပြီး တိုက်တာဟောင်းတို့တွင်လည်း ယခင်ရှိပြီးသား လမ်းအမည်၊ လမ်းနံပါတ်တို့မှာ ပြုတ်ကွာ ပျောက်ပျက်လျက်ရှိနေသည်။ ထို့အပြင် ထပ်မံချိတ်ဆွဲလာသော စီးပွားရေးကြော်ငြာဆိုင်းဘုတ်များကြောင့်လည်း လမ်းအမည်၊ လမ်းနံပါတ်တို့မှာ ပျောက်ကွယ်နေရသည်။

မကြာမီသော ကာလအတွင်း အာဆီယံဥက္ကဋ္ဌ ရာထူးအပြောင်းအလဲနှင့်အတူ အရှေ့တောင်အာရှအားကစားပွဲကြီး ခြိမ့်ခြိမ့်သဲကျင်းပတော့မည်ဖြစ်ရာ နိုင်ငံခြားဧည့်သည်များ ယနေ့ထက် ပိုမိုဝင်ရောက်လာပါတော့မည်။ သို့ဖြစ်ရာ နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့အဖြစ် လာရောက်ကြသော ဧည့်သည်များ

မျက်စိမလည် လမ်းမမှား၊ ပျော်သောလမ်းမှာ စမ်းတဝါးဝါးမဖြစ်ရလေအောင် လိုအပ်သောကွက်လပ်လေးများ အချိန်မီဖြည့်ဆည်းနိုင်ရေးအတွက် အကြံပြုတင်ပြလိုက်ရပါသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ စာပေရေချမ်းစင်များ ကျန်းမာရေးဂျာနယ်အခမဲ့ ထုတ်ယူနိုင်

ရန်ကုန် ဩဂုတ် ၃

စာပေဗဟုသုတအဖြာဖြာကို အချိန်တိုအတွင်း လွယ်လင့်တကူ လက်လှမ်းတမီ လေ့လာဖတ်ရှုနိုင်ရေးကိုရည်ရွယ်ကာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက "စာပေရေချမ်းစင်" များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သက်ဆိုင်ရာမြို့နယ်များရှိ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ ဈေး၊ ကျောင်းနှင့် သင့်တင့်ရာနေရာတို့၌ ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါစာပေရေချမ်းစင်များသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့်အလှူရှင်များ လှူဒါန်းသော ဘာသာရပ်ဆိုင်ရာ စာအုပ်စာစောင်များကို စဉ်ဆက်မပြတ် ဖြည့်တင်းပေးကာ ပြည်သူများ၏စာအုပ်စာပေလေ့လာဖတ်ရှုမှုမြင့်မားရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အတိုင်ပင်ခံအယ်ဒီတာလင်း(ဆေး-၁) ဦးစီးပြီး နှစ်ပတ်တစ်ကြိမ်(သောကြာနေ့တိုင်း)ထုတ်ဝေလျက်ရှိသော Health info ကျန်းမာရေးဂျာနယ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ပြီး "စာပေရေချမ်းစင်" သို့ လှူဒါန်းခြင်းဖြင့် ပြည်သူများကျန်းမာရေး အသိပညာဗဟုသုတ ပိုမိုသိရှိလိုက်နာနိုင်ရေးကို ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ပြီး စာပေရေချမ်းစင်များအနေဖြင့် Health info ကျန်းမာရေးဂျာနယ်ကို "အခမဲ့" ရယူလိုပါက သက်ဆိုင်ရာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ဂျာနယ်တိုက်တည်ရှိရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၂) လမ်း (အထက်) အမှတ် (၁၂၈/၃လွှာ)(ဝဲ) ဖုန်း-၀၁-၃၈၀၃၉၁၊ ၀၉-၄၂၀၀၀၄၄၇ တို့သို့ ယခုဩဂုတ် ၉ ရက် (သောကြာနေ့) ထုတ် အတွဲ (၂) အမှတ် (၂)မှစ၍ ရက်သတ္တနှစ်ပတ်လျှင်တစ်ကြိမ် ရုံးချိန်အတွင်း (တနင်္ဂနွေနေ့မပါ) လာရောက်ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သိရှိရသည်။ **(ကိုချစ်)**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေခဲ့သော အပူပိုင်းမုန်တိုင်း "ဂျီဘီ"(JEBI) သည် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဟန္နိုင်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

◆ ရှေ့ဖုံးမှ

သုတေသနပြုလေ့လာခဲ့ရာမှ ပြောင်းဖူးနှင့် အခြားသီးပင်စားပင်များတွင် အဆိုပါဓာတုပစ္စည်းကို ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ရှာဖွေတွေ့ရှိပြီးနောက် လက်တွေ့အကောင်အထည်ဖော်စမ်းသပ်ခဲ့ရာ ရေနံအခြေပြု ထုတ်ကုန်များဖြင့် ထုတ်လုပ်ထားသော ထုပ်ပိုးပစ္စည်းထက် ပြောင်းဖူးနှင့် အခြားသီးပင် စားပင်များမှ ထုတ်ယူရရှိသော ethylene က ပိုမိုအရည်အသွေးကောင်းမွန်ပြီး ကုန်ကျစရိတ်လည်း သက်သာကာ ဘေးထွက်ဆိုးကျိုးများလည်း မဖြစ်ပေါ်စေကြောင်း တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

✻ ကျောဖုံးမှ

နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၂၂)မတိုင်မီ ချန်ပီယံအသင်းအဖြစ် ရန်ကုန်ယူနိုက်တက်၊ ဒုတိယဆုရအသင်းအဖြစ် နေပြည်တော်၊ တန်းဆင်းရမည့်အသင်းများအဖြစ် ဟံသာဝတီအသင်းနှင့် ရခိုင်အသင်းတို့ ထွက်ပေါ်ခဲ့ပြီဖြစ်သည်။

နိုင်ငံတကာသတင်း

အီရန်သမ္မတရာထူး ရူဟာနီ လွှဲပြောင်းရယူပြီ

တီဟီရန် ဩဂုတ် ၃

အီရန်သမ္မတအဖြစ် ရွေးချယ်ခံထားရသော ဟက်ဆန်ရူဟာနီသည် မာမွတ်အာမက်ဒီနီဂျက်ထံမှ ဩဂုတ်၂ ရက်က အီရန်သမ္မတရာထူးကို တရားဝင် လွှဲပြောင်းရယူလိုက်ပြီဖြစ်ကြောင်း အီရန်အရာရှိများက ဩဂုတ် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံမြို့တော် တီဟီရန်၌ ဩဂုတ် ၂ ရက်က သမ္မတရာထူးလွှဲပြောင်းရယူသည့် အခမ်းအနားကို ကျင်းပခဲ့သည်။ အီရန်သမ္မတဖြစ်လာသော ဟက်ဆန်ရူဟာနီသည် ပြီးခဲ့သည့်ဇွန်လက ကျင်းပသော ရွေးကောက်ပွဲ၌ အနိုင်ရရှိစဉ် အီရန်၏နိုင်ငံတကာရေးရာ ကိစ္စရပ်များနှင့် အီရန်နိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်သွားမည်ဟု ကတိပြုခဲ့သည်။

အီရန်သမ္မတ ဟက်ဆန်ရူဟာနီ၏ရုံးအဖွဲ့သည် ဩဂုတ် ၁ ရက်မှ စတင်ပြီး ရုံးလုပ်ငန်းများကိုလွှဲပြောင်းရယူကာ လုပ်ငန်းများစတင်ခဲ့သည်။ အီရန်သမ္မတ ဟက်ဆန်ရူဟာနီသည် ဩဂုတ် ၃ ရက်တွင် ပြည်သူများအား သမ္မတတစ်ဦး အနေဖြင့် ပထမဆုံးမိန့်ခွန်းပြောကြားသည်။

အသက် ၆၄ နှစ်အရွယ်ရှိ အီရန်သမ္မတ ဟက်ဆန်ရူဟာနီသည် အီရန်နိုင်ငံတွင် ၁၉၇၉နှစ်ကဖြစ်ပွားခဲ့သော အီရန်တော်လှန်ရေးမတိုင်မီက အစ္စလာမ့်လှုပ်ရှားတက်ကြွသူတစ်ဦးဖြစ်ခဲ့သည့်အပြင် အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာ ညှိနှိုင်းရေးမှူးတစ်ဦးလည်းဖြစ်ခဲ့သည်။

အီရန်နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး အချို့ဥပဒေရေးရာကိစ္စများကို ပြောင်းလဲမှုများပြုလုပ်သွားမည်ဖြစ်သည်။

အီရန်နိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်းနှင့် နိုင်ငံ၏စီးပွားရေးကို ထိခိုက်နစ်နာစေသည့် နိုင်ငံတကာမှ အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းစေရန်လည်းကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။ **(ဘီဘီစီ)**

စင်ကာပူနှင့် မလေးရှား အမြန်ရထားလမ်း တည်ဆောက်မည်

စင်ကာပူ ဩဂုတ် ၃

စင်ကာပူနှင့် မလေးရှားနိုင်ငံ အကြား အမြန်ရထားလမ်း ဆက်သွယ်ဖောက်လုပ်မည့် ကွာလာလမ်ပူ- စင်ကာပူရထားလမ်းတည်ဆောက်ရေးအတွက် နောက်ဆုံးအစီရင်ခံစာတင်ပြခဲ့ပြီဖြစ်ကြောင်း နယူးအာရှသတင်းဌာနမှ ထုတ်ပြန်ကြောင်း ဆင်ဟွာက ဩဂုတ် ၃ ရက်တွင် ဖော်ပြသည်

မလေးရှားပြည်သူ့ သယ်ယူပို့ဆောင်ရေးကော်မရှင် အမှုဆောင်အရာရှိချုပ်မိုဟာမက်ကာမာက ပြောကြားရာတွင် နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး သဘောတူမှုလည်း ရရှိခဲ့ပြီဖြစ်ကြောင်း နှစ်ဖက်အပြီးသတ် တွေ့ဆုံမှုများကို ဩဂုတ်လကုန်၌ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအမြန်ရထားလမ်းသည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ပြီး လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးမည်ဟု မျှော်မှန်းထားသည်။ ၎င်းအမြန်ရထားလမ်း တည်ဆောက်ပြီးပါက မလေးရှားနှင့် စင်ကာပူနှစ်နိုင်ငံအကြား မိနစ် ၉၀ ခန့်ဖြင့် သွားရောက်နိုင်မည်ဖြစ်သည်။ ယင်း အမြန်ရထားလမ်းတည်ဆောက်ရေးအတွက် တရုတ်၊ ဂျပန်၊ ပြင်သစ်နှင့်စပိန်နိုင်ငံတို့ အပါအဝင် အခြားနိုင်ငံများမှ ကုမ္ပဏီများကို တင်ဒါဖိတ်ခေါ်မည်ဖြစ်သည်။

(ဆင်ဟွာ)

ဟွန်ဒူးရပ်စ် အကျဉ်းထောင်များ ထောင်သားများကြီးစိုးထား

တီဂူစီဂယ်ပါ ဩဂုတ် ၃

ဟွန်ဒူးရပ်စ်နိုင်ငံရှိ အကျဉ်းထောင်စုစုပေါင်း ၂၄ ထောင်တွင် ထောင်သားများက ကြီးစိုးကာ အာဏာထိန်းချုပ်ထားကြောင်း၊ နိုင်ငံအစိုးရက ရာဇဝတ်မှုများဖြင့် အကျဉ်းကျနေသူများကို ပြန်လည်ထူထောင်ရေးအနေဖြင့် ယင်းကဲ့သို့ပင် ထားရှိခဲ့၍ဖြစ်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ အင်တာအမေရိကန်ကော်မရှင်က ဩဂုတ် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟွန်ဒူးရပ်စ်ရှိ အကျဉ်းထောင်များသည် အစောင့်အကြပ်လွန်စွာအားနည်းနေပြီး အကျဉ်းသားများ ဆန္ဒရှိပါက အလွယ်တကူပင် လွတ်မြောက်နိုင်သည့်အခြေအနေရှိနေကြောင်း ယင်းကော်မရှင်က ဆိုသည်။

"အကျဉ်းသားတွေက အခုလိုပိုနေမြဲ ကျားနေမြဲအခြေအနေကို ပိုပြီးနှစ်သက်ကြပြီး ထွက်ပြေးဖို့လည်း မလုပ်ကြပါဘူး"ဟု အဆိုးဆုံးသော အကျဉ်းထောင် တစ်ခုဖြစ်သည့် ဆန်ပီဒရိုစူလာ အကျဉ်းထောင် ထောင်မှူးက ကော်မရှင်သို့ ပြောကြားသည်။ ယခုလိုအခြေအနေမျိုးကို ပြောင်းလဲစေနိုင်စွမ်းထောင်အာဏာပိုင်များတွင် လုပ်ပိုင်ခွင့်များ မပိုင်ဆိုင်ထား၍လည်းဖြစ်ကြောင်းအခြားသော အကျဉ်းဦးစီးဌာန တာဝန်ရှိသူများက ဆိုသည်။

အစိုးရ၏ ယခုလိုထောင်များကို မထိန်းချုပ်ဘဲ ပစ်ထားခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် အကျဉ်းထောင်များတွင် ညှိနှိုင်းရေးအုပ်ဟုခေါ်သော အကျဉ်းသားကြီးများက အုပ်စိုးကာ ကိုယ်တိုင်အုပ်ချုပ်ခြင်းများ များပြားလာစေကြောင်း ကော်မရှင်က ပြောကြားသည်။

ညှိနှိုင်းရေးအုပ်များကို အကျဉ်းသားများက ခန့်အပ်ပြီး အကျဉ်းထောင်၏ စည်းမျဉ်းစည်းကမ်းကန့်သတ်ခြင်းများအပါအဝင် ထောင်ဥပဒေကို ၎င်းတို့ဘာသာပြဋ္ဌာန်းနေကြသည်။

အကျဉ်းသားများက ညှိနှိုင်းရေးအုပ်များသည် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုများပြုလုပ်ကြသည်ဟု အများစုက ဆန့်ကျင်ကာ ညည်းညူမှုများလည်း ရှိသည်။

ဟွန်ဒူးရပ်စ်နိုင်ငံ၏ အကျဉ်းဦးစီးဌာန အုပ်ချုပ်ရေးသည် စည်းစနစ်ပိုင်းအားနည်းခြင်းကြောင့် ပြိုလဲသွားနိုင်ခြေသို့ လတ်တလောဦးတည်နေပြီဖြစ်ကြောင်း ကော်မရှင်၏ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ **(အေပီ)**

ဆိုမာလီပင်လယ်ဓားပြသုံးဦး ထောင်ဒဏ်တစ်သက်ချမှတ်

ဝါရှင်တန် ဩဂုတ် ၃

အရှေ့အာဖရိက ကမ်းလွန်ပင်လယ်ပြင်တွင် လွန်ခဲ့သည့် ၂၀၁၁ ခုနှစ်က အမေရိကန်နိုင်ငံသားလေးဦးကို သတ်ဖြတ်ခဲ့သော ဆိုမာလီပင်လယ်ဓားပြသုံးဦးကို အမေရိကန်တရားရုံးတစ်ရုံးက ထောင်ဒဏ်တစ်သက် စီရင်ချက်ချလိုက်ကြောင်း ဩဂုတ် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ဆိုမာလီပင်လယ်ဓားပြသုံးဦးဖြစ်သော အာမက်မွတ်ဆာလက်၊ အဘူကာအိုစမန်ဘေလီနှင့် ရှိတ်အဘာရာတို့အား ပြီးခဲ့သည့်ဇူလိုင်လက သေဒဏ်အပြစ်ပေးခဲ့သော်လည်း ၎င်းတို့၏ ရှေ့နေများက အယူခံဝင်ပြီး ကြိုးစားခဲ့မှုကြောင့် ယခုအခါ ထောင်ဒဏ်တစ်သက်အဖြစ် ပြစ်ဒဏ်ပြောင်းလဲချမှတ်ခဲ့ခြင်းဖြစ်သည်။

ယင်း ဆိုမာလီပင်လယ်ဓားပြသုံးဦးတို့သည် အရှေ့အာဖရိကကမ်းလွန်တွင် အမေရိကန်နိုင်ငံသားများ စီးနင်းလိုက်ပါလာသည့် ရွက်သင်္ဘော အက်စ်၊ ဗွီကွက်ကိုအပိုင်စီးကာ ပြန်ပေးငွေ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာဖြင့် ပြန်ရွေးရန်တောင်းဆိုခဲ့သူများ ဖြစ်သည်။

အမေရိကန်စစ်ရေယာဉ်တစ်စင်းက ကယ်တင်ရန်ကြိုးစားစဉ် အဆိုပါ ဆိုမာလီပင်လယ်ဓားပြများက အမေရိကန်နိုင်ငံသားလေးဦးကို သတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းပင်လယ်ဓားပြများအား ပြန်ပေးဆွဲမှု၊ လူသတ်မှု၊ ပင်လယ်ဓားပြမှုအပါအဝင် အမှုများစွာဖြင့် အမေရိကန်နိုင်ငံဗာဂျီးနီးယားပြည်နယ် နောဖော့ခ်တရားရုံးက ပြီးခဲ့သည့်နှစ်နိုဝင်ဘာလက စတင်ကာ စစ်ဆေးခဲ့ခြင်းဖြစ်သည်။

(ဘီဘီစီ)

နီပေါခရီးသွားလုပ်ငန်းနှင့် ကမ္ဘာ့အမြင့်ဆုံးတောင်

နီပေါနိုင်ငံဟာ ကမ္ဘာ့အမြင့်ဆုံးတောင်လို့ ခေါ်တဲ့ ဧဝရက်တောင်ကြီးရှိနေတာကြောင့် နှစ်စဉ် တောင်တက်ခရီးသွားများ လာရောက်တဲ့အတွက် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ဝင်ငွေရရှိနေပါတယ်။

ဒီတောင်ထိပ်ကိုရောက်တဲ့ ကမ္ဘာလှည့်ခရီးသွားတောင်တက်သမားတွေဟာ နေ့စဉ်ပျမ်းမျှ လူပေါင်း ၂၀၀ မှ ၃၀၀ အထိ ရှိတယ်လို့ နီပေါခရီးသွားအဖွဲ့ရဲ့ မှတ်တမ်းများအရသိရပါတယ်။ နီပေါနိုင်ငံဟာ ဒီကမ္ဘာ့အမြင့်ဆုံးတောင်ကြီးကို အမှီပြုပြီး ဝင်ငွေရရှိနေပေမယ့် ဒီတောင်ကြီးကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ဖို့အတွက် အစီအမံတွေဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါဘူး။

ယခုအခါမှာတော့ နီပေါအစိုးရက ဧဝရက်တောင် ခရီးသွားစူးစမ်း လေ့လာရေး တောင်တက်သမားတွေကို အနီးကပ်လေ့လာအကဲခတ်ဖို့ ဆောင်ရွက်နေပါပြီ၊ ပြောရမယ်ဆိုရင် တောင်တက်သမားတွေကို နီပေါတာဝန်ရှိသူတွေက စည်းကမ်းတင်းကျပ်လာမယ့် အနေအထားရှိပါတယ်။ နီပေါအစိုးရရဲ့ကိုယ်စား အဖွဲ့တစ်ဖွဲ့ကို ဧဝရက်တောင်ခြေမှာ ဌာနရုံးဖွင့်လှစ်ပြီး တောင်တက်စည်းမျဉ်း၊ စည်းကမ်းများနဲ့ အနိုင်ကိုင်တွယ်သွားမယ့်အနေအထားရှိပါတယ်။ ဒီလိုဆောင်ရွက်တာဟာ နီပေါအစိုးရအနေနဲ့ ပထမဆုံးဆောင်ရွက်တာဖြစ်တယ်လို့ဆိုပါတယ်။

ဒီတောင်ခြေမှာထားရှိမယ့် နီပေါကိုယ်စားလှယ်အဖွဲ့က တောင်တက်အဖွဲ့တွေကို ကူညီပေးသွားမယ်လို့ ဆိုပါတယ်။ ကယ်ဆယ်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်းနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစတဲ့ လုပ်ငန်းတွေကိုပါ နီပေါကိုယ်စားလှယ်အဖွဲ့က ဆောင်ရွက်သွားမယ်လို့ဆိုပါတယ်။ ဒီလိုဆောင်ရွက်တာဟာ နီပေါတောင်တက် အကူအထမ်းသမားတွေနဲ့ တောင်တက်သမားတွေအကြား ခိုက်ရန်ဖြစ်ပွားမှုများအပါအဝင် တောင်တက်ရာ တောင်စောင်းများတစ်လျှောက် မတော်တဆမှုများ ဖြစ်ပွားပြီးတဲ့နောက်မှာ ယခုလို အစိုးရက စီစဉ်ခဲ့တာဖြစ်ပါတယ်။ ဧဝရက်တောင်ခြေစခန်းမှာ နီပေါအစိုးရက အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ ထားရှိပြီး တောင်တက်သမားများကို စည်းကမ်းများနဲ့အညီ ဆောင်ရွက်တော့မယ်လို့ ဆိုပါတယ်။

ဒီတောင်တက်ပူးပေါင်းဆောင်ရွက်မှု ဝန်ဆောင်ပေးမှုစင်တာအနေနဲ့ တောင်တက်သမားများ အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်ဖို့ ဆက်သွယ်ရေးနဲ့ လုံခြုံဘေးကင်းသောဝန်ဆောင်မှုများကိုပါ ဆောင်ရွက်ပေးတော့မယ်လို့ သိရပါတယ်။ တစ်ဖက်က စည်းကမ်းတင်းကျပ်လာသော်လည်း တောင်တက်သမားတွေအတွက် လုံခြုံဘေးကင်းစွာ တက်ရောက်သွားနိုင်တော့မှာ ဖြစ်ပါတယ်။ လာမယ့်နှစ် နွေဦးတောင်တက်ရာသီမှစပြီး တောင်ခြေရုံးမှာ နီပေါအစိုးရနဲ့ အုပ်ချုပ်ရေးအဖွဲ့ရုံး ထားရှိတော့မယ်လို့ နီပေါခရီးသွားလုပ်ငန်းမှအရာရှိတစ်ဦးဖြစ်သူ မစ္စတာဘာတာရိုင်းက ပြောဆိုလိုက်ပါတယ်။ လက်ရှိဥပဒေအရ တောင်တက်အဖွဲ့တိုင်းကို နီပေါအစိုးရဝန်ထမ်းတစ်ဦး ဆက်ဆံရေးအရာရှိအဖြစ် တောင်တက်ခရီးစဉ်မှာ လိုက်ပါပေးဖို့လိုအပ်လိမ့်မယ်လို့ ဆိုပါတယ်။ သို့သော်လည်း မြို့တော် ခတ္တမန္ဒူမြို့မှလွဲ၍ ဆက်ဆံရေးအရာရှိပေးခြင်းမရှိဟု သိရပါတယ်။

ဒါကြောင့် လာမယ့်တောင်တက်ရာသီမှစပြီး နီပေါအစိုးရအနေနဲ့ ကမ္ဘာတစ်ဝန်းက တောင်တက်ခရီးသွားများအတွက် စည်းကမ်းတင်းကျပ်လာမည်ဖြစ်သော်လည်း တောင်တက်သမားများအတွက် လုံခြုံဘေးကင်းမှုအပါအဝင် အကောင်းဆုံးဝန်ဆောင်မှုများပေးနိုင်တော့မယ်လို့ သိရပါတယ်။ ။

အင်္ဂါဂြိုဟ်သို့ ခြေချနိုင်ရေး ဗြိတိန်ကြိုးစားနေ

ဗြိတိန်နိုင်ငံမှ အာကာသသုတေသနပညာရှင်များက လာမည့် ၂၀၂၂ ခုနှစ်တွင် အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ အာကာသယာဉ်မှူးများစေလွှတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် ပထမဆုံးလူသားများ ခြေချနိုင်ရေးအတွက် နာဆာထက် ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေကြောင်း သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံမှ အာကာသရေးရာသုတေသနပညာရှင်များသည် အင်္ဂါဂြိုဟ်သွား အာကာသယာဉ်တွင် အာကာသယာဉ်မှူးသုံးဦး လိုက်ပါစီးနင်းနိုင်သည့် အာကာသယာဉ်ငယ်တစ်စင်းကို တည်ဆောက်ရန်စီစဉ်လျက်ရှိသည်။

အမေရိကန် အမျိုးသားအာကာသအေဂျင်စီကမူ အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ အာကာသယာဉ်မှူးများ ခြေချနိုင်ရေးအတွက် ၂၀၃၃ခုနှစ်မှသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ပြောကြားထားသည်။ ထို့ကြောင့် ဗြိတိန်တို့က နာဆာထက် ၁၂ နှစ်အချိန်စောကာ အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ ရောက်ရှိနိုင်မည်ဟု မျှော်မှန်းထားသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံမှ အာကာသရေးရာ သုတေသနပညာရှင်အချို့က လာမည့်ရှစ်နှစ်အတွင်း အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ လေ့လာရေးယာဉ်တစ်စင်း စေလွှတ်နိုင်ရေး ကြိုးစားသွားမည်ဟု ပြောကြားလျက်ရှိသည်။ ယင်းခရီးစဉ် အောင်မြင်ပြီးနောက် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ အာကာသယာဉ်မှူးများ စေလွှတ်မည့်ခရီးစဉ်ကို ဆက်လက်ကြိုးစားမည်ဟု ဆိုသည်။

မိမိတို့သည် အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ စက်ရုပ်လေ့လာရေးယာဉ်တစ်စင်းကို ကနဦးလွှတ်တင်ပြီး လေ့လာမှုများပြုလုပ်နေမည်ဟု ဗြိတိန်နိုင်ငံမှ အာကာသသုတေသနပညာရှင်များ အဖွဲ့ခေါင်းဆောင် ပါမောက္ခတွမ်ပက်ကပြောကြားသည်။

အင်္ဂါဂြိုဟ်ပေါ်တွင် ကမ္ဘာ့ဆွဲအားလွတ်ကင်းမှုကြောင့် အာကာသယာဉ်မှူးများ၏ ခန္ဓာကိုယ်ကြွက်သားများ အားပျော့ကာ ကြုံလှီသွားခြင်းနှင့် ခန္ဓာကိုယ်အရိုးအဆစ်များ ကြွပ်ဆတ်ကျိုးပဲ့နိုင်မှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် အင်္ဂါဂြိုဟ်အတုဖြင့် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ထားသင့်ကြောင်း ၎င်းကအကြံပြုသည်။

အာကာဟိန်း-ရေးသည်

နိုင်ငံတကာသတင်း

မိခင်နို့ရည်ကြာကြာသောက်စို့ရသော ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးမြင့်မား

မိခင်နို့ရည်ကို ကြာရှည်စွာ သောက်စို့ခဲ့ရသော ကလေးငယ်များသည် ဘာသာစကားကို ပိုမိုနားလည်နိုင်စွမ်းရှိပြီး အရွယ်ရောက်ချိန်တွင်လည်းဉာဏ်ရည်မြင့်မားကြကြောင်း အမေရိကန်သုတေသနပညာရှင်တစ်စုက ပြောကြားသည်။

မွေးကင်းစကလေးများတွင် မိခင်နို့ရည်တိုက်ကျွေးခြင်းသည် ကျန်းမာရေးအကျိုးရလဒ်ကောင်းများရရှိစေကြောင်း ယခင်သုတေသနပြုတွေ့ရှိထားသော်လည်း ကလေးငယ်များသိမြင်နားလည်တတ်မှုနှင့် ဖွံ့ဖြိုးမှုပိုင်းအတိုင်းအဆကိုမူ ကျိန်းသေပြောဆိုနိုင်ခြင်း နည်းပါးခဲ့ကြောင်း ဘော်စတွန်ကလေးဆေးရုံမှ သုတေသနပညာရှင်များ၏ ပြောပြချက်အရ သိရသည်။

Viva ဟု အမည်ပေးထားသည့် ယခုသုတေသနစီမံကိန်းတွင် ကလေးမီးဖွားသော အမျိုးသမီး ၁၃၀၀ ကျော်ပါဝင်ပြီး သုတေသနပြုခဲ့သည်။ ယင်းစီမံကိန်းသည် ကိုယ်ဝန်ဆောင်ချိန် မီးမဖွားမီ ကရိကထများနှင့် ကလေးငယ်တို့ ကျန်းမာရေးဆက်စပ်မှုကို ဆန်းစစ်သုတေသနပြုခြင်းဖြစ်သည်။

သုံးနှစ်မှ ခုနစ်နှစ်ကြားအရွယ် ကလေးငယ်များ၏ သိမြင်နားလည်တတ်မှုစွမ်းဆောင်ရည်ကို အကဲဖြတ်ဆန်းစစ်သည်။ "မိခင်နို့ရည်အချိန်ကြာကြာသောက်စို့ကြရတဲ့ ကလေးများနဲ့ မိခင်နို့တစ်မျိုးတည်းသာ အထူးသီးသန့်သောက်စို့ရတဲ့ကလေးများမှာ အသက်သုံးနှစ်လောက်မှာ ဘာသာစကားနားလည်မှုစွမ်းရည်ပို၍ ကောင်းစွာဖွံ့ဖြိုးပါတယ်။ စကားလည်းအလွန်ကြွယ်ပြီး ခုနစ်နှစ်သားအရွယ်မှာဆိုလျှင် ဉာဏ်ရည်ပိုမြင့်မားနေကြတာကို တွေ့ရှိရပါတယ်"ဟု သုတေသနပညာရှင်များက ဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။

တစ်လတာမျှ နို့ချိုတိုက်ကျွေးခြင်းသည် ကလေးငယ်တို့တွင် သုံးနှစ်သားအရွယ်၌ ဘာသာဗေဒအပေါ် နားလည်သဘောပေါက်မှုအရာတွင် ရမှတ် ၀ ဒသမ ၂၁ မှတ်အထိရရှိသည်။ ခုနစ်နှစ်အရွယ်၌ စကားပြောဆိုကျွမ်းကျင်မှုဆိုင်ရာ ဉာဏ်ရည်ဖွံ့ဖြိုးမှုပိုင်းတွင် ၀ ဒသမ ၃၅မှတ်ရရှိပြီး အသိဉာဏ်ရည်ပိုင်းတွင် ၀ ဒသမ ၂၉ မှတ်ရရှိသည်။

သုတေသနရလဒ်များ အားလုံးခြုံ၍ဆိုရလျှင် မွေးစမှတစ်နှစ်အထိတိုင်အောင် မိခင်နို့ရည်တိုက်ကျွေးခဲ့ပါက ထိုကလေးငယ်များ၏ ဘာသာစကားနားလည် သဘောပေါက်နိုင်စွမ်း၌ ၂ ဒသမ ၅ မှတ် ရရှိနိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု၌ လေးမှတ်အထိ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း သုတေသနပညာရှင်များက မှတ်ချက်စကားဆိုသည်။

ဩသဇကျော် - ဘာသာပြန်သည်

အမေရိကန်နိုင်ငံသားများအား သတိပေး

အမည်မသိ အယ်လ်ခိုင်ဒါအဖွဲ့၏ ခြိမ်းခြောက်မှုကြောင့် အမေရိကန်နိုင်ငံသားများ ကမ္ဘာတစ်ဝန်း ခရီးသွားလာမှုကို သတိပြုကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးကြေညာချက်ထုတ်ပြန်ထားသည်။ အမေရိကန်က ဩဂုတ် ၄ ရက်တွင် အမေရိကန်သံရုံးနှင့် ကောင်စစ်ဝန်ရုံး နှစ်ဒါဇင်နီးပါးကို ပိတ်ရန်ကြေညာပြီးနောက် အထက်ပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဩဂုတ်လအတွင်း အမေရိကန်နိုင်ငံသားများအား အယ်လ်ခိုင်ဒါအဖွဲ့က တိုက်ခိုက်မှုများပြုလုပ်လိမ့်မည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

ကန်နှင့်ဂျာမနီ ပူးပေါင်းထောက်လှမ်းရေးဖျက်သိမ်း

အမေရိကန်ထောက်လှမ်းရေးအရာရှိဟောင်း စနိုးဒန်းက ထောက်လှမ်းရေးသတင်းများ ဖွင့်ချခဲ့ပြီးနောက် ဂျာမနီက အမေရိကန်၊ ဗြိတိန်တို့နှင့် ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို ဖျက်သိမ်းလိုက်ကြောင်း ဩဂုတ် ၂ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အမေရိကန်၊ ဗြိတိန်နှင့် ဂျာမနီတို့သည် စစ်အေးခေတ် ၁၉၆၈-၁၉၆၉ ခုနှစ်က သဘောတူစာချုပ်ခဲ့သည့် ထောက်လှမ်းရေးပူးပေါင်းစာချုပ်ကို ဂျာမနီတို့က စနိုးဒန်း၏သတင်းများဖွင့်ချခဲ့မှုကြောင့် ဖျက်သိမ်းလိုက်သည်။ ဩဂုတ် ၂ ရက်က ဖျက်သိမ်းလိုက်သော ယင်းသဘောတူညီချက်ကြောင့် အနောက်နိုင်ငံများသည် ယင်းတို့၏ တပ်များကိုကာကွယ်ရန် ပိုမိုသတင်းထောက်လှမ်းခွင့်ရရှိသွားသည်။

မြင့်မောင်စိုး - စုစည်းသည်

မင်္ဂလာကုမ္ပဏီလီမိတက်
ရန်ကုန်နှင့် မန္တလေးမြို့ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃
(ပြည်တွင်း၌သာခန့်ထားရန်)
(မြန်မာကျပ်ငွေဖြင့် ညှိနှိုင်းလစာသတ်မှတ်ပေးပါမည်။)
(ဝန်ထမ်းများအတွက် အစားအသောက်နှင့်နေထိုင်ရေးအတွက်ကို ကုမ္ပဏီမှစရိတ်ငြိမ်းစီစဉ်ပေးပါမည်။)

(ဝန်ထမ်းများအတွက် အစားအသောက်နှင့် နေထိုင်ရေးတို့ကို ကုမ္ပဏီမှစရိတ်ငြိမ်း စီစဉ်ပေးပါမည်။)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် ရန်ကုန်နှင့် မန္တလေးမြို့ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်-

(က) မန်နေဂျာ/ဒု-မန်နေဂျာ — ကျား (၅) ဦး
- အသက် (၃၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- M.P.A, M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လ/ထ မန်နေဂျာ(စီမံ/ကြီးကြပ်)(ပြသ) — ကျား/မ (၆)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) လျှပ်စစ်/လေအေးစက်၊ ပြစက် — ကျား (၆) ဦး
- အသက်(၄၅)နှစ်အောက် ဖြစ်ရမည်။
- A.G.T.I(M.P),(E.P), (E.C)၊ စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးစက်ဘာသာရပ်၊ Electrical (သို့) Mechanical ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်းလျှော့ပေါ့စဉ်းစားပေးမည်။

(ဃ) တန်းပြ၊ ရောင်း/သိမ်း — ကျား/မ (၁၀) ဦး
- အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(င) မုန့်ဆိုင်အရောင်း — ကျား/မ (၆) ဦး
- အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(စ) လုံခြုံရေး/ယာဉ်ရပ်နားစခန်း — ကျား (၁၀) ဦး
- အသက် (၂၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း(သို့) ရဲမှုထမ်းဟောင်းများဦးစားပေးမည်။

(ဆ) သန့်ရှင်းရေး — ကျား/မ (၁၀) ဦး
- အသက် (၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(ဇ) ထမင်းချက် — မ (၃) ဦး
- အသက်(၂၃)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဈ) ယာဉ်မောင်း (Driver) — ကျား (၃) ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း (၃)နှစ်ရှိရမည်။
- ကားကြီး၊ ကားလေးမောင်းနိုင်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး မျက်စိမှုန်၊ မျက်မှန်တပ်သူမဖြစ်စေရ။
- အိမ်ထောင်မရှိသူ (လူပျို)ဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) ရုံးအတွင်းရေးမှူး (Office Secreatry) — ကျား/မ (၄) ဦး
- အသက် (၂၁)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။
- အင်္ဂလိပ်ဘာသာစကား အရေး၊ အဖတ် ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ခ) ကွန်ပျူတာကျွမ်းကျင်သူ — ကျား/မ (၃) ဦး
- အသက် (၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(ဂ) စာရင်းကိုင်/စာရင်းစစ် — ကျား/မ (၆) ဦး
- အသက် (၂၁)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- CPA, DA, LCCI III တစ်ခုခုအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာ သင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဃ) ဟိုတယ်ဧည့်ကြို (Receptionist) — ကျား (၂) ဦး
- အသက် (၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာ သင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကား ရေးနိုင်၊ ပြောနိုင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(င) Hotel Waiter — ကျား (၂) ဦး
- အသက် (၂၀)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာ သင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(စ) Hotel Cook(ဟိုတယ်အချက်/အပြုတ်ကျွမ်းကျင်သူ) — ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဆ) Housekeeping — ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ၉-၈-၂၀၁၃ရက် နောက်ဆုံးထား၍ ပတ်စပို့ ဓာတ်ပုံ (၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံချက်မူရင်းများနှင့်အတူ လိုအပ်သော အထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃၊ သိမ်ကြီးဈေး(D)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
(စနေနေ့နှင့်တနင်္ဂနွေနေ့များတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။)
(ယခင်လျှောက်ထားပြီးသူများ ပြန်လျှောက်ရန်မလိုပါ။)
- မန်နေဂျာ၊ ဒု-မန်နေဂျာ၊ လျှပ်စစ်/လေအေးစက်၊ ပြစက်၊ ရောင်း/သိမ်း၊ ရုံးအတွင်းရေးမှူး၊ ဧည့်ကြို၊ Waiter, Hotel Cook, Housekeeping, စာရင်းကိုင်၊ ကွန်ပျူတာဝန်ထမ်း လျှောက်ထားသူများအား ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် လည်းကောင်း၊
- လ/ထမန်နေဂျာ၊ တန်းပြ၊ လုံခြုံရေး၊ ကားပါကင်၊ ယာဉ်မောင်း(Driver)၊ ထမင်းချက်၊ သန့်ရှင်းရေး၊ မုန့်ဆိုင်ဝန်ထမ်းလျှောက်ထားသူများအား ၁၁-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၀၀နာရီတွင် လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။
(လူတွေ့စစ်ဆေးမည့်နေရာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ၊ ရန်ကုန်မြို့။)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

‘တ’လား‘တစ်’လား

မောင်ခင်မင်(ဓနုဖြူ)

ဝတ္ထုတွေဆောင်းပါးတွေမှာ ခပ်ဆန်းဆန်း စာလုံးပေါင်းတွေကို မကြာခဏတွေ့နေရပါသည်။ ‘အတူတစ်ကွ’၊ ‘အများတစ်ကာ’၊ ‘တစ်ကူးတစ်ကန့်’၊ ‘တစ်စေ့တစ်စောင်း’ စသည်ဖြင့် တကိုစသတ်သော စာလုံးပေါင်းတွေဖြစ်သည်။ အမှန်အားဖြင့် ထိုစာလုံးများကို စမသတ်ရပါ။ ‘အတူတကွ၊ အများတကာ၊ တကူးတကန့်၊ တစေ့တစောင်း’ဟူ၍ ‘တ’ဖြင့်သာ ရေးရပါသည်။ ဤသို့ဖြစ်ရသည့် အရင်းခံအကြောင်းမှာ ‘တ-တစ်ပြဿနာ’ ဖြစ်ကြောင်း အများသိကြပါသည်။ ဘယ်စာလုံးကို ‘တ’ရမှာလဲ။ ဘယ်စာလုံးကို ‘တစ်’ရမှာလဲ။ ‘တ’လား‘တစ်’လား’။

ယေဘုယျခွဲခြားသည့် မူတော့ရှိပါသည်။ **‘တစ်၊နှစ်’စသည့် ကိန်းဂဏန်းအဓိပ္ပာယ်ဆိုလျှင် ‘တစ်’ဟု ရေးပါ။ ‘တဝစား၊ တစောင်းအိပ်၊ တပျော်တပါးလာ၊ မိုးတဖြောက်ဖြောက်ရွာ’စသည်ဖြင့် ကြိယာကို အထူးပြုသော ကြိယာဝိသေသနများမှ ‘တ’တွေကိုတော့ စမသတ်ဘဲ ‘တ’ဟုရေးပါ။**

ပြောရလွယ်သော်လည်း လက်တွေ့ခွဲခြားရာမှာတော့ မလွယ်လှပါ။ ကိန်းဂဏန်းအဓိပ္ပာယ်ဟုတ်သလား၊ မဟုတ်ဘူးလား သာမန်အားဖြင့် မသိနိုင်သော စာလုံးတွေ အများအပြားရှိနေပါသည်။ မိတ်ဆွေတစ်ယောက်က မေးဖူးသည်။ ‘တစေ့တစောင်း’ ကျတော့ စသတ်မပါဘဲ ‘တစ်စတစ်စ’ ကျတော့ စသတ်ပါတာ ဘာကြောင့်လဲ. . . တဲ့။ ‘တစေ့တစောင်း’က ကိန်းဂဏန်းသဘောမပါ၊ ‘တစ်စေ့တစ်စောင်း’က ကိန်းဂဏန်းသဘောပါသည် ဆိုတာကို အလွယ်တကူမသိနိုင်ပါ။ ဤသို့ခွဲခြားဖို့မလွယ်သော စာလုံးများကိုတော့ ဘယ်စာလုံးကို ‘တ’နှင့်ရေးသည်။ ဘယ်စာလုံးကို ‘တစ်’နှင့်ရေးသည်ဟု ပုံသေမှတ်ထားရန်သာ ရှိပါတော့သည်။ မြန်မာစာအဖွဲ့ကပြုစုသော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာ ခွဲခြားပြထားသည်ကို မှတ်ထားရန်သာ ရှိပါတော့သည်။

သို့ဆိုလျှင် ‘တ-တစ်ပြဿနာ’ ဘာကြောင့်ပေါ်လာရတာပါလဲ။ အပြောမှာ ‘တစ်’မှ ‘တ’သို့ ပြောင်းနေပြီဖြစ်သော်လည်း အရေးက လိုက်မပြောင်းဘဲ ‘တစ်’ဟုပင် ရေးသောကြောင့် ဖြစ်ပါသည်။ ‘တစ်’ပါသော အရေးအတွက်ပြ စကားများကို ပါးစပ်က ဆိုကြည့်ပါ။ တစ်ဆယ်၊ တဆယ်၊ တစ်ရာ၊ တယာ၊ တစ်ကောင်၊ ဒကောင်၊ တစ်စီး၊ ဒစီး စသည်ဖြင့် အသံထွက်ရသည် မဟုတ်ပါလား။ အချို့နေရာတွင် ‘တစ်’မှ ‘တ’သို့ပြောင်းရုံမက ‘ဒ’ သို့ပင် ပြောင်းသည်ကို တွေ့နိုင်ပါသည်။

‘တစ်’ကို အသံပြောင်းသည့်အတိုင်း စမသတ်ဘဲ ‘တ’ဟုပင် ရေးခဲ့ကြသော အစဉ်အလာရှိပါသည်။ ပုဂံခေတ်နှောင်းပိုင်း ကျောက်စာများကစ၍ ‘တစ်’အစား ‘တ’ ဟု ရေးသည်ကိုတွေ့ရသည်။ ထင်ရှားသောသာဓကတစ်ခုမှာ တောင်ငူခေတ် နတ်ရှင်နောင်ရတုတစ်ပုဒ်တွင် ‘တသောင်းရှစ်ပြန်’၊ ‘မပျောင်းရစ်ဟန်’၊ ‘ခပေါင်းမြစ်ရှန်’ဟူ၍ အဦးပိုဒ်သုံးပိုဒ်ကို အရေးတူ အသံတူဖွဲ့ထားခြင်း ဖြစ်သည်။ တသောင်း- မပျောင်း-ခပေါင်းဟု အရေးတူ အသံတူဖွဲ့ထားသည့်အတွက် ‘တစ်သောင်း’ ဟုအသံမထွက်ကြောင်း၊ ‘တသောင်း’ဟုသာ အသံထွက်ကြောင်း၊ ရေးတော့လည်း ‘တသောင်း’ဟုပင် ရေးရကြောင်း ထင်ရှားပါသည်။

အသတ်တူဂဏန်းသုံးလုံး၏အသံနှင့် အရေးကွဲပြားပုံများ စိတ်ဝင်စားစရာကောင်းပါသည်။ အသတ်တူဂဏန်းသုံးလုံးမှာ ‘တစ်၊ နှစ်၊ ရှစ်’ တို့ဖြစ်သည်။ ‘တစ်’မှာ ‘တ’ဟု အသံပြောင်းပြီး တစ်ချိန်က ‘တ’ဟုပင် ရေးသည်။ ‘နှစ်’မှာလည်း ‘နှ’ဟုအသံပြောင်းသည်။ ‘နှစ်ယောက်’ကို ‘နှယောက်’ ဟု အသံထွက်ရသည်။ သို့သော် အရေးကတော့လိုက်မပြောင်းပါ။ ‘နှစ်’ ဟု ပင်ရေးရပါသည်။ ‘ရှစ်’ကတော့ အသံရော အရေးပါ မပြောင်းပါ။ ‘ရှစ်’ ဟု ရေးလည်းရေး၊ အသံလည်းထွက်ပါသည်။

အသံရောအရေးပါ ‘တစ်’မှ ‘တ’သို့ပြောင်းလာပြီးသော စကားလုံးများကို ‘တစ်’ဟု ပြန်ရေးခြင်းမှာ မူလရေးထုံးကို ပြန်လည်ထိန်းသိမ်းလိုသည့် ရည်ရွယ်ချက်ဖြင့် ရေးသားခြင်းဖြစ်သည်ဟု နားလည်ရပါသည်။

‘တ’ဟုရေးရသောစာများနှင့် ‘တစ်’ဟုရေးရသော စာလုံးများထဲက အချို့ကို သာဓကဆောင်ပါဦးမည်။ **‘တကုပ်ကုပ်၊ တကယ်၊ တကျက်ကျက်၊ တကွဲတပြား၊ တချို့တလေ၊ တခြား၊ တချွင်ချွင်၊ တငေးတမော၊ တစည်းတလုံး၊ တစိမ့်စိမ့်၊ တဓောက်ကန်း၊ တပိတပိုင်း၊ တပိုတပါးသွား၊ တပျော်တပါး၊ တဖျစ်တောက်တောက်၊ တမင်တကာ၊ တယုတယ၊ တဟွတ်ဟွတ်(ချောင်းဆိုး)၊ တအုံနွေးနွေး’ တို့သည် ‘တ’ဖြင့်ရေးရသော စာလုံးများဖြစ်သည်။ အများစုမှာ ကြိယာကို အထူးပြုသောစကားလုံးများ ဖြစ်သည်။**

‘တစ်ကိုယ်တည်း၊ တစ်ကျော့နှစ်ကျော့၊ တစ်ကိုက်တည်းတစ်ဉာဏ်တည်း၊ တစ်ခဏ၊ တစ်ခါတစ်ရံ၊ တစ်ခုခု၊ တစ်ခဲနက်၊ တစ်ခန်းရပ်၊ တစ်ခြမ်း၊ တစ်ခွင်တစ်ပြင်၊ တစ်စိတ်တစ်ဒေသမှတစ်ဆင့်၊ တစ်နိုင်၊ တစ်ပတ်ရိုက်၊ တစ်ပြိုင်တည်း၊ တစ်ပြိုင်နက်၊ တစ်ဖန်၊ တစ်ယူသန်၊ တစ်ရံရောအခါ၊ တစ်ရှူးထိုး၊ တစ်လျှောက်၊ တစ်ဝက်တစ်ပျက်၊ တစ်ရိုက်၊ တစ်သမတ်တည်း၊ တစ်သဝေမတိမ်း၊ တစ်ဟုန်ထိုး’တို့သည် ‘တစ်’ဖြင့်ရေးရသော စာလုံးများဖြစ်သည်။ ကိန်းဂဏန်းတစ်၏ အဓိပ္ပာယ်ကိုဆောင်သော စကားလုံးများ ဖြစ်သည်။

စကားလုံးတစ်လုံးရေးရာမှာ ‘တ’ရော ‘တစ်’ရောပါသည့် စကားလုံးများလည်းရှိသည်။ **‘တစ်ကောင်တလေ၊ တစ်ခါတလေ၊ တစ်ခုတလေ၊ တစ်ဦးတလေ’** တို့ ဖြစ်သည်။ ထိုစကားလုံးများမှ ‘တလေ’မှာ စကားပြေဖြစ်အောင် ဖြည့်သုံးသော စကားဖြစ်၍ ကိန်းဂဏန်းတစ်၏ အဓိပ္ပာယ်မဟုတ်သဖြင့် ‘တလေ’ ဟု ရေးခြင်းဖြစ်ပါသည်။

‘လူလည်းတစ်ထွေ ရေလည်းတခြား’ ဟူသောအသုံးတွင် ‘တစ်ထွေ’နှင့် ‘တခြား’ ကွဲပြားနေပုံကို ယှဉ်တွဲမှတ်သားနိုင်ပါသည်။

ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ‘တ’နောက်တွင် အားလုံး စသတ်ရမည် ထင်ပြီး စသတ်ဖြင့်ရေးသောအခါ ‘အမှန်တကယ်’ ကို ‘အမှန်တစ်ကယ်’ဟု ရေးပုံမျိုးသာမက မြန်မာစကားမဟုတ်သော ‘တဒင်္ဂပဟာန်’ ဆိုသည့် ပါဠိစကားလုံးကိုပင် ‘တစ်ဒင်္ဂပဟာန်’ဟု စသတ်ထည့်ရေးသည်ကို တွေ့ရပါသည်။ ‘တဒင်္ဂ’သည် ‘တစ်ခဏ’ဟု အဓိပ္ပာယ်ရသောပါဠိစကားဖြစ်၍ ‘တဒင်္ဂ’မှ ‘တ’ သည် မြန်မာစကားမဟုတ်ကြောင်း သိနိုင်ပါသည်။

မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှ ‘တ’နှင့်ရေးသော စာလုံးများနှင့် ‘တစ်’ နှင့်ရေးသောစာလုံးများကို ခွဲခြား၍ သတိပြုမှတ်သားပြီး မှားသုံးလေ့ရှိသော စာလုံးများကိုလည်း သတိထားမည်ဆိုလျှင် ‘တလား၊ တစ်လား’ ဟူသော ပြဿနာပြေလည်သွားမည် ဖြစ်ပါသည်။

ပြဿနာတစ်ခုရှိပါသေးသည်။ ကိုယ်ပိုင်အမည်နှင့်ဆိုင်သော ပြဿနာဖြစ်သည်။ ‘ဗိုလ်တထောင်ဘုရား’တို့ ‘ထန်းတပင်မြို့’တို့ကို စသတ်ဖြင့် ရေးသင့် မရေးသင့်ဆွေးနွေးကြသည်ကို ကြားရ ဖတ်ရပါသည်။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းတွင် ကိုယ်ပိုင်အမည်များကို ထည့်သွင်းပြဋ္ဌာန်းမထားသည့်အတွက် အစဉ်အဆက်ရေးလာသည့်ရေးထုံးအတိုင်း ‘ဗိုလ်တထောင်’၊ ‘ထန်းတပင်’ ဟုပင် စမသတ်ဘဲ ရေးနိုင်ပါသည်။ တွင်ပြီးသား အရေးအသားဖြစ်သည့်အတွက် မူလအရေးအသားအတိုင်းရေးခြင်းက သင့်လျော်ပါသည်။ အလားတူသာဓကပြရလျှင် စာရေးဆရာကြီးများဖြစ်သော ‘ဦးညာဏ’နှင့် ‘ဒဂုန်ရွှေမျှား’ ကိုစာလုံးပေါင်းသတ်ပုံနှင့် ညီညွတ်အောင်ရေးသားမည်ဆိုလျှင် ‘ဦးဉာဏ’ ဒဂုန်ရွှေမြား’ဟု ရေးရမည်ဖြစ်သည်။ သို့သော်ဆရာကြီးများ၏ အမည်စာလုံးပေါင်းများမှာ တွင်ပြီးသားဖြစ်သည့်အတွက် တွင်သည့်အတိုင်းရေးသည့် စာလုံးပေါင်းကို လက်ခံရပါသည်။ ထိုနည်းတူ အသုံးတွင်ပြီးသော ကိုယ်ပိုင်အမည်ကိုလည်း တွင်သည့်အတိုင်း လက်ခံရခြင်းဖြစ်ပါသည်။ ။

ကျိုင်းတုံခရိုင် ပြည်သူ့စာကြည့်တိုက်သို့ နိုင်ငံခြားသားများဝင်ရောက်လေ့လာ

ကျိုင်းတုံ ဩဂုတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ အမေရိကန်နိုင်ငံမှ Mr.Garrett Kostinနှင့် ဩစတြေးလျနိုင်ငံမှ Mr. Jim Richardson တို့ ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင် ဝင်ရောက်လေ့လာရာ Mr.Garrett Kostin က မိမိသည်ကျိုင်းတုံမြို့တွင်းသို့လည်ပတ်ရင်း မည်သူမဆို ဝင်ရောက်လေ့လာနိုင်ကြောင်း ခရိုင်ပြည်သူ့စာကြည့်တိုက် ဆိုင်းဘုတ်တွေ့၍ ဝင်ရောက်လေ့လာခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး ဒုတိယဦးစီးမှူး ဦးမောင်မောင်နိုင်ကို မိတ်ဆက်သည်။ ဦးမောင်မောင်နိုင်က စာကြည့်တိုက်အတွင်း ရည်ညွှန်း

စာအုပ်များ၊ ရာစုအလိုက်စာအုပ်များ၊ ကလေးစာပေများကို လှည့်လည်ပြသသည်။ မိမိတို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စာကြည့်တိုက်တစ်ခုကို တာဝန်ယူ ဆောင်ရွက်ပေးခဲ့ဖူးကြောင်း ယခုစာကြည့်တိုက်သည် ခရိုင်ဒေသနှင့် သင့်လျော်ပါကြောင်း၊ ဝန်ထမ်းများ၏ နွေးထွေးစွာကြိုဆိုမှုကို ကျေးဇူးတင်ပါကြောင်း၊ ဤသည်ပင် ပြည်သူ့စာကြည့်တိုက်၏ အောင်မြင်မှုတစ်ခုဖြစ်ပါကြောင်း Mr. Garrett Kostin က ပြောသည်။

ဆက်လက်၍ ၎င်းကတိတ်ဆိတ်စွာစာပေဖတ်ရှုစေသောစာကြည့်တိုက်ထက် ဖတ်ရှုရင်းစာပေအကြောင်း ဆွေးနွေးနေသော စာကြည့်တိုက်မျိုးသည် ပိုမိုအောင်မြင်ကြောင်း လေ့လာတွေ့ရှိချက်ကို အကြံပြုပြောသည်။

ခရီးသွားရင်း Mini Book Corner များတွေ့ရှိရကြောင်း၊ စကားပြန်တစ်ဦး၏ ဘာသာပြန်ပေးချက်အရ စာပေအမျိုးအစားနှင့် စာအုပ်အရွယ်အစားသည်ပြည့်စုံကြောင်း၊ ၎င်းသည် အကောင်းဆုံးသော စာပေပြည်သူ့ဝန်ဆောင်မှုတစ်ခုဖြစ်ကြောင်းကို ဩစတြေးလျနိုင်ငံသား Mr.Jim Richardson ကပြောသည်။ ၎င်းက ဆက်လက်၍ ပြည်သူ့စာကြည့်တိုက်၌ Wifi အခမဲ့ ထုတ်လွှင့်ပေးမှုသည် ယနေ့ခေတ်၏ အကောင်းဆုံးဝန်ဆောင်မှုဖြစ်ကြောင်း ပြောသည်။

မှတ်တမ်းတင်

ထို့နောက် စာဖတ်သူပရိသတ်၏ အကြံပြုချက် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းရေးသားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ငါးရံ့မင်းပရိတ်နှင့် မိုးကမ္ဗဝါရွတ်ဖတ်ပူဇော်

တောင်သာ ဩဂုတ် ၃

တောင်သာမြို့၌ ဩဂုတ် ၂ ရက်မှ ၃ရက်အထိ မြို့ပေါ်ရှိ ဆရာတော်ကြီးကိုးပါးက လောကမုနိဘုရားကြီး အာရုံခံတန်ဆောင်းအတွင်း စတုတ္ထအကြိမ် ငါးရံ့မင်းပရိတ်တော်နှင့် မိုးကမ္ဗဝါရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပလျက်ရှိသည်။

တောင်သာမြို့နယ်တွင် မိုးဦးကာလ ဇွန်၊ ဇူလိုင်လများအတွင်း စိုက်ပျိုးသီးနှံအတွက် လုံလောက်စွာ မိုးရွာသွန်းမှုမရှိသည့်အတွက် ဒေသခံတောင်သူများ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း၊ ဩဂုတ်လအတွင်း ရွာသွန်းပါက မြေပဲ၊ ပဲစင်းငုံ၊ နှံစားပြောင်း၊ မိုးနှောင်းချည်မျှင်ရှည်ဝါများ စိုက်ပျိုးအောင်မြင်နိုင်မည်ဖြစ်ကြောင်း တောင်သူတစ်ဦးက ရှင်းပြခဲ့ကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ရထားဆိုက်ချိန် ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်၍ ကသာစာပို့လုပ်ငန်းများ အဆင်ပြေချောမွေ့လာ

ကသာ ဩဂုတ် ၃

ဇူလိုင် ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ရထားထွက်ချိန်မမှန်ကန်၍ ကသာစာပို့လုပ်ငန်းများ တစ်ရက်နောက်ကျဟူသော ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ဖော်ပြပါရှိခဲ့သည်။ ကသာ-နဘားရထားသည် မွန်းလွဲ ၂ နာရီတွင် ကသာမြို့မှ ထွက်ပြီး နဘားဘူတာသို့ ညနေ ၄ နာရီခန့်တွင်ရောက်ရှိရာ ထိုနေ့ညနေ ၃ နာရီခန့်တွင် နဘားဘူတာသို့ ဆိုက်ရောက်သည့်ဒုတိယအမြန် (လူစီးစာပို့ရထား)ကိုမမီ၍ ထိုနေ့တွင်ပါရှိရမည့် စာများ၊ ပါဆယ်ပစ္စည်းများ၊ အမြန်ချောအိတ်များသည် နောက်တစ်နေ့ ဒုတိယအမြန်လူစီး စာပို့ရထားတွင်သာ တင်ဆောင်ရသောကြောင့် စာပို့လုပ်ငန်း တစ်ရက်နောက်ကျနေကြောင်း ရေးသားထားခြင်းဖြစ်သည်။

မြန်မာ့အလင်းသတင်းစာတွင် ထိုသတင်းဖော်ပြပါရှိခဲ့ပြီးနောက် စာပို့လုပ်ငန်းများနှင့် ခရီးသည်များ အဆင်ပြေချောမွေ့ရေးအတွက် သက်ဆိုင်ရာမှရထားထွက်ခွာချိန် / ဆိုက်ရောက်ချိန်များကို ပြောင်းလဲသတ်မှတ်ခဲ့ရာ ဩဂုတ် ၁ ရက်ကစ၍ ဒုတိယအမြန်(လူစီးစာပို့ရထား)သည် နဘားဘူတာသို့ နေ့စဉ် ည ၇ နာရီ ၄၄ မိနစ်တွင် ဆိုက်ရောက်ပြီး ၇ နာရီ ၅၄ မိနစ်တွင် မန္တလေးသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ကသာစာတိုက်ကြီးမှ ပေးပို့သည့်စာများ၊ ပါဆယ်ပစ္စည်းများသည် အခြားမြို့နယ်များသို့ နေ့ချင်းပါရှိသွားမည်ဖြစ်ပြီး ဒုတိယအမြန်ရထားဖြင့် စီးနင်းလိုက်ပါမည့် ခရီးသည်များအနေဖြင့်လည်း ယခင်ကာလများကဲ့သို့ ကားဖြင့် နဘားသို့ သီးသန့်သွားရောက်ရန် မလိုတော့ဘဲ ကသာ-နဘား လူစီးရထားဖြင့် ဈေးနှုန်းသက်သာ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **စမ်းဦး(ကသာ)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၃

ဩဂုတ် ၃ ရက် နံနက် ၈ နာရီက နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဝင်းအတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ သစ်တော ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်၊ ပျဉ်းမနားမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဆန်းမော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့် ပညာရေးဌာနမှ ဒုတိယညွှန်မှူး ဦးအောင်ကျော်စိုး၊ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်းနှင့်အတူ ကျောင်းသား ကျောင်းသူများ၊ သစ်တောရေးရာဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က ကျောင်းဝင်းအတွင်း၌ သစ်ပင်မျိုးစုံ၊ ကျွန်းသစ်နှင့်အခြားသစ်မာ အရိပ်ရပင်များ စုစုပေါင်းအပင် ၁၇၀ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**

နမ့်ခမ်း၌ ကျောင်းဆောင်သစ်ဖွင့်

နမ့်ခမ်း ဩဂုတ် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ဟိုနောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှမ်းပြည်နယ် အစိုးရလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့မိမြို့ဖ ဦးစိုင်းသန်းညာဏ်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမိုင်းထွန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ပေ ၂၀×ပေ၃၀ တစ်ထပ် အုတ်ညှပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၃၂ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မြို့ပေါ်ပြည်သူများ ကျောင်းသားမိဘများ တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးနည်းမှုကြောင့်သီးနှံများပျက်စီးရသည့်အတွက် စိုက်စရိတ်ချေးငွေ ပြန်ဆပ်ရမည့်ကာလ ရွှေ့ဆိုင်းရန်စီစဉ်ပေးမည်

နေပြည်တော် ဩဂုတ် ၃

ကမ္ဘာနှင့်အဝန်း ရာသီဥတုဖောက်ပြန်မှုကြောင့် အချို့သောဒေသများ၌ ရေကြီးနစ်မြုပ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့၍ သီးနှံများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး အချို့၊ မန္တလေးတိုင်းဒေသကြီးအချို့တွင် ပူပြင်းခြောက်သွေ့ မိုးခေါင်၍ သီးနှံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ခြင်းအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်း၍ တောင်သူများ၏ လိုအပ်ချက်ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းနှင့်တာဝန်ရှိသူများ လိုက်ပါလျက် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စု လုံးတောကျေးရွာ စိတ္တာသုခမ္မာရုံ သာသနာ့ဗိမာန် အဆောက်အအုံ၌ နွားထိုးကြီးမြို့နယ်မှ တောင်သူလယ်သမားများ၊ မြင်းခြံ၊ တောင်သာ၊ ငါန်းဇွန်မြို့နယ်များမှ စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ စုစုပေါင်း ၁၀၀၀ ကျော်တို့နှင့် တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကျေးရွာကိုယ်စားလှယ် ရွာသစ်ရွာမှ ဦးစိန်လှိုင်၊ မလည်ရွာမှ ဦးမောင်ချို၊ ပြသရောက်ချောင်းရွာမှ ဦးခင်မောင်မြင့်၊ လက်ဝဲရွာမှ ဦးဝင်းဖေ၊ ကြောစီရွာမှ ဦးစိုးမြင့်တို့က လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းက တိုင်းဒေသကြီးမှ မြို့နယ်လေးမြို့နယ်တွင် ပူပြင်းခြောက်သွေ့မှုနှင့် မိုးအချိန်ကိုက်ရွာသွန်းမှုနည်းပါးပြီး သီးနှံပျက်စီးမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သီးနှံအချို့ ပျက်စီးသွားရသည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို သီးနှံပေါ်ချိန်၌ လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည်ပေးဆပ်ရန် တာဝန်အပေါ်တွင် အစားထိုးသီးနှံ ပြန်လည်စိုက်ပျိုးပြီး သီးနှံများကို ရိတ်သိမ်း ပေါ်ထွက်ချိန်မှသာလျှင် ပေးဆပ်ခွင့်ရရှိရေးကို တိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်းပြီး စာရင်းဇယားများအရ မှန်ကန်စွာ ကောက်ယူ၍ တိုင်းဒေသကြီးအစိုးရ၏ ထောက်ခံအတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ချေးငွေပြန်လည်ဆပ်ရမည့်ကာလကို ရွှေ့ဆိုင်းရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊

သီးနှံများ အချိန်မီ စိုက်ပျိုးရန် လက်ငင်းလိုအပ်သည့် မျိုးစေ့များကို စိုက်ပျိုးရေးဦးစီးဌာန၏ လက်ဝယ်တွင် အသင့်ရှိသော စပ်မျိုးနေကြာ၊ စပ်မျိုးဝါနှင့် ပဲတီစိမ်းသီးနှံမျိုးများကို ဒေသအလိုက် တောင်သူလယ်သမားများထံသို့ နိုင်ငံတော်အနေဖြင့် အခမဲ့ထောက်ပံ့ကူညီပေးမည်ဖြစ်ကြောင်း၊ အချိန်မီ စိုက်ပျိုးရန် ကျွဲ၊ နွား မလုံလောက်သော ကျေးရွာများကို စက်မှုလယ်ယာမှ ထွန်စက်များစေလွှတ်၍ အချိန်မီ အချိန်ကိုက်စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ခြင်းလုပ်ငန်းများကို အလျင်အမြန်ကူညီပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် လုံးတောရွာနှင့် လျှော်ဖြူကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာကြား ကားလမ်းမကြီးဘေးရှိ ကွင်းအမှတ်(၃၄၂)၌ ပူပြင်းခြောက်သွေ့မိုးခေါင်ပြီး အောင်ရေအလုံအလောက် မရရှိခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားသည့် နှမ်းသီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ အချိန်မီ အစားထိုး ပြန်လည်စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဝတီတိုင်းဒေသကြီးအတွင်း ရေမြုပ်ခဲ့သည့် ကျေးရွာများ၌ သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇူလိုင် ၂၈ ရက်မှ ၃၀ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငါးသိုင်းချောင်းမြို့နယ်ခွဲ ပန်းပုကွင်းကျေးရွာအုပ်စု ပန်းပုကွင်းကျေးရွာနှင့် ဥယျာဉ်ကုန်းကျေးရွာတို့ကို ချောင်းရေလျှံဝင်ရောက်ခဲ့မှုကြောင့် ကျေးရွာနှစ်ရွာရှိ မြေနိမ့်ပိုင်းနေရာများတွင် ရေအနက် ငါးပေခန့်ဝင်ရောက်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ရေပြန်လည်ကျဆင်းသွားခဲ့သည်။

ကြည့်ရှုအားပေး

အဆိုပါ ရေဝင်ရောက်မှုများကြောင့် ကျေးရွာများအတွင်းရှိ လမ်းများပေါ်တွင် တင်ကျန်ရစ်ခဲ့သော နုန်းမြေများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံရွာသူရွာသားများ ပူးပေါင်း၍ သန့်ရှင်းရေးပြုလုပ်ပေးသည်။ **(ဝဲပုံ)**ထို့အပြင် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၅ ဦးကို ပုသိမ်မြို့ စစ်မြေပြင်ဆေးတပ်ရင်းမှ ဆေးကုသရေးအဖွဲ့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လူအေးနှင့် တာဝန်ရှိသူများက ဩဂုတ် ၂ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက်ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ရန်ကုန် နိုင်ငံခြားငွေကြေးဈေးကွက်ကော်မတီက ဩဂုတ်၅ရက်တွင် စတင်အကောင်အထည်ဖော်မည့် ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက် ဖွင့်လှစ်ခြင်း အခမ်းအနားကို ဩဂုတ်၁ ရက် ညနေ ၄နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ စုပေါင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေရေးကြေးရေး ကြပ်မတ်ကွပ်ကဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်နှင့် ရန်ကုန်နိုင်ငံခြားငွေကြေးဈေးကွက် ကော်မတီဥက္ကဋ္ဌ ဦးမြသန်းတို့က နိုင်ငံခြားငွေကြေး ဈေးကွက်စတင်ခြင်းဆိုင်ရာ အစီအစဉ်နှင့် ရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ယခုစတင်သည့် နိုင်ငံခြားငွေကြေးဈေးကွက်သည် ဘဏ်များအကြား တန်းတူညီမျှစွာ ယှဉ်ပြိုင်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ဈေးကွက်၏ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိခြင်း၊ ငွေဖြစ်လွယ်မှုမြင့်မားခြင်း၊ လေ့လာထိန်းကျောင်းမှုကို ပီပြင်စွာဆောင်ရွက်နိုင်ခြင်း၊ ထိရောက်စွာ ပါဝင်ထိန်းသိမ်းနိုင်ခြင်း စသည့်အရည်အချင်းများနှင့် ပြည့်စုံလာစေရန်ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြံစိုက်တောင်သူများကို ပညာပေး

တောင်တွင်းကြီး ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူး၍တောင်တွင်းကြီး၊ အောင်လံ၊ ကံမမြို့နယ်တို့က ကြံစိုက်တောင်သူများအား တွေ့ဆုံ၍ ပညာပေးရှင်းလင်းလက်တွေ့သရုပ်ပြဆွေးနွေးပွဲကို ကြံသုတေသနနှင့် မျိုးပွားခြံ(ကင်ပွန်းတောင်)၌ ဇူလိုင် ၃၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်က အမှာစကားပြောကြားခဲ့ပြီး ကြံတစ်ဧကတန် ၅၀ ထွက်ရန် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ နှစ်အလိုက် ကြံစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ပြီး ကြံစိုက်တောင်သူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ကြံစိုက်တောင်သူတို့ကို ကြံသုတေသနစမ်းသပ်စိုက်ကွက်များ၊ တန် ၅၀ ထွက် စံပြကွက်များကို ကွင်းဆင်း၍ တာဝန်ရှိသူများက လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

▲ ကျောဖုံးမှ

ဇူလိုင်လအတွင်းက သမိုင်းဘူတာ ဗဟိုလမ်း ရထားလမ်းခုံးကျော်ချဉ်းကပ်လမ်းတွင် ဖြစ်ပွားခဲ့သော ဓာတ်ငွေ့ယိုစိမ့်မှုကို ပြုပြင်ရာတွင် ပိုက်ဖြတ်လဲပါက ယာဉ်အသွားအလာရှုပ်ထွေးသောလမ်းပေါ်တွင် ဖြစ်နေသဖြင့် လမ်းပိတ်သွားကာ ယာဉ်ကြောပိတ်ဆို့မှုဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယာဉ်ကြောနှင့် ကင်းလွတ်ရာသို့ ပိုက်လိုင်းကို ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ပြီး ပိုက်ဆက်နည်းဖြင့် သံပိုက်လိုင်းပေ ၁၀၀၀ ခန့် ပိုမိုအသုံးပြုကာ ပြုပြင်ခဲ့ရသည်ဟု ဦးသိန်းလှိုင်က ဆိုသည်။

အသေးစားပြုပြင်

အဆိုပါ ပြုပြင်မှုသည် ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သော ဓာတ်ငွေ့ယိုစိမ့်မှုများအနက် အကြီးဆုံးပြုပြင်မှုဖြစ်ကာ တစ်ရက်ခွဲခန့် အချိန်ယူပြုပြင်ခဲ့ရပြီး သမိုင်း၊ မရမ်းကုန်း၊ လှိုင်နယ်မြေများရှိ ပုဂ္ဂလိက စက်ရုံရှစ်ရုံခန့် ဓာတ်ငွေ့ပြတ်တောက်ခဲ့ရကြောင်း၊ ယခုရက်ပိုင်းအတွင်း သန်လျင်ရှိ ခြောက်လက်မ ပိုက်လိုင်း၊ ရွှေပြည်သာ တိုးကြောင်လေး ၁၀ လက်မ ပိုက်လိုင်း၊ ရန်ကုန်-ရွာမ-သမိုင်း CNG ခြောက်လက်မပိုက်လိုင်းများကိုလည်း အသေးစားပြုပြင်မှုပြုခဲ့ရကြောင်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်း (ရွှေပြည်သာ) မှ သိရသည်။

အကြောင်းကြားနိုင်

ရန်ကုန်မြို့အတွင်းရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို စစ်ဆေးရန် ဝန်ထမ်း ၁၅ ဦးခန့် ခန့်အပ်ထားကာ နေ့စဉ်စစ်ဆေးလျက်ရှိပြီး ဓာတ်ငွေ့ပို့လွှတ်နေသော ပိုက်လိုင်းများသည် လေးလက်မ၊ ခြောက်လက်မအရွယ် ပိုက်လိုင်းများဖြစ်ကြောင်း၊ Low Pressure ဖိအားအနည်းငယ်သာရှိသည့် ပိုက်လိုင်းများဖြစ်ပြီး ဓာတ်ငွေ့များကို CNG အရောင်းဆိုင်များနှင့် စက်မှုဇုန်များသို့ ပေးပို့နေကြောင်း၊ ဓာတ်ငွေ့ယိုစိမ့်မှုတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက ဖုန်း-၆၁၀၆၃၀ကို ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရှိရသည်။

မြတ်သန္တာမောင်၊ ရဲခေါင်ညွှန့်

ထီးလင်းမြို့နယ် ကျေးရွာများသို့ ခြင်ထောင်စိမ်ဆေးပြားများအခမဲ့ဖြန့်ဝေ

ထီးလင်း ဩဂုတ် ၃

ငှက်ဖျားရောဂါ ကာကွယ်နိုင်ရန်နှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရန်အတွက် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာချောချောနိုင်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် မြို့နယ်တွင်းရှိ ကျေးရွာ ၈၉ ရွာသို့ ခြင်ထောင်စိမ်ဆေးပြား ၁၅၅၅၀ ကို ဇူလိုင်လအတွင်းက အခမဲ့ကွင်းဆင်းဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(၁၀၁)**

ဆီးဂိမ်းအောင်မြင်မှုရရှိရန်အတွက် လက်သိုင်းအားကစားနည်း ပူးတွဲလေ့ကျင့်ရန် ပြည်ပထွက်ခွာ

ရန်ကုန် ဩဂုတ် ၃

၂၀၁၃ ခုနှစ် ဩဂုတ် ၃ ရက်မှ အောက်တိုဘာ ၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် လက်သိုင်းအားကစားနည်း ပူးတွဲလေ့ကျင့်မှုပြုလုပ်ရန် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွဋ်အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ ဦးအောင်နိုင်ဦးနှင့် နည်းပြအားကစားသမား စုစုပေါင်း ၂၄ ဦး ပါဝင်သည့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်အဖွဲ့သည် ဩဂုတ် ၃ ရက် နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်က ပို့ဆောင်နှုတ်ဆက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ မြန်မာသိုင်းအဖွဲ့ အတိုက်အဖွဲ့သည် တစ်လလေ့ကျင့်မည်ဖြစ်၍ အပြအဖွဲ့မှာ နှစ်လလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်းအကောင်အထည်ဖော်

နေပြည်တော် သြဂုတ် ၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် သြဂုတ် ၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ရောဂါထိန်းချုပ်ရေး ဓာတ်ခွဲခန်း ခန်းမဆောင်၌ဝန်ထမ်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန်အတွက် ဝန်ထမ်းများအနေဖြင့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းအကောင်အထည်ဖော်ကြရမှာ ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၏ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားလူမျိုးများစိုက်ပျိုးထားသော စိုက်ပျိုးသီးနှံများမှ ဘေးထွက်ပစ္စည်းများကို မွေးမြူရေးလုပ်ငန်းသုံး အစားအစာအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရေး နည်းပညာများအား ဆင့်ပွားပညာပေးသွားရမည်ဖြစ်ကြောင်း၊ ကျောက်မဲ၊ လားရှိုး၊ လောက်ကိုင်နှင့် မူဆယ်ခရိုင်များတွင် လတ်တလောပြောင်းဖူးဈေးများ ကောင်းမွန်နေ၍ နေရာအနှံ့အပြားတွင် ပြောင်းဖူးများ စိုက်ပျိုးလျက်ရှိကြောင်း၊ ရာသီပေါ်ချိန် ပြောင်းစေ့ထုတ်လုပ်ခြင်းဖြင့် ထွက်ရှိလာမည့် မွေးမြူရေးလုပ်ငန်းသုံး စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများဖြစ်သည့် ပြောင်းပင်၊ ပြောင်းရိုးနှင့် ကြံဖျား ဖတ်များ၊ ကောက်ရိုး၊ မြက်၊ ပေဒါ၊ ဘောစကိုင်းစသည့် အစာစိမ်းများကို သိပ္ပံနည်းကျ ဆေးဝါးရောစပ်ကာ တိရစ္ဆာန်များ နှစ်လုံးပေါက်စားသုံးနိုင်ရေးအတွက် အစာချဉ်ဖတ်များ ပြုလုပ်သုံးစွဲရမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများမှ ထွက်ရှိသည့် ကုန်ကြမ်းကို တိရစ္ဆာန်အစာအဖြစ် အသုံးချခြင်းဖြင့် ကုန်ထုတ်လုပ်မှုစရိတ် ကျဆင်းစေပြီး မွေးမြူရေးထွက်ကုန်များမှ တစ်ဦးချင်းဝင်ငွေ တိုးတက်လာစေရန်အတွက် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဓာတ်ခွဲခန်းရှိ ရောဂါရှာဖွေစစ်ဆေးခန်း၊ ဗက်တီးရီးယားပိုး ပျိုးစစ်ဆေးခန်းနှင့် ကြက်ငှက်တုပ်ကွေး ရောဂါပိုးစစ်ဆေးခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန်အိုင်ကျေးရွာရှိ မွေးမြူရေးခြံ၌ ဒေသန္တားများနှင့် ဥစားကြက်များ မွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာများ သိုလှောင်ထားရှိမှု၊ နွားစာကြမ်းထုတ်လုပ်နေမှုနှင့် နားဖကျေးရွာရှိ အဆင့်မြင့်ဝက်မွေးမြူရေးခြံ၌ DYL သုံးမျိုးစပ်မျိုးဝက်ရုံများ၊ သားခွဲရုံများ၊ ဝက်ငယ်ပြုစုစောင့်ရှောက်ရေးရုံနှင့် အစာစပ်စက်ရုံ၊ အစာသိုလှောင်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

သြဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မွန်/ကရင်ဒေသများရှိ ရေကြီးနစ်မြုပ်နေသော ကျေးလက်ဒေသများနှင့် မြို့ရွာများအလိုက် တိရစ္ဆာန်များအား သဘာဝအန္တရာယ် ကာကွယ်တားဆီးရေး စီမံချက်ပါ လုပ်ငန်းစဉ်များအပေါ် လက်တွေ့ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံအဝန်း မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ဆိုးများ ကျရောက်ခဲ့သည်ကို အခြေခံကာ တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ၎င်းဒေသတွင် ရောဂါများ မပြန့်ပွားရေးလုပ်ငန်းများ၊ သေကျေပျက်စီးဆုံးရှုံးသွားသည့် နေရာဒေသအခြေအနေအလိုက် ပြန်လည်ဖြည့်တင်းရေး စီမံဆောင်ရွက်နိုင်ရန် ကြိုတင်၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များထားရှိပြီး ကြိုတင်၍ လေ့ကျင့်ပြင်ဆင်ထားရှိကြောင်း၊ ယခုအခါတွင် မွန်/ကရင်ဒေသအတွင်း ဆိုးရွားစွာ ရေကြီးနစ်မြုပ်၍ ဘေးအန္တရာယ်ကျရောက်နေသဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် အဆင့်ဆင့်ကြိုတင်ဖွဲ့စည်းထားသည့်ကော်မတီများအလိုက် စတင်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ရေဘေးဒုက္ခ ကြုံတွေ့ခံစားနေရသည့် ဒေသများသို့ ကူညီပံ့ပိုးမှုများ စဉ်ဆက်မပြတ် အကောင်အထည်ဖော်နေသည့် တစ်ချိန်တည်းတွင် မိမိတို့ဝန်ကြီးဌာနကလည်း မွေးမြူရေးနှင့် တိရစ္ဆာန်ကယ်ဆယ်ရေး ပြန်လည်ထူထောင်ရေးကိစ္စများကို အထူးကိစ္စရပ်အဖြစ် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သဘာဝဘေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုကော်မတီမှ မွန်/ ကရင် ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ပြီး ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးနှင့် တိရစ္ဆာန်များ သက်သာချောင်ချိရေးလုပ်ငန်းများ လုပ်ဆောင်ရန် သြဂုတ် ၂ ရက် ညနေပိုင်းတွင် ရေဘေးသင့်ဒေသများသို့ သွားရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိမမူ၍ ဂူကိုမမြင်ခြင်းနှင့် သတိမူ၍ မြူကိုမြင်ကြခြင်း

"သတိမမူ ဂူမမြင်၊ သတိမူက မြူပါမြင်၏" ဆိုတဲ့ စကားပုံလေးကို မြန်မာလူမျိုးတိုင်း သိထားပြီးသားပါ။ အမှုမဲ့အမှတ်မဲ့နေကျရင်ဖြင့် အတန်အသင့်ကြီးတဲ့ ဂူကြီးတစ်လုံးကိုတောင်မှ မမြင်တတ်ကြပေမယ့် သတိမူလို့ အလေးထားကြမယ်ဆိုပါက လဟာပြင်မှာ ပျံ့လွင့်နေတဲ့ မြူမှုန်မြူစလေးများကိုတောင် မြင်တတ်၊ တွေ့တတ်ကြပါတယ်လို့ ဆိုစကားပါ။

အခုလည်းဒီအတိုင်းပဲ ဖြစ်နေရပါတယ်လို့ဆိုရမလိုပါ။ မိမိဌာနကြီးတစ်ခုအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထိန်းသိမ်းရေးတွေမှာ အင်အားအပြည့်ပါဝင်တဲ့အပြင် ယာဉ်မရပ်ရလို့ အဓိပ္ပာယ်ဖော်ညွှန်းတဲ့ ဖြူ၊ နီ ကျား ဆေးရောင်ခြယ်သထားတဲ့ အကွက်တုံးလေးများ တစ်လျှောက်မှာ ခပ်တည်တည်နဲ့ နေ့စဉ်ရပ်နေတဲ့ကိစ္စပါ။

ကိုယ်တိုင် ကားမောင်းနှင်ခြင်း မရှိခဲ့ပေမယ့် အခုလို ဖြူ၊ နီ ကျား ခြယ်သထားတဲ့ တစ်လျှောက်မှာ ဘယ်ကိုယ်ပိုင်ကား၊ ဘယ်ဌာနဆိုင်ရာ ယာဉ်များမှ ရပ်တန့်ခြင်း မပြုရဆိုတာကိုတော့ အနည်းငယ်သော ဗဟုသုတလေးအလျောက် သိထားခဲ့ရပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့အချိန် တော်တော်ကြာကြာက ဒီလိုပဲ ဖြူ၊ နီ ကျားတွေမှာ ကားများက ရပ်တန့်နေခဲ့ခြင်းကို မကြာခဏ တွေ့မြင်မိခဲ့တာကြောင့် ယာဉ်စည်းကမ်းဥပဒေများ ပြောင်းလဲသွားပြီလားရယ်လို့ အသိယာဉ်ထိန်းရဲတစ်ယောက်ကို မေးကြည့်တဲ့အခါ "ယာဉ်စည်းကမ်း ဥပဒေအရဆိုရင်တော့ မည်သည့် ဖြူ၊ နီကျားနေရာမဆို ဘယ်ကားမျှ ရပ်တန့်ခြင်း၊ မပြုရ" လို့ဆိုပါတယ်။ ဒါဆို ဒီမိုကရေစီ နည်းတကျပြောရရင် "ဥပဒေအထက်မှာ မည်သူမျှ မရှိရဘူး" လို့ဆိုတဲ့ အဓိပ္ပာယ်က ပိုပြီးပေါ်လွင်ပါတယ်လို့ ဆိုချင်ပါတယ်။

အခုလို ထင်သာမြင်သာ သိသာစွာနဲ့ ပြောင်းလဲလာတဲ့ ခေတ်ကြီးမှာ ထိုဌာနကြီးအနေနဲ့ သတိမမူမိလို့ မမြင်တာပါလို့ ရိုးရိုးလေးပဲ တွေးမိခဲ့ပါတယ်။ မိမိကိုယ်တိုင် ရေးခြယ်ထားတဲ့ ဖြူ၊ နီကျား တစ်လျှောက်မှာ ရုံးဖွင့်ရက် ညနေတိုင်း ဝန်ထမ်းကြိုပို့ယာဉ်များ တန်းစီရပ်နေခြင်းဟာ ညနေရုံးဆင်းကာနီး နာရီဝက်မတိုင်မီကတည်းက အစီအရီရပ်နေခြင်းလည်း ဖြစ်ပါတယ်။ **(အပေါ်ပုံ)**

ယနေ့ ပြည်သူများရဲ့ အသိ၊ အမြင်က စူးရှလွန်းပါတယ်။ လေဟာနယ်ထဲမှာ ပျံ့လွင့်နေတဲ့ မြူမှုန်မြူစလေးများကိုပင် ထင်းခနဲနေအောင် ကြည့်တတ်၊ မြင်တတ်၊ တွေ့တတ်နေကြပါပြီ။ ခေတ်ကာလရဲ့ ပြတင်းတံခါးက ထင်သာမြင်သာ ပွင့်လင်းသွားပြီမို့ မြို့လယ်ကောင်ဆူးလေဘုရားဝန်းကျင်နဲ့ သမိုင်းဝင်လွတ်လပ်ရေးကျောက်တိုင်ကြီး ထီးထီးမားမားတည်ရှိရာ မဟာဗန္ဓုလပန်းခြံအနီး မြို့ကျက်သရေဆောင် ခမ်းနားလှပလွန်းတဲ့ မြို့တော်ခန်းမကြီးရှေ့ပလက်ဖောင်း ဖြူ၊ နီကျားတစ်လျှောက်မှာ ရပ်တန့်စောင့်ဆိုင်းနေတဲ့ မြို့တော်စည်ပင်ကြိုပို့ယာဉ်ကြီးများကို ကြည့်ပြီး အများသူငါက လက်ညှိုးထိုးနေကြပါပြီ။ ခေါင်ကစမိုးမလုံတော့ တံစက်မြိတ်ပါမိုးလုံပါ့မလားတဲ့။

မြို့တော်ခန်းမကြီးရဲ့ လမ်းတစ်ဖက်ခြမ်း မဟာဗန္ဓုလပန်းခြံရှေ့မှာ ကျယ်ပြန့်တဲ့ကွက်လပ်ကြီး ရှိနေပါတယ်။ ထိုအလှမ်းမကွာတဲ့နေရာမှာ မြို့တော်စည်ပင်မှ ညနေခင်းကြိုပို့ယာဉ်များက ရပ်တန့်စောင့်ဆိုင်းပေးမယ်ဆိုရင်ဖြင့် ဆူးလေဘုရားဘက်ကနေ မဟာဗန္ဓုလပန်းခြံလမ်း (အပေါ်ဘက်ကို) ကွေ့ဝင်မယ့်ယာဉ်များအဖို့ လွတ်လွတ်လပ်လပ်၊ ကျယ်ကျယ်ဝန်းဝန်း သွားလမ်းသာလို့ လာလမ်းဖြောင့်နိုင်ရေး သတိမူ၍ မြူပါမြင်နိုင်ကြစေရန် မြန်မာ့အလင်းသတင်းစာ စာမျက်နှာများက တစ်ဆင့် ထင်ဟပ်တင်ပြလိုက်ရပါကြောင်း. . ။

ကိုကြီးတင်

ပြင်ဆင်ဖတ်ရှုပါရန်

၃-၈-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈ ကော်လံ ၁ ပါ ပြည်သူတွေကို ပြုံးပျော်စေမယ့် သုခုမရင်ခွင်အငြိမ့်သဘင်ဆောင်းပါးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပထမဆုံးအကြိမ် စီစဉ်တင်ဆက်မည့် သုခုမရင်ခွင်အငြိမ့်သဘင် ပရိုဂရမ်စတင်မည့်ရက် သြဂုတ်လ ၇ ရက်အစား ၄ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဆွေဆွေနိုင်

သမိုင်းဘုရင့်နောင်လမ်းဆုံ မီးပွိုင့်တွင် မဆင်မခြင်မောင်းနှင်လာသောယာဉ်မောင်းတစ်ဦး ပွဲချင်းပြီးသေဆုံး

ရန်ကုန် သြဂုတ် ၃

သြဂုတ် ၂ ရက် ည ၇ နာရီခွဲခန့်က မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံ လမ်းအတိုင်း လှိုင်သာယာဘက်မှ သမိုင်းလမ်းဆုံအဆင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာသောအင်းစိန်မြို့နယ် (၈) ရပ်ကွက် ပိတောက်(၁) လမ်း အမှတ်(၄၃၇/ခ)နေ ကိုဂျိုးဇက် အသက်(၃၈ နှစ်)၏ ၃ခ/. . (ငွေမင်ရောင်) ပါဂျဲရိုးယာဉ်သည် ဘုရင့်နောင်လမ်းဆုံ မီးပွိုင့်၌ ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း၌ အသုံးပြုနေသော သံမဏိငြမ်းစင်ကို အရှိန်ပြင်းစွာ ဝင်တိုက်မိသဖြင့် ကား ဦးခေါင်းပိုင်း ပျက်စီးသွားပြီး ယာဉ် မောင်းသူမှာ ပြင်းထန်သော ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် ပွဲချင်းပြီး သေဆုံးသွားကြောင်း သိရသည်။

(၀၁၅)

အတ္တရံမြစ်ရေဆက်လက်မြင့်တက်မှုကြောင့် ကျေး

မော်လမြိုင် သြဂုတ် ၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ဇူလိုင် ၂၈ ရက်ကစ၍ မိုးရေချိန်
ခဲ့ရာမှ ဇူလိုင် ၃၀ ရက်တွင် မိုးရေချိန် ၆ ဒသမ ၄၅လက်မထိ မိုးသည်းထန်စွာ ရွာ
မြင့်တက်ခဲ့ပြီး ဇူလိုင် ၃၀ ရက်အထိ ကျိုက်မရောမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာ ၄
ပြီးသည့် လယ်မြေ ၄၀၂၁၅ ဧကခန့်အနက် မြစ်အနီးရှိ ကျေးရွာအုပ်စု ၃
တောင်သူ ၅၁၅ဦးစိုက်ပျိုးထားသည့် လယ်မြေ ၂၅၇၅ ဧကမှာ ရေလွှမ်းနစ်
မွန်စုမူလတန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲတို့အား ဇူလိုင် ၃၀ ရက်ကစ
သိရသည်။ ဇူလိုင် ၃၁ ရက်တွင် အတ္တရံမြစ်ရေမှာ ဆက်လက်မြင့်တက်နေသဖြင့်
ရှိ ဖာသိမ်၊ ဘိန်းဗျော၊ ထရံပေါလော၊ ဦးလေး၊ ကွာင်နီး၊ နိတုံ၊ မယ်ကရို၊ ငပြေမ၊
(၂)နှင့် အမှတ်(၅) မူလတန်းကျောင်းများ၊ မူလတန်းလွန်ကျောင်းများ၊ အလယ
ပိတ်ထားခဲ့ရသဖြင့် စုစုပေါင်း ၁၂ ကျောင်းတို့ကို ယာယီပိတ်ထားခဲ့ရသည်။ ချော
အန္တရာယ်စိုးရိမ်ရသည့် အိမ်ထောင်စု ၂၅ စုမှ လူဦးရေ ၆၈ ဦးကို ကျေး
အိမ်ထောင်စု ၁၂ စုမှ လူဦးရေ ၃၂ ဦးကို ကျေးရွာဘုန်းကြီးကျောင်းသို့
ကျိုက်မရောမြို့ ရှင်စောပုရပ်ကွက် အတ္တရံမြစ်ကမ်းနားရှိ အိမ်ထောင်စု ၅
အမျိုးသမီး ၁၂၄ ဦး စုစုပေါင်း ၂၄၃ ဦးကို အမှတ်(၁)မူလတန်းကျောင်းတွင်
ပြောင်းရွှေ့နေရာချထားခဲ့သည်။ ကျိုက်မရောမြို့ စိုးရိမ်ရေမှတ်မှာ ၅၁၀ စင်တီ
ညနေ ၆ နာရီအချိန် တိုင်းထွာချက်အရ ၅၅၉ စင်တီမီတာသို့ ရောက်ရှိနေသ
စင်တီမီတာ ကျော်လွန်လျက်ရှိကြောင်း၊ ရေကြီးနစ်မြုပ်နေသည့် မိုးစပါးစိုက်
ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိ
ရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကောက်ယူလျက်ရှိပြီး မြစ်ရေလွှမ်းမိုးမှု အဓိက
ကျေးရွာသို့ မြို့နယ်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီဥ
ဦးအောင်ထိုက်နှင့်အဖွဲ့ဝင်များ သွားရောက်၍ ရေဘေးဒုက္ခသည်များအား လိုအပ်
ပေးလျက်ရှိကြောင်း သိရသည်။

(အော
ဘာသ
ယမန်
ကမာ
အမျိုး
မျိုးမြ
ကျော
ချီးမြ

တ

နေ
သွယ
ပွင့်လ
အမှ
ထပ်
ဖြည့်
ရှိသ
ဆန္ဒ
လက
Mob

ပြည်တွင်းသတင်း

နိုင်ငံသားနှင့် နိုင်ငံ့သားကောင်း

ဒေါက်တာသီတာတင်

နိုင်ငံတိုင်းတွင် နိုင်ငံသားများရှိသည်မှာ အဆန်းတကြယ်မဟုတ်ပေ။ "နိုင်ငံသား"ဟူသော ဝေါဟာရမှာလည်း လူတိုင်းသိသော စကားလုံးပင်ဖြစ်သည်။ နိုင်ငံသားတိုင်းတွင်လည်း သက်ဆိုင်ရာနိုင်ငံအတွင်း အမြဲတမ်းမှီတင်းနေထိုင်ခွင့်နှင့်အတူ အဆိုပါနိုင်ငံမှ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရပိုင်ခွင့်များလည်း ခံစားပိုင်ခွင့်ရှိပါသည်။ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်မှ စောင့်ရှောက်ပေးထားသည်ဟူသော ခံစားပိုင်ခွင့်များရရှိသလိုတစ်ဖက်မှလည်း နိုင်ငံသားများဘက်မှလိုက်နာစောင့်ထိန်းအပ်သော အခြင်းအရာများလည်း ရှိပေသည်။

အဆိုပါ လိုက်နာစောင့်ထိန်းအပ်သော အခြင်းအရာများမှာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိခြင်း၊ နိုင်ငံတော်မှချမှတ်ထားသော ဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာခြင်း၊ နိုင်ငံနှင့် နိုင်ငံသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းလေးစားခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်ရှိ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ဘာသာအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို လေးစားမြတ်နိုးခြင်း အစရှိသည်တို့ဖြစ်ပါသည်။ အဘယ့်ကြောင့် နိုင်ငံသားများအနေဖြင့် အဆိုပါ စောင့်ထိန်းအပ်သည်များကို လုပ်ဆောင်ရပါသနည်းဟု မေးပါက သည်မြေမှာမွေး၊ သည်ရေသောက်၍ သည်မြေတွင်ကြီးပြင်းကာ နိုင်ငံတော်၏စောင့်ရှောက်မှုဖြင့် မှီတင်းနေထိုင်လာခဲ့သည့် တိုင်းရင်းသားပြည်သူ နိုင်ငံသားအပေါင်းတို့အနေဖြင့် မိမိနိုင်ငံတော်ကြီး စည်ပင်တိုးတက် ငြိမ်းချမ်းမှုကို ပိုမိုဖြစ်ထွန်းလာစေရေးမှာ အမိနိုင်ငံတော်ကြီးတွင် နေထိုင်ကြသည့် နိုင်ငံသားအားလုံး၏ အရေးကိစ္စပင်ဖြစ်ပါသည်။ ယင်းသို့ နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရာတွင် ကိုယ်ကျိုးမငဲ့ဘဲ စွမ်းစွမ်းတမံ ထမ်းဆောင်ရွက်ကြသူများနှင့် အသက်စွန့်၍ ကာကွယ်စောင့်ရှောက်ကြသည့် နိုင်ငံသားများသည် နိုင်ငံ့သားကောင်းများပင် ဖြစ်ကြပေသည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ ဟန်ချက်ညီညီဖြင့် နိုင်ငံ့ကောင်းကျိုးကို လုပ်ဆောင်ကြသည့် ကမ္ဘာ့နိုင်ငံများသည် တည်ငြိမ်အေးချမ်းမှု ရှိကာဖွံ့ဖြိုးတိုးတက်မှုသည်လည်း အနှောင့်အယှက်မရှိ လုပ်ဆောင်နိုင်သည် ကိုတွေ့မြင်ကြရပေမည်။ နိုင်ငံသားနှင့် နိုင်ငံ့သားကောင်းများ စောင့်ထိန်းလုပ်ဆောင်ကြသည့် ကိစ္စရပ်များနှင့် ဆန့်ကျင်ဘက် လုပ်ဆောင်နေပါက ထိုနိုင်ငံသားသည် မိမိခြေထောက်ကို မိမိရိုက်ချိုးသော မိုက်မဲသူကဲ့သို့ပင် မိမိမှီတင်းနေထိုင်ရာ အမိနိုင်ငံတော်ကြီးကို မိမိတို့ကပင် ဖျက်လိုဖျက်ဆီးလုပ်သကဲ့သို့ပင် ဖြစ်ချေတော့မည်ဖြစ်သည်။

ထိုသို့ အမိနိုင်ငံတော်ကြီး စည်ပင်တိုးတက်ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် နိုင်ငံသားတိုင်းအနေဖြင့် မိမိတို့၏ကျရာ အခန်းကဏ္ဍတွင် တက်တက်ကြွကြွဖြင့် အပြုသဘောဆောင်သော လုပ်ဆောင်မှုများကို ဆောင်ရွက်ကာ တိုင်းပြည်ကို အလုပ်အကျွေးပြုကြရမည်ဖြစ်ပါသည်။ ဤနေရာတွင် အပြုသဘောဆောင်သော လုပ်ဆောင်မှုဆိုသည်မှာ အဘယ်အရာကို ခေါ်သနည်းဟု မေးလာပါက တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ငြိမ်းချမ်းစေရန်ဟူသော စိတ်စေတနာဖြင့် မတူညီသည်များကို နားလည်မှု၊ စာနာမှုအစရှိသည့် စိတ်နေစိတ်ထားများဖြင့် ပူးပေါင်းညှိနှိုင်းလုပ်ဆောင်ကြခြင်းပင်ဖြစ်ပါသည်။

နိုင်ငံနှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းခြင်းမှာလည်း နိုင်ငံတစ်နိုင်ငံနှင့်နိုင်ငံသားတိုင်းတွင် အလွန်ပင်အရေးကြီးသောကိစ္စတစ်ရပ်ပင်ဖြစ်ပါသည်။ မိမိယဉ်ကျေးမှုကို မထိန်းသိမ်းနိုင်ပါက လူမျိုးပါ ပျောက်ကွယ်မည်ဖြစ်ပါသည်။ သာဓကအားဖြင့် လက်တင်အမေရိကဒေသများတွင် ရှေးယခင်က ထင်ရှားကြီးကျယ်ခဲ့သော မာယာလူမျိုးတို့၏ ယဉ်ကျေးမှုမှာ စပိန်နယ်ချဲ့တို့၏ စနစ်တကျ လွှမ်းမိုးထိန်းချုပ်မှုအောက်တွင် ပျောက်ကွယ်လုမတတ်ဖြစ်ခဲ့ရပြီး မာယာဘာသာစကားပြောဆိုတတ်သူပင် အနည်းငယ်မျှသာ ကျန်ရှိခဲ့တော့သည့် အခြေအနေမျိုးကို ဆိုက်ရောက်ခဲ့ပါသည်။ ယနေ့ခေတ်တွင် တောင်ကိုရီးယားနိုင်ငံကဲ့သို့ အရှေ့တိုင်းယဉ်ကျေးမှုထွန်းကားသည့် နိုင်ငံမျိုး၌ပင် ကမ္ဘာအနှံ့ ပျံ့နှံ့လာသည့် အနောက်တိုင်းယဉ်ကျေးမှုကို နှောင်းခေတ်လူငယ်များ နှစ်ခြိုက်အားကျစွာ ကျင့်သုံးဝတ်ဆင်နေထိုင်လာကြသည့်အတွက် ကိုရီးယားယဉ်ကျေးမှုစရိုက်လက္ခဏာများ တစ်စနှင့်တစ်စ လျော့ပါးလာမည့် ခြိမ်းခြောက်မှုနှင့်ရင်ဆိုင်နေရပါသည်။ သို့ဖြစ်၍ မိမိယဉ်ကျေးမှုကို မပျောက်ပျက်စေရန် ရည်ရွယ်ပြီး တိုင်းတစ်ပါး ယဉ်ကျေးမှုများ လွှမ်းမိုးမှုမှ ကာကွယ်ရန်အတွက်နှင့် မလျော်ကန်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများနှင့် လုပ်ဆောင်မှုများကို တားမြစ်သည့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံတွင် ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ ဥပဒေတစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ တာဝန်ပင်ဖြစ်ပါသည်။ ယနေ့ ၂၁ ရာစုတွင် တွေ့ကြုံနေရသည့် ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့် သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများသည် ကမ္ဘာ့နိုင်ငံများနှင့် လူတိုင်းအပေါ် အကောင်းအဆိုး ဒွန်တွဲသက်ရောက်လျက်ရှိသည်။ အဆိုပါအခြေအနေများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ရင်ဆိုင်ရမည့်အခြေအနေများအနက် တစ်ခုအပါအဝင်လည်းဖြစ်ပေသည်။ ခေတ်မီနည်းပညာကောင်းများ၏ အကျိုးကျေးဇူးဖြစ်သည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိခွင့်ရရှိနိုင်သော်လည်း၊ မကောင်းကျိုးအဖြစ် တချို့သော သတင်းများသည် အမုန်းပွား ရန်များစေသည့်သတင်းများ (Hate speech) ကြောင့် တိုင်းရင်းသားအချင်းချင်းသော်လည်းကောင်း၊ ဘာသာရေးအရလည်းကောင်း၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအရလည်းကောင်း အထင်အမြင်လွဲမှားစေကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ဖြစ်စေနိုင်သည်များကို တွေ့ရှိနေရပါသည်။ ထိုသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ဖြစ်စေခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေနိုင်သည့် အနေအထားများ မဖြစ်ပေါ်စေရန် လုပ်ဆောင်ရမည့်တာဝန်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။

ထိုသို့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့် သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၏ ဆိုးကျိုးသက်ရောက်မှုများ မဖြစ်စေရန်အတွက် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးကိုဖြစ်ထွန်းစေနိုင်သည့် Social Responsibility Media ဟုဆိုသည့် လူမှုတာဝန်သိသော မီဒီယာပုံစံကို ဟန်ချက်ညီညီဖြင့် ပူးပေါင်းဖော်ဆောင်ရမည်ဖြစ်သည်။

သို့ဖြစ်၍ လွတ်လပ်မှုတပြီး တရားဥပဒေစိုးမိုးမှုရှိသော ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီလူ့ဘောင်ကြီးကို တည်ဆောက်ရာတွင် လူတိုင်းလိုက်နာသင့်သည့် အချက်များဖြစ်သည့် တိုင်းရင်းသားအချင်းချင်း မတူညီသော ယဉ်ကျေးမှုဓလေ့များနှင့် ကိုးကွယ်ယုံကြည်မှုများအကြား နားလည်မှုနှင့် အပြန်အလှန်လေးစားမှုများထားရှိခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်းများကို လေးစားလိုက်နာခြင်း၊ ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်သည့် ညစ်ညမ်းသောအပြုအမူ အပြောအဆို လုပ်ဆောင်မှုများကို ရှောင်ကြဉ်ခြင်းနှင့် မကောင်းမှုဒုစရိုက်များဖြစ်သည့် အကြမ်းဖက်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါး အစရှိသည်များကို ရှောင်ကြဉ်ခြင်းဖြင့် သာယာဝပြောသည့် လူမှုအသိုက်အဝန်းကို ကောင်းမွန်စွာ တည်ဆောက်နိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပေတော့သည်။ ။

ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့် သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်မှု၏ ဆိုးကျိုးသက်ရောက်မှုများ မဖြစ်စေရန်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို ဖြစ်ထွန်းစေနိုင်သည့် Social Responsibility Media ဟုဆိုသည့် လူမှုတာဝန်သိသော မီဒီယာပုံစံကို ဟန်ချက်ညီညီဖြင့် ပူးပေါင်းဖော်ဆောင်ရမည်ဖြစ်။

အခွန်ဆိုင်ရာ ပညာပေးဟောပြောပွဲ ကျွန်းလှ အထက၌ ကျင်းပ

ကျွန်းလှ ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ပြည်တွင်းအခွန်ဦးစီးဌာန၏ စီစဉ်မှုဖြင့် အခြေခံပညာအလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူများအား အခွန်ဆိုင်ရာသိကောင်းစရာ ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက အထကခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက အမှာစကားပြောကြားပြီး ကန့်ဘလူမြို့နယ် အခွန်ဦးစီးမှူး ဦးတင်ထွန်းက အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး ကာတွန်းနှင့်ဂျာနယ်အခွန်ဆိုင်ရာပညာပေးစာစောင်များ အခမဲ့ပေးဝေကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်)မှ ကြီးမှူးကျင်းပသော အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်း အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန၌ကျင်းပရာ ဒုတိယဝန်ကြီးဒေါက်တာမျိုးမြင့် **(ယာပုံ)**က အမှာစကားပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိဈေးများတွင် တန်ဖိုးနည်း GSM/CDMA Mobile Phone Simcard များဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၃

ယနေ့နိုင်ငံတော်သည် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး ပွင့်လင်းမြင်သာမှု ရှိလာသည်နှင့်အမျှ ပြည်သူတို့၏ ဆန္ဒနှင့်ဘဝထပ်တူကျနိုင်စေရန် အဘက်ဘက်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူတို့၏ သဘောထားဆန္ဒများနှင့်အညီ ပြည်သူတို့လက်ဝယ်အရောက် GSM/ CDMA Mobile Phone Simcard များအား ပြည်သူများရှေ့မှောက် ပွင့်လင်းမြင်သာစွာ မဲနှိုက်ဖြန့်ဝေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီ နယ်မြေအတွင်းမှ ဈေး ၁၂ ဈေးရှိ ဈေးတာဝန်ခံရုံးများတွင် တစ်ပြိုင်တည်းကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် တက်ရောက်ကြည့်ရှုအားပေးသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိဈေးများဖြစ်သော ရွှေကြာပင်ဈေးအတွက် ကတ် ၅၀၊ ပျဉ်းမနားမြို့မဈေးအတွက် ကတ် ၇၀၊ ယုဇနဈေးအတွက် ကတ် ၃၀၊ လယ်ဝေးဈေးအတွက် ကတ် ၅၀၊ တပ်ကုန်းဈေးအတွက် ကတ် ၇၀၊ အင်ကြင်းဈေး၊ သရဖီဈေး၊ ဂန္ဓမာဈေး၊ ချယ်ရီဈေးနှင့် ရွှေသဇင်ဈေးများအတွက် ၁၀ ကတ်စီ၊ တောင်ဇလပ်ဈေးနှင့် ဇီဇဝါဈေးအတွက် ငါးကတ်စီ စုစုပေါင်း GSM/CDMA Simcard ၃၃၀ ကို ဈေး ၁၂ ဈေးရှိဈေးသူ ဈေးသားများအား မဲနှိုက်ဖြန့်ဝေပေးခဲ့သည်။

(အပေါ်ပုံ) (သတင်းစဉ်)

ရန်ကုန် – မော်လမြိုင်ကားလမ်း မော်တော်ယာဉ်များ ပုံမှန်သွားလာနိုင်

မော်လမြိုင် ဩဂုတ် ၃

မွန်ပြည်နယ် သထုံခရိုင်အတွင်း၌ ဇူလိုင် ၂၃ ရက် မှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်း၍ တောင်ကျရေများ ကျဆင်းမှုကြောင့် ဘီးလင်းမြို့နယ်ရှိ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်၌ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ရေကြီး၊ ရေကျော်ခြင်းများ စတင်ဖြစ်ပေါ်ခဲ့သဖြင့် မော်တော်ယာဉ်သွားလာမှုများ ရပ်တန့်ခဲ့ကြောင်း သိရသည်။

ယာဉ်များပုံမှန်သွားလာ

ဘီးလင်းမြို့နယ် ရန်ကုန်-မော်လမြိုင် ကားလမ်းမပေါ်ရှိ သကြားစက်လမ်းဝ မိုင်တိုင်အမှတ် (၁၂၆/၄-၅)အကြား၊ ဒေါက်ရပ်ကျေးရွာ မိုင်တိုင်အမှတ် (၁၂၇/၀-၁)အကြားနှင့် မစောတံတားအနီး မိုင်တိုင်အမှတ် (၁၂၉/၀-၁)အကြား သုံးနေရာတွင် ကားလမ်းမပေါ်အမြင့်သုံးပေခန့် ရေကျော်နေကြောင်း၊ ထို့ပြင် ဘီးလင်းမြို့ပေါ်ရှိ ဘိုးရာဇာရပ်ကွက် ဘိုးလှကြီးရပ်ကွက်နှင့် ရွှေလှေကျေးရွာတို့တွင် အမြင့်တစ်ပေခန့် ရေတက်လျက်ရှိကြောင်း သိရသည်။ ယင်းနေ့ ညနေ ၆ နာရီခန့်မှစ၍ မိုးရွာသွန်းမှုနည်းပါးပြီး တောင်ကျချောင်းရေလျော့နည်းလာမှုကြောင့် ရန်ကုန်- မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်ရှိ အထက်ပါနေရာများတွင် ဇူလိုင် ၃၀ ရက် နံနက် ၄ နာရီခွဲခန့်မှစပြီး ရေကျဆင်းခဲ့၍ မော်တော်ယာဉ်များပုံမှန်သွားလာနေပြီဖြစ်ကြောင်း သိရသည်။

(လ/၀၁၂)



ရေလုပ်ငန်း
ဝဘေးဆိုင်ရာ
က်ရေးစီမံခန့်ခွဲ
တရင် ရေဘေး
ျား ဖွဲ့စည်းခဲ့
ာများသို့ ကယ်
းနှင့် တိရစ္ဆာန်
ရှောက်ရေးနှင့်
က်သာချောင်ချိ
လုပ်ဆောင်ရန်
ညနေပိုင်းတွင်
းသို့ သွား
တင်းရရှိသည်။
(သတင်းစဉ်)

…တွင် …င်းပြီးသေဆုံး

မီးပွိုင့်၌
ာ်တား တည်
ခွင် အတွင်း၌
ဇဂါငြမ်းစင်ကို
်တိုက်မိသဖြင့်
ပျက်စီးသွားပြီး
ပြင်းထန်သော
ဖြစ်နေရာတွင်
းကြောင်း သိရ
(၀၁၅)

…ကြောင့် ကျေးရွာများရေနစ်မြုပ်

…ဂုတ် ၃

ရက်ကစ၍ မိုးရေချိန် သုံးလက်မကျော် ရွာသွန်း
ထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အတ္တရံမြစ်ရေ
ရပ်ကွက်၊ ကျေးရွာ ၄၆ အုပ်စုတွင် မိုးစပါး စိုက်ပျိုး
ိးရှိ ကျေးရွာအုပ်စု ၃၆ စု၊ ကွင်း ၆၉ ကွင်းတွင်
ဧကမှာ ရေလွှမ်းနစ်မြုပ်၍ ချောင်းနှစ်ခွကျေးရွာရှိ
း ဇူလိုင် ၃၀ ရက်ကစ၍ ယာယီပိတ်ထားခဲ့ကြောင်း
က်မြင့်တက်နေသဖြင့် ကျိုက်မရောမြို့နယ် အတွင်း
နိတုံ၊ မယ်ကရို၊ ငပြေမ၊ ကျိုက်မရောမြို့ပေါ်ရှိ အမှတ်
ွန်ကျောင်းများ၊ အလယ်တန်းကျောင်းခွဲတို့ကို ထပ်မံ
ိတ်ထားခဲ့ရသည်။ ချောင်းနှစ်ခွကျေးရွာတွင် ရေဘေး
ရေ ၆၈ ဦးကို ကျေးရွာအထက်တန်းကျောင်းခွဲနှင့်
ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့နေရာချထားခဲ့ပြီး
ားရှိ အိမ်ထောင်စု ၅၅ စုမှ အမျိုးသား ၁၁၉ ဦး၊
ူလတန်းကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍
ရေမှတ်မှာ ၅၁၀ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၃၁ ရက်
ိတာသို့ ရောက်ရှိနေသဖြင့် စိုးရိမ်ရေမှတ်ထက် ၄၉
နေသည့် မိုးစပါးစိုက်ပျိုးထားသော လယ်မြေစာရင်း
စီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကျေး
မြစ်ရေလွှမ်းမိုးမှု အဓိကဖြစ်ပေါ်နေသည့် ချောင်းနှစ်ခွ
ာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး
ွသည်များအား လိုအပ်သည်များကို ကူညီဆောင်ရွက်
(လ/၀၁၂)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ညောင်ဦးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မန္တလေး သြဂုတ် ၃

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေစိမ်းလန်းစိုပြည်ရေးရည်ရွယ်၍ ညောင်ဦးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက ပုဂံမြို့အာနန္ဒာဘုရားတောင်ဘက်မုခ်သစ်ပင်စိုက်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးသည်။

ရှေးဦးစွာ သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အား စိုက်ပျိုးပင်များပေးအပ်သည်။

ဆက်လက်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအဖြစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရေပင်ကို စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာ အသီးသီးတွင် ခရေနှင့် စန္ဒကူးပင်များ စိုက်ပျိုးပေးကြသည်။ ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ခရေပင်၊ ပနားမားငုပင်၊ စိန်ပန်းပင်၊ စိန်တံချူပင်၊ စန္ဒကူးပင်၊ ရေတမာပင်နှင့် မယ်ဇယ်ပင် စုစုပေါင်း သစ်ပင်မျိုးစုံ အပင် ၈၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ဦးမြို့အဝင် ညောင်ဦး-ကျောက်ပန်းတောင်းကားလမ်းဘေးတွင် ညောင်ဦးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ကားဂိတ်နှင့် ဈေးဆိုင်ခန်းများ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဘောလုံးပြိုင်ပွဲကျင်းပ

မြစ်ကြီးနား သြဂုတ် ၃

မြစ်ကြီးနားမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို သြဂုတ် ၁ ရက် ညနေ ၃ နာရီခွဲက မြစ်ကြီးနားမြို့ ပြည်နယ်ဘောလုံးအားကစားကွင်း၌ ကျင်းပရာ ယုဇနရပ်ကွက် ဘောလုံးအသင်းက ဒူကထောင်ရပ်ကွက် ဘောလုံးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဘောလုံးပွဲသို့ ဝါသနာရှင်ပရိသတ် ၃၀၀၀ ကျော် လာရောက်အားပေးခဲ့ကြောင်း သိရသည်။

မိုဃ်းကျ(မြစ်ကြီးနား)

ဆောတွင် ပုလဲသွယ်စပ်မျိုးစပါးစံကွက် ရိတ်သိမ်း

ဆော သြဂုတ် ၃

ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ဂန့်ဂေါခရိုင် ဆောမြို့ ဇေယျာရပ်ကွက် တောင်သူဦးဝင်းဖေ၏ လယ်မြေ၌ ဇူလိုင် ၂၃ ရက်က ကျင်းပရာ**(အောက်ပုံ)** တစ်ဧကပျမ်းမျှ ၁၅၉ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးညွန့်အောင်နှင့် ကွင်းဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးဇော်မင်းနိုင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြသည်။

ဆောမြို့နယ်တွင် ၂၀၁၂-၂၀၁၃ စိုက်ပျိုးရာသီ၌ နွေစပါး ဧက ၂၁၇၀ စိုက်ပျိုးရာ ပုလဲသွယ်စပ်မျိုးစပါး ၁၃၇ ဧကစိုက်ပျိုးထားကြောင်းနှင့် ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှူးနှင့် အဖွဲ့သည် တောင်သူများနှင့်တွေ့ဆုံ၍ မိသားစုဝင်ငွေ တိုးရန်အတွက် အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးကြရေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၁၀၁)**

ကျောင်းစရိတ်လှူဒါန်း

မိတ္ထီလာ သြဂုတ် ၃

မန္တလေးမြို့ ဘာသာပေါင်းစုံ ကရုဏာရှင်များအဖွဲ့က မိတ္ထီလာမြို့ ဒုက္ခသည် စခန်းများမှအထက်တန်းနှင့် အလယ်တန်းကျောင်းသား ကျောင်းသူ ၄၄၄ ဦး အတွက် တစ်နှစ်စာ ကျောင်းအပ်နှံစရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာအတွက် အလှူငွေများကို ပြင်ဦးလွင်မြို့မှ အာရှအလင်းရောင် ဆရာတော် ဦးဆောင်မှုဖြင့် ဘာသာပေါင်းစုံ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေအဖွဲ့က ဇူလိုင် ၃၀ ရက်တွင် ထီလာသုခသာမဂ္ဂီအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်စိုးထံ အလှူငွေကျပ် ၁၆၀၃၉၀၀ ကို ပေးအပ်လှူဒါန်းကြောင်းသိရသည်။ **(၀၁၂)**

တန်ဖိုးငွေကျပ် ၁၃၂ သန်းကျော်ရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မန္တလေး သြဂုတ် ၃

မန္တလေးတိုင်းဒေသကြီး မန္တလေး (မူးယစ်/မြောက်)မှ ရဲအုပ်ကျော်စိုးလင်းနှင့်အဖွဲ့တို့ ပူးပေါင်း၍ သက်သေများနှင့်အတူ ဇူလိုင် ၃၀ ရက် ညနေ ၆ နာရီက သတင်းအရ မန္တလေး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာမြို့သစ်နေ မဆွေဆွေမာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေကြရာ နေအိမ်အတွင်း ပြည်ကြီးတံခွန်မြို့နယ် စက်မှု (၂)ရပ်ကွက်နေ ချစ်ပွိုင့် (၂၇)နှစ်၊ ချမ်းမြသာစည်မြို့နယ်နေ ဇာနည်မောင်(၂၅)နှစ်၊ မတင်တင်စိုး (၂၅)နှစ်နှင့် ချမ်းမြသာစည် တောင်ရပ်ကွက်နေ မအေးအေးအောင် (၂၂) နှစ်တို့ လေးဦးကို တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းရှိ မြွေရေခွံအိတ်သုံးအိတ်အတွင်းမှ ဆူဒိုအက်ဖီဒရင်းဆေးပြား ၉၅၃၂၅၀၊ ဆူဒိုအက်ဖီဒရင်းအမှုန့် ၉ ဒသမ ၅ ကီလို၊ အက်ဖီဒရင်း ၁ ဒသမ ၅၅ ကီလို၊ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၊ မဆွေဆွေမာ၏ မှတ်ပုံတင်နှင့် မြန်မာငွေကျပ် သိန်း ၂၄၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ဆိုင်ကယ်နှစ်စီးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ဆက်လက်စစ်ဆေးချက်အရ ဖမ်းဆီးရမိသည့် ဆူဒိုအက်ဖီဒရင်း ဆေးပြားများနှင့် ဆေးပြားအကြေမှုန့်များကို မဆွေဆွေမာ၏ မောင်တော်စပ်သူ ကျော်ဇင်ထိုက်နှင့် ချစ်ပွိုင့်တို့နှစ်ဦးက ပြန်လည်ရောင်းချရန် အိန္ဒိယနိုင်ငံ မိုးရေးမြို့မှ ဝယ်ယူလာခြင်းဖြစ်ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများမှာ မဆွေဆွေမာ ပိုင်ဆိုင်သည့် ဆေးပြားများဖြစ်ကြောင်းနှင့် မဆွေဆွေမာနှင့် ကျော်ဇင်ထိုက်၊ ချစ်ပွိုင့်၊ ဇာနည်မောင်၊ မတင်တင်စိုးနှင့် မအေးအေးအောင်တို့ ခြောက်ဦးကို အောင်ပင်လယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

မိတ္ထီလာ၌ သီးနှံလျော်ကြေးပေးအပ်

မိတ္ထီလာ သြဂုတ် ၃

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEP ရေနံရှာဖွေရေးကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် မိတ္ထီလာမြို့နယ် ဇရပ်ကုန်းကျေးရွာအုပ်စု ဆူးရစ်တန်း ရွာတန်းကျေးရွာများအတွင်း ရေနံရှာဖွေရေး လမ်းကြောင်းပေါ်ရှိ သီးနှံစိုက်ခင်းများနှင့် ကန်သင်းပေါင်များ ထိခိုက်နစ်နာမှုအတွက် သီးနှံလျော်ကြေးပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၃၁ ရက် ညနေ ၃ နာရီ က ဆူးရစ်တန်းကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ကော်မတီအတွင်းရေးမှူး ဦးသိန်းထွန်းဇော်နှင့် ကော်မတီဝင်များ၊ PTTEP ကုမ္ပဏီမှ တာဝန်ရှိသူများက သီးနှံလျော်ကြေးပေးအပ်ရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူ ၃၀ အား စုစုပေါင်း သီးနှံလျော်ကြေးငွေ ၁၀၃၁၉၂၃ ကျပ် ပေးအပ်သည်။ **(အပေါ်ယာပုံ)**

PTTEP ရေနံရှာဖွေရေးကုမ္ပဏီအနေဖြင့် မိတ္ထီလာမြို့နယ်အပါအဝင် ရမည်းသင်း၊ ကျောက်ပန်းတောင်း၊ နတ်မောက်၊ တောင်တွင်းကြီး၊ ဆင်ပေါင်ဝဲ၊ မြို့သစ်၊ အောင်လံ စသည့် မြို့နယ်များအတွင်း ရေနံရှာဖွေလမ်းကြောင်းပေါ်ရှိ ကျေးရွာများမှ တောင်သူများအား စုစုပေါင်း ငွေကျပ်သိန်း ၂၇၀၀ ကို သီးနှံလျော်ကြေးပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

(၄၃၅)

မြို့နယ်သတင်းတိုများ

နန့်စီးအောင်ဘုတာ စကြံပလက်ဖောင်း အသစ်ပြုပြင်

နန့်စီးအောင် သြဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်စီးအောင်ဘူတာ စကြံပလက်ဖောင်းအသစ်ကို ဇူလိုင် ၂၈ ရက် နံနက် ၇ နာရီက မြိုင်သာယာဆရာတော် ဦးဉာဏိက၊ ပေကုန်း ဆရာတော် ဦးစာရိန္ဒ၊ နန့်စီးအောင်ဘူတာ တာဝန်ခံရုံပိုင် ဦးသိန်းမြတို့ ဦးဆောင်ပြီး ကြီးကြပ်ပြုပြင်လျက်ရှိသည်။

အဆိုပါ ဘူတာစကြံပလက်ဖောင်းအသစ်ပြုပြင်ရာသို့ နန့်စီးအောင်ကျေးရွာ၊ မြိုင်သာယာကျေးရွာ၊ ပေကုန်းကျေးရွာများမှ ကျေးရွာသူ ကျေးရွာသား ၁၀၀ ခန့်တို့က လာရောက်ပြီး လုပ်အားဒါနများပေးလှူကြကြောင်း၊ ဒေသခံအလှူရှင်များကလည်း စေတနာထက်သန်စွာဖြင့်အာဟာရဒါနများ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ နန့်စီးအောင် ဘူတာစကြံပလက်ဖောင်း အကျယ်မှာ အနံပေ ၃၀၊ အလျားပေ ၂၀၀ ခန့်ရှိပြီး အမှတ် (၅၇/၅၈) အထူးအမြန်ရထားဆိုက်ရပ်နားရန် သက်ဆိုင်ရာသို့ တင်ပြထားကြောင်း သိရသည်။

နီတိုး(မော်လူး)

လယ်ယာမြေနည်းဥပဒေ ရှင်းလင်းပွဲကျင်းပ

မော်လူး သြဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ဟောင်းတုန်းကျေးရွာအုပ်စု ဟောင်းတုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၈ ရက်နံနက် ၁၀ နာရီက လယ်ယာမြေနည်းဥပဒေရှင်းလင်းပွဲ ကျင်းပသည်။

အဆိုပါ လယ်ယာမြေနည်းဥပဒေရှင်းလင်းပွဲကို အင်းတော်မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ မြို့နယ်မြေတိုင်းစာရေး ဦးမြင့်ကျော်၊ ဟောင်းတုန်းကျေးရွာမှ ဦးအုန်းကျော်တို့က ဒေသခံတောင်သူလယ်သမားများ၏ လယ်ယာမြေနည်းဥပဒေနှင့် ပတ်သက်၍ သိရှိလိုသည့်အချက်များကို ပွင့်လင်းမြင်သာစွာဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

မိခင်နို့တိုက်ကျွေးရေး ပညာပေးမွမ်းမံသင်တန်းဖွင့်

မန္တလေး သြဂုတ် ၃

ကမ္ဘာ့မိခင်နို့ချိုတိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်၊ မိခင်နို့တိုက်ကျွေးရေး မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး စည်းဝေးခန်းမတွင် သြဂုတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ဆေးတက္ကသိုလ်၊ မန္တလေးသားဖွားမီးယပ် ပညာဌာန၊ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာကြည်ကြည်ညွန့်နှင့် ခေတ္တဆေးရုံအုပ်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာလှလှရီတို့က အဖွင့်အမှာစကားပြောကြားပြီး သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ သားဖွားမီးယပ်ဘွဲ့ လွန်သင်တန်းသားများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင် ဆရာဝန်များ၊ သူနာပြုဆရာမများ တက်ရောက်ခဲ့ကြသည်။ မိခင်နို့ချိုတိုက်ကျွေးရေး အထွေထွေဗဟုသုတပြိုင်ပွဲတွင် ဆုရရှိသူမိခင်များကို ပါမောက္ခ၊ ဌာနမှူးဒေါက်တာကြည်ကြည်ညွန့်က ဆုများချီးမြှင့်ခဲ့သည်။

အောင်သူရ (မန္တလေးကိုယ်ပွား)

မိုးရရှိသဖြင့် မြင်းမူတွင် မြေပဲစိုက်ပျိုးမှုစတင်

မြင်းမူ သြဂုတ် ၃

ဇူလိုင် ၃၀ ရက်က စတင် ရွာသွန်းခဲ့သည့်မိုးမှာ မိုးရေချိန် ၁ ဒသမ ၀၂ လက်မရရှိခဲ့ခြင်းကြောင့် မြင်းမူမြို့နယ်အတွင်း ယာခင်းများ၌ မြေပဲမျိုးချခွင့်ရရှိပြီဖြစ်ကြောင်း သိရသည်။

“တန်ခူးလကတည်းက ထယ်ရေးပြင်ခဲ့တာပါ။ ထွန်စက်ရှိနေသူ တွေကတော့ သုံးဧကကို ဆီတစ်ဂါလန်နဲ့ အချိန်လေးနာရီကြာပြီး ထွန်စက်မရှိတဲ့သူကတော့ သုံးဧကကို ခြောက်ရက်ကြာ နွားနဲ့ထွန်ရတယ်။ မျိုးစေ့က တစ်တင်းကို ငွေကျပ် ၃၂၀၀၀ ပေးရပြီး အခုပျိုးကြပြီးတာနဲ့ ကျွန်တော်တို့ တောင်သူက မိုးစောင့်နေကြရတယ်။ မိုးရွာရင်တော့ ပူစရာမရှိပါဘူး။ မိုးစရွာလို့ ယာခင်းမှာ မြေပဲခင်းကြီးတွေ မြင်ရတော့မယ်”ဟု လက်ရှိအခြေအနေကို ယာသမားတစ်ဦးက ပြောသည်။

မြေပဲစိုက်ပျိုးခြင်းသည် ယခုအချိန်၌ အခွင့်ကောင်းဖြစ်ပြီး တစ်ဧကလျှင် ငွေကျပ် သုံးသိန်းဝန်းကျင် အမြတ်ကျန်နိုင်ကြောင်း မြင်းမူမြို့နယ် ပုလဲတန် အနီးဝန်းကျင်ရှိ မြေပဲစိုက်ပျိုးသူများထံမှ သိရသည်။

ကိုကိုနိုင်(မြင်းမူ)

အခွန်ဆိုင်ရာပညာပေးဟောပြော

မန္တလေး သြဂုတ် ၃

လူငယ်များအတွင်း အခွန်ဆိုင်ရာအသိပညာတိုးတက်စေရန် ရည်ရွယ်၍ ပြည်တွင်းအခွန်များဦးစီးဌာန ချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်ဆိုင်ရာအသိပညာပေးဟောပြောပွဲကို မန္တလေး ချမ်းမြသာစည်မြို့နယ် အထက(၇) ကျောင်းခန်းမ၌ ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်သက်ဆွေနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဌေးအောင်က အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြောကြားကာ အခွန်ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **(၀၄၀)**

ပြည်တွင်းသတင်း

ဆီးဂိမ်းအောင်မြင်မှုရရှိရေး ကရာတေးဒိုအားကစားသမားများ လက်ရည်စစ်ယှဉ်ပြိုင်

ရန်ကုန် ဩဂုတ် ၃

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသော ကရာတေးဒိုအားကစားသမားများ၏ လက်ရည်စစ်ယှဉ်ပြိုင်ပွဲကို ဩဂုတ် ၂ ရက် နံနက်က အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ ကရာတေးဒိုအားကစားခန်းမ၌ကျင်းပရာ ဆီးဂိမ်းပြိုင်ပွဲအတွက် အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသတင်းအဖွဲ့ကမေးမြန်းခဲ့ရာ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က "ဆီးဂိမ်းမှာ ပြိုင်ပွဲအမျိုးအစား ၁၇ မျိုးရှိပါတယ်။ အဲဒီ ၁၇ မျိုးမှာ ရွှေ ၁၇ ခု၊ ငွေ ၁၇ ခု၊ ကြေး ၃၄ ခု ချီးမြှင့်မှာဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၃ ရက်မှာ ပြိုင်ပွဲခြောက်မျိုး၊ ၁၄ ရက်မှာ ကိုးမျိုး၊ ၁၅ ရက်မှာ နှစ်မျိုးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (A) ပြည်သူ ၃၀၀၀ဆံ့ရုံမှာ ကျင်းပမှာဖြစ်ပါတယ်။ ပြိုင်ပွဲအမျိုးအစားကတော့ ကုမိတ့ဲ ဆိုတဲ့အတိုက်နဲ့ ခတဆိုတဲ့ အားကစားနည်းတွေယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

ကုမိတဲ့ကစားနည်းကိုနေပြည်တော် ဂိုးကန့်စခန်းမှာ လေ့ကျင့်ပြီး ခတကစားနည်းကို ရန်ကုန်မြို့ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းမှာ လေ့ကျင့်ပါတယ်။ ကုမိတဲ့မှာ အမျိုးသမီးခုနစ်ဦး၊ အမျိုးသား ၁၆ ဦး၊ ခတမှာအမျိုးသမီးငါးဦး၊ အမျိုးသားလေးဦးတို့ဖြစ်ပါတယ်။ ခတအတွက်ဂျပန် နည်းပြနှစ်ဦး၊ ကုမိတဲ့အတွက် ကမ္ဘာ့အဆင့်အီရန်နည်းပြနဲ့ အာရှအဆင့် မလေးရှားနည်းပြတို့က စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိပါတယ်"ဟု ရှင်းပြသည်။

"ကျွန်တော်တို့ ကရာတေးဒိုရဲ့ သမိုင်းမှာ ယခုအချိန်အထိ ရွှေမရ

လက်ရည်စစ် ကုမိတဲ့ ပြိုင်ပွဲယှဉ်ပြိုင်စဉ်။

သတင်းနှင့်ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)

သေးပါဘူး၊ အရှေ့တောင်အာရှပြိုင်ပွဲတွေ၊ အာရှပြိုင်ပွဲအဆင့်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပေမယ့် ငွေတံဆိပ်နဲ့ ကျေနပ်နေရပါတယ်။ ဒါဟာလည်း အချိန်ကြာမြင့်စွာ အားကစားသမားရှားပါးမှုက တစ်ဖက်ပြိုင်ဘက်နိုင်ငံတွေနဲ့ကွာဟချက်တွေ ဖြစ်ပါတယ်။ တစ်နှစ်ကျော်ကာလမှာ အာရှအဆင့်လေ့ကျင့်မှုတွေ၊ ကမ္ဘာ့အဆင့်လေ့ကျင့်မှုတွေကို ပြင်းပြင်းထန်ထန်လေ့ကျင့်နေရပါတယ်" ဟု ဒေါက်တာဝင်းဇော်ကဆက်လက်ရှင်းပြသည်။

ပြိုင်ဘက်နိုင်ငံများမှာ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ပြီး ရွှေတံဆိပ်လေးဆုထက်မနည်းရနိုင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်

ဆီးဂိမ်းအကြို ကရာတေးဒိုပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (A) တွင် ကျင်းပမည် ဖြစ်ပြီး ပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆီးဂိမ်းအားကစားအဖွဲ့များအတွက် ဟိုတယ်ဇုန်မှဟိုတယ် ၂၈ လုံးနှင့် အခန်းပေါင်း ၁၅၉၅ ခန်းစီစဉ်ဆောင်ရွက်ထား

နေပြည်တော် ဩဂုတ် ၃

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး နေပြည်တော်ဇုန်၌ ပြိုင်ပွဲအားကစားနည်း (၂၆) နည်းကို အားကစားသမား ၅၉၄၁ ဦး လာရောက်ယှဉ်ပြိုင် တည်းခိုကြမည်ဖြစ်ကြောင်း သိရှိရသည်။ နေပြည်တော် ဟိုတယ်ဇုန်တွင် လက်ရှိဖွင့်လှစ်ပြီး ဟိုတယ် ၄၁ လုံး၊ အခန်းပေါင်း ၂၆၄၀ ခန်းရှိပြီး အားကစားအဖွဲ့များအတွက် ဟိုတယ် ၂၇ လုံးမှ အခန်းပေါင်း ၁၅၉၅ ခန်း တည်းခိုနိုင်ရန် နေရာချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။

ထို့အပြင် ဆောက်လက်စဟိုတယ်များကလည်း ဆီးဂိမ်းပြိုင်ပွဲကြီး အမီ အပြီးသတ် တည်ဆောက်နိုင်ရေး ကြိုးစားလျက်ရှိကြောင်းနှင့် နေပြည်တော်ဟိုတယ်များတွင် နိုင်ငံတကာအဆင့်မီတည်းခိုနိုင်ရေး၊ လာရောက်တည်းခိုကြသော နိုင်ငံတကာမှ အားကစားသမားများအား ဟိုတယ်ဝန်ထမ်းများ ကျွမ်းကျင်စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ ပို့ချလျက်ရှိကြောင်း၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း အပြိုင်အဆိုင်ဆောက်လုပ်လျက်ရှိသော ဟိုတယ်သစ်များအနေဖြင့် လာမည့်ဒီဇင်ဘာလတွင် ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲကြီးအမီ အပြီးသတ်နိုင်ရန် အားကြိုးမာန်တက်ဆောက်လုပ်လျက်ရှိကြောင်း မြတ်နန်းယုံဟိုတယ်ဆောက်လုပ်ရေးမှ ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးဟန်သိန်းထံမှ သိရှိရသည်။

ကာရန်ခ

နောင်ချိုမြို့၌ မူခင်းကျဆင်းရေးဟောပြောပွဲကျင်းပ

နောင်ချို ဩဂုတ် ၃

မူခင်းကျဆင်းရေးဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက်က နောင်ချိုမြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်၊ မြို့မရဲစခန်းမှူး ရဲမှူးမျိုးတင့်ခိုင်၊ ကျောက်မဲမြို့ ကျောက်မဲခရိုင် ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်စိုးဝင်းတို့က မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးစသည့် အကြောင်းအရာများကို ဟောပြောကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့်မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ပြည်သူ ၃၅၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

စိုးစိုး(နောင်ချို)

ကျောက်ဆည်၌ စိုက်ပျိုးနည်းပညာဆွေးနွေး

ကျောက်ဆည် ဩဂုတ် ၃

သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာစနစ်တကျသုံးစွဲနည်းစနစ်များ၊ မြေဩဇာဥပဒေဆိုင်ရာများ၊ ပိုးမွှားရောဂါ စနစ်တကျကာကွယ် နှိမ်နင်းနည်းနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေးနည်းလမ်းများ၊ ပိုးသတ်ဆေးဥပဒေ လုပ်ထုံးလုပ်နည်းများ၊ သရက်၊ ဖရဲ၊ သခွားမွှေး စသည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၏ စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းနည်းများကို စိုက်ပျိုးပညာပေးရေးအဖွဲ့(၁) အဖွဲ့ခေါင်းဆောင် မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးလှမြင့်၊ စိုက်ပညာ(ရုံးချုပ်)မှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်အေး၊ သီးနှံကာကွယ်ရေး(ရုံးချုပ်)မှ ဦးစီးအရာရှိ ဒေါ်အေးအေးမြ၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံသုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချို၊ မြေအသုံးချရေးမှ ဦးစီးအရာရှိ ဒေါ်နီနီစန်း၊ မျိုးစေ့ဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်စိုးစိုးရီတို့က ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးရုံး၌ ဩဂုတ် ၁ ရက်က ပညာပေးဆွေးနွေးခဲ့ကြသည်။

တက်ရောက်

စိုက်ပျိုးရေးဦးစီးဌာနသည် စိုက်ပျိုးနည်းပညာ ဆွေးနွေးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုဆွေးနွေးပွဲကို ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်ထွန်းနှင့်အတူ ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားမြို့နယ်များမှ စိုက်ပျိုးရေးပညာပေးဝန်ထမ်း ၁၀၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မှုခင်းသတင်းများ

ဖလမ်းမြို့အဝင်တွင် ကားလမ်းချော်မှုဖြစ်၍ သေဆုံးဒဏ်ရာရ

ကလေး ဩဂုတ် ၃

ချင်းပြည်နယ် ဖလမ်းမြို့အဝင် ကြိုဆိုပါ၏ ဆိုင်းဘုတ်အနီးတွင် ကားလမ်းမြေကျွံကျမှုကြောင့် ဩဂုတ် ၁ ရက် ည ၇ နာရီခန့်က ရွှေခြသေ့်ကားလိုင်းမှ ၆က/---- သည် ကားလမ်းချော်မှုဖြစ်ပွား၍ သေဆုံးဒဏ်ရာရသူများရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကားတိမ်းမှောက်မှုကြောင့် ဒဏ်ရာရသူ ၂၂ ဦး၊ ဆေးရုံရောက်မှ သေဆုံးသူနှစ်ဦး၊ ပွဲချင်းပြီးသေဆုံးသူသုံးဦး၊ အသက်အန္တရာယ်စိုးရိမ်ရ၍ ကလေးမြို့ဆေးရုံကြီးသို့ ပို့ဆောင်ကုသသူနှစ်ဦး၊ ဖလမ်းတွင် ကုသမှုခံယူနေသူ လေးဦးရှိကြောင်း သိရသည်။ "ယခုရက်ပိုင်း မိုးကလည်း အဆက်မပြတ်ရွာနေပါတယ်။ လမ်းကလည်း ကလေးမြို့က သွားမည်ဆိုလျှင် အတက်ကြီးပါ။ အားလုံးဂရုစိုက်ကြရပါတယ်။ အခုဖြစ်သွားတာကလည်း ကားလမ်းကချော်၊ မြေကကျွံကျပြီးဖြစ်သွားတာလို့ ပြောနေကြပါတယ်။ ဖြစ်သွားတဲ့နေရာက ဖလမ်းမြို့အဝင် ကြိုဆိုပါ၏ ဆိုင်းဘုတ်မှ ၃ ဖာလုံခန့်အကွာမှာ ဖြစ်သွားတာပါ။ ဖြစ်ပွားမှုကို သိလျှင်သိချင်း ကယ်ဆယ်ရေးတွေ သွားရောက်ကြပြီး ဆောင်ရွက်ကြပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ ချင်းပြည်နယ်အစိုးရအဖွဲ့ကလည်း ဒဏ်ရာရသူများကို တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စီ ကူညီထောက်ပံ့ပေးထားကြောင်း သိရသည်။

သျှင်နေမင်း

ကျောက်တံတားမြို့နယ်အတွင်း ဓားကိုင်ရမ်းကားသူ ဖမ်းဆီးအရေးယူ

ရန်ကုန် ဩဂုတ် ၃

ဩဂုတ်၁ ရက် နံနက် ၁ နာရီခွဲက ကျောက်တံတားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် အနော်ရထာလမ်းမဘေးပလက်ဖောင်းတွင် ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်၌ လူတစ်ဦးဓားကိုင်ရမ်းကားနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ ၎င်းမှာ ကျောက်တံတားမြို့နယ် (၃) ရပ်ကွက်နေ သန်းတင်ဦးဖြစ်ကြောင်း သိရှိရပြီး ၎င်း၏နောက်ခါးကြားမှ အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကိုတွေ့ရှိသိမ်းဆည်းရမိသဖြင့် ကျောက်တံတားမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

မဆင်မခြင်မောင်းနှင်သောကား မြောင်းထဲသို့ထိုးကျ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဩဂုတ် ၁ ရက် ည ၁၀ နာရီက ယုဇနဥယျာဉ်မြို့တော်မုခ်ဦးရှေ့ ကျွန်းရွှေဝါလမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်းစိုင်းမောင်အေး(၃၀နှစ်) မောင်းနှင်လာသော ဟွန်ဒါဖစ်ယာဉ်အမှတ် ၉င/---အပြာရောင်သည် ပဲခူးမြစ် လမ်းဆုံအရောက် အရှိန်မထိန်းနိုင်ဘဲ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရဲတပ်ဖွဲ့ စခန်းရှေ့ရှိ လမ်းဘေးရေမြောင်းအတွင်းသို့ အရှိန်လွန်ထိုးကျသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းစိုင်းမောင်အေးအား ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၈၁)

ရေကန်တွင် လူတစ်ဦးရေနစ်သေဆုံး

ပဲခူး ဩဂုတ် ၃

ပဲခူးမြို့နယ် ကျောက်ကြီးစုရပ်ကွက် အရှေ့မြို့ပတ္တာလမ်းဘေးရှိ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးစံမြန်းရာ ရေကန်တွင် ဩဂုတ် ၁ ရက် နံနက် ၆နာရီခွဲက လူတစ်ဦးရေနစ်သေဆုံးနေကြောင်း သတင်းအရ ပဲခူးမြို့နယ်အမှတ်(၁) ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး လှသိန်းနှင့်တာဝန်မှူး ဒုရဲအုပ်မြတ်သော်တို့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးနေသူမှာ စိန်အေး (ခ)ဖိုးဇော်ဝင်း (၃၁ နှစ်)ကျပန်း၊ တိုးချဲ့(၃)လမ်း ကျောက်ကြီးစုရပ်ကွက် ပဲခူးမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။ ၎င်းသည်အရက်အလွန်အကျွံသောက်တတ်၍ ဦးနှောက်ပုံမှန်မရှိကြောင်း၊ အလောင်းမှာ ခန္ဓာကိုယ်ပြာနှမ်း၊ မျက်နှာ၊ လက်၊ခြေဖဝါးများတွန့်၊ ဖြူဖွေးနေပြီး ပြင်ပဒဏ်ရာမတွေ့ရှိရကြောင်း ရဲဆေးစာဖြင့် ပဲခူးဆေးရုံသို့တင်ပို့၍ အမှတ်(၁)ရဲစခန်းသို့ ဒုရဲအုပ် မြတ်သော်က တရားလိုပြုလုပ်တိုင်ကြားခဲ့ပြီး ရဲစခန်းက အမှုဖွင့်အရေးယူကာ စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ကြည်လေး(ပဲခူး)

တရုတ်ဆေး ကျပ်သိန်း ၂၀၀ ကျော်ဖိုးဖမ်းမိ

ကလော ဩဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောပြည်ထောင်စုလမ်းမကြီး ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဩဂုတ် ၁ ရက် ည ၈ နာရီက ယာဉ်မောင်းဦးမြင့်ဌေး မောင်းနှင်လာသော တောင်ကြီး-ရန်ကုန် ရွှေကမ္ဘာခရီးသည်တင်မှန်လုံအမြန်ယာဉ် အမှတ် ၁ဃ/. . . ယာဉ်ကို ကလောမြို့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ မော်တော်ယာဉ်အောက် ဝမ်းဗိုက်အတွင်း၌ တရုတ်နိုင်ငံ TIENS ကုမ္ပဏီအမှတ်တံဆိပ်ပါ ကတ်ထူစက္ကူဖာ ၂၅ ဖာတွင် စားဆေး ၁၂ မျိုး ဘူးပေါင်း ၂၂၃၇ ဘူး ကာလတန်ဖိုးငွေကျပ် ၂၃၇၃၆၀၀၀ တန်ဖိုးရှိ အထောက်အထားစာရွက်စာတမ်းတစ်စုံတစ်ရာမပြနိုင်သော ပိုင်ရှင်မဲ့တရားမဝင်စားဆေးများ ရှာဖွေဖမ်းဆီးရရှိခဲ့သဖြင့် အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ဇော်သိန်းရည်

ပြည်တွင်းသတင်းနှင့်ဈေးကွက်

ပေါ်ကျွဲတစ်အိတ် ကျပ် ငါးထောင် ဈေးမြင့်

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်ဆန်ဈေးကွက်တွင် ယခုနှစ် ဩဂုတ် ၂ ရက် ဆန်ကြမ်းဈေးနှုန်းများသည် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ်နှစ်ထောင်၊ နွေဆန်တစ်အိတ်လျှင် ငွေကျပ်လေးထောင်၊ ယခင်နှစ်ကာလတူအချိန်ထက် ဈေးမြင့်တက်လာကြောင်း၊ ပေါ်ကျွဲတစ်အိတ်လျှင် ငွေကျပ်ငါးထောင် ဈေးမြင့်တက်လာကြောင်း သိရသည်။

ယခုနှစ် ဩဂုတ် ၂ ရက်တွင် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၊ နွေဆန်တစ်အိတ် ငွေကျပ် ၁၈၃၀၀၊ ပေါ်ကျွဲတစ်အိတ် ငွေကျပ် ၂၂၀၀၀ ၊ ပေါ်ဆန်း ဆန်တစ်အိတ် ငွေကျပ် ၂၄၀၀၀မှ ၂၉၅၀၀ အတွင်း၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀မှ ၃၄၀၀၀ အတွင်း၊ ၂-၃-၄ အမျိုးအစားဆန်ကွဲအသေး တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၊ သုံးမတ်ကျိုး ဆန်ကွဲအကြီး တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀ ဝန်းကျင်ရှိနေရာ ယခင်နှစ် ၂၀၁၂ ဩဂုတ်လဆန်း ၄ ရက်တွင် ၂၅ မှတ် ဆန်တစ်အိတ် ငွေကျပ် ၁၃၂၀၀၊ နွေဆန် တစ်အိတ် ငွေကျပ် ၁၄၃၀၀၊ ပေါ်ကျွဲတစ်အိတ် ငွေကျပ် ၁၇၀၀၀၊ ပေါ်ဆန်းတစ်အိတ် ငွေကျပ် ၂၄၀၀၀မှ ၂၉၀၀၀ အတွင်း၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀-၃၄၀၀၀ အတွင်း၊ ၂-၃-၄ ဆန်ကွဲတစ်အိတ် ငွေကျပ် ၁၂၀၀၀၊ ဆလပ်ကြီးဆန်ကွဲ တစ်အိတ် ငွေကျပ် ၁၂၈၀၀ နှုန်းရှိခဲ့ကြောင်း ဆန်ဈေးကွက်မှ သိရသည်။

မြဝတီနယ်စပ်ဒေသ ရေကြီးခြင်းကြောင့် ဆန်-ဆန်ကွဲ-ကြက်သွန်နီများ အပို့နည်းသွားခြင်း၊ တရုတ်နယ်စပ် ဆန်ဈေးနှုန်းသည် ရန်ကုန်ဈေးနှုန်း မြင့်နေ၍ အမြတ်အစွန်းနည်းပါးခြင်း၊ မူဆယ်သို့ဆန်တစ်တန်ကားခ ငွေကျပ်ငါးသောင်းထိ ဈေးကျသော်လည်း ဆန်ထက် ဆန်ကွဲအပို့များခြင်း၊ ပြည်ပသင်္ဘောတင်မှု နည်းခြင်းတို့ကြောင့် ကောက်စောစပါး စတင်ပေါ်ထွက်မည့်ကာလမတိုင်မီ စပ်ကူးမပ်ကူးနှစ်လခန့်အတွင်း ဆန်ကြမ်းဈေးနှုန်းများလှောင်လက်များမှန်းသည့်ဈေးနှုန်းသို့ရောက်နိုင်မှုခဲယဉ်းကြောင်း၊ စပ်ကူးမပ်ကူးကာလတွင် လှောင်သမားများအနေဖြင့် စပါးကြမ်း၊ ဆန်ကြမ်းများကို ဈေးအမြင့်ဖြင့် ထုတ်ရောင်းရမည်ဖြစ်၍ ဆန်ကြမ်းသမားများ ဈေးနှုန်းကစားနိုင်မည့်ကာလမှာ ရက်ပေါင်း ၅၀ ဝန်းကျင်သာရှိကြောင်း၊ သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ် ကျရောက်မှုအပေါ် ဆန်ကြမ်းဈေးနှုန်းများမြင့်တင်ရန် လုပ်ဆောင်မှုများကို အရန်ဆန်များဖြင့် ယခင်နှစ်ကဲ့သို့ ဈေးနှုန်းထိန်းသိမ်းမည်ဟု ဆန်ကုန်သည်တစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

လင်းယောခင်ရွာမှ ဝါးကုန်ကြမ်းလက်မှုပညာ ပစ္စည်းများ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျဝတီဒေသ လင်းယောခင်ရွာသည် ရန်ကုန်-မန္တလေးပုံမှန် ကားလမ်းဘေးဝဲယာတွင် တည်ရှိပြီး အိမ်ခြေ ၂၀၀ ခန့်ရှိသော ရွာလေးဖြစ်ပြီး အိမ်တိုင်းလိုလိုတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ခန့် ဘိုးစဉ်ဘောင်ဆက်က စတင်ပြုလုပ်ခဲ့ကြသော ဝါးကုန်ကြမ်းမှလက်မှုပညာဖြင့် အခြေခံလူသုံးကုန်ပစ္စည်းဖြစ်သော ဆန်ကော၊ ဆန်ခါမှ တင်းတောင်း၊ ခွဲတောင်း၊ တစ်စိတ်ဝင်တောင်း၊ ပြည်ဝင်တောင်း (ပြည်တောင်း)နှင့် တာခြင်းတောင်း (ခ)မြေသယ်ခြင်းများကို လယ်ယာလုပ်ငန်းနားချိန်တွင် အိမ်တိုင်းစေ့ မိသားစုအလိုက် တစ်ပိုင်တစ်နိုင် ရက်လုပ်နေကြသည်။ **(အောက်ပုံ)**

ထိုရွာမှ အသက် ၇၆ နှစ်အရွယ် အဘဦးစောကို မေးမြန်းကြည့်ရာ "ဒီရွာမှာ အဘတို့ မမွေးခင်ကတည်းက ဝါးကုန်ကြမ်းကို နှီးဖြာပြီး လက်မှုပညာရပ်ဖြင့် အခြေခံလူသုံးကုန် ပစ္စည်းဖြစ်တဲ့ တောင်းအမျိုးမျိုး၊ ဆန်ကော၊ ဆန်ခါများကို အိမ်တိုင်းလိုလို ရက်လုပ်ကြပါတယ်။ ဒီလက်မှုပညာကို ရွာက လူငယ်၊ လူရွယ်၊ လူကြီးအားလုံး ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းသင်ယူတတ်မြောက်ကြလို့ တစ်ပိုင်တစ်နိုင်ရက်လုပ်ကြပြီး ဖောက်သည်သွင်းရောင်းချပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်က ရန်ကုန်-မန္တလေး မီးရထားလမ်းဖောက်လုပ်စဉ်က အိန္ဒိယက မီးရထားအလုပ်သမားတွေ မီးရထားလမ်း မြေသယ်မြေဖို့ဖို့အတွက် တောင်းတွေကို လမ်းဘေးမှာ အသင့်ရှိတဲ့ ဝါးပင်တွေခုတ်ယူပြီး နှီးဖြာလို့ တာခြင်းတောင်းရက်လုပ်အသုံးပြုကြတာကို တွေ့ရှိကြရတဲ့အတွက် ပညာသင်ယူတတ်မြောက်ခဲ့ကြရာကနေ ဆန်ကော၊ ဆန်ခါနှင့်တောင်းအမျိုးမျိုးကို ရက်လုပ်လာကြတာဖြစ်ပါတယ်။ ဒီလုပ်ငန်းကို တောင်ငူခရိုင် ဖြူးမြို့နယ်မှာ ဒီတစ်ရွာတည်းသာ လုပ်ကြတယ်"ဟု ပြောကြားသည်။

ပစ္စည်းဈေးနှုန်းများမှာ တင်းဝင်တောင်း အထူးတစ်လုံး ငွေကျပ် ၁၅၀၀၀၊ ရိုးရိုး ငွေကျပ် ၁၀၀၀၀၊ ခွဲဝင်တောင်း တစ်လုံး ငွေကျပ် ၁၀၀၀ မှ ငွေကျပ် ၁၂၀၀၊ တစ်စိတ်ဝင်တောင်း ငွေကျပ် ၆၀၀ ရောင်းချရကြောင်း၊ ဤရွာမှ ထုတ်လုပ်သော ပစ္စည်းများကို ပဲခူး၊ သနပ်ပင်၊ ပျော်ဘွယ်နှင့် မိတ္ထီလာမြို့များအထိ ဖြန့်ဖြူးရောင်းချရကြောင်း အချို့ကုန်သည်များက ရွာအရောက် လာဝယ်ကြပြီး အော်ဒါမှာသူများလည်းရှိကြောင်း၊ ယခုရက်လုပ်နေကြရခြင်းမှာ အရင်းအနှီးငွေနည်းပါး၍ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်နေကြရကြောင်း၊ ထုတ်လုပ်မှုနှင့်ဝယ်ယူမှုမှာ ဝယ်လက်များနေသဖြင့် ရက်လုပ်သမျှ မလောက်ကြောင်း အဘဦးစောက ရှင်းပြသည်။ **ဖြူးမြင့်ဦး**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၃-၈-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၉၁၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၅၀၈၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀ - ၉၈၀	ကျပ်
ဥရောပ	တစ်ယူရို	၁၂၇၉ - ၁၂၉၈	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၉ - ၇၇၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၂ - ၃၁. ၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၂ - ၁၆. ၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅ - ၁၅၈	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၉ - ၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ငါးကြင်း	တစ်ပိဿာ	၃၅၀၀ - ၆၅၀၀	ကျပ်
၂။ငါးမြစ်ချင်း	တစ်ပိဿာ	၁၆၀၀ - ၃၈၀၀	ကျပ်
၃။ငါးရံ့	တစ်ပိဿာ	၃၅၀၀ - ၆၈၀၀	ကျပ်
၄။ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀ - ၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၅၀၀၀ - ၂၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀ - ၂၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၈၃၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၅၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၉၀-၅၇၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၂၅-၁၇၇၅
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၅၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၃၀-၅၄၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၁၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၃၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အင်းအတွက်ငါးမျိုးများ စိုက်ထည့်

ဖြူး ဩဂုတ် ၃

တောင်ငူခရိုင် ဖြူးမြို့နယ် မြပဲခူးကျေးရွာအုပ်စုရှိ မြပဲခူးအောက် ကြေးတိုင်အင်း အင်းချောင်းအတွင်း၌ ပိုက်လှောင်အိမ်စနစ်ဖြင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဖြူးမြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ခင်မျိုးနိုင်နှင့် ဝန်ထမ်းများ၊ အင်းပတ်ဝန်းကျင်ရှိ ကျေးရွာများမှ အုပ်ချုပ်ရေးအဖွဲ့များ၊ ရေလုပ်သားများ၊ အင်းသားကြီးများ စုပေါင်း၍ငါးခုံးမကြီး၊ ငါးသလောက်၊ ငါးသိုင်းခေါင်းပွ ငါးမျိုးများကို စိုက်ထည့်ခဲ့ကြသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ လူနေရပ်ကွက်အမှတ် သမိုင်း၊ မြေကွက်အမှတ် $\frac{၆/က^{၁}}{၂ဘီ}$ ၊ ဝ ဒသမ ၀၃၆ဧကရှိ မြေပိုင်မြေကွက် (အရပ်အခေါ် အမှတ် ၁၆/က၊ သာယာအေးလမ်း၊ ၃ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်) နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံကို တရားဝင်အမည်ပေါက်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှမြင့် ၁၂/မရက(နိုင်)၀၈၂၈၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-	**ဇလပ်ပွင့် ဥပဒေအကြံပေးစာချုပ်စာတမ်းဝန်ဆောင်မှုနှင့်**
ဦးမြင့်သန်း LL.B	**အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း**
တရားလွှတ်တော်ရှေ့နေ	**ဖုန်း-၀၉-၅၀၁၈၀၇၆၊ ၀၉-၃၁၅၄၈၃၄၈၊ ၀၉-၅၀၂၃၀၀၆**
(စဉ်-၆၉၆၃)	**အမှတ် ၃၊ သာယာအေးရိပ်သာလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်း**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်(၆၉၇)၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဒေါ်တင်အေး အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်အလွတ်ကိုလက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်မှုအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B	**ဦးအေးမင်းသူ** LL.B
စဉ်-၂၅၁၆၅	**စဉ်-၂၆၁၉၉**

ရိုးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ

အမှတ် ၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ(Registered Service Provider)အဖြစ် ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများ (Postal Services)အား နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ပုဂ္ဂလိက ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍ အခွင့်အလမ်းများ(Public Private Partnership) တိုးချဲ့ပေးနိုင်ရန်ရည်ရွယ်၍ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား ပြည်တွင်းကုမ္ပဏီများသို့ မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် ပေးအပ်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများအတိုင်း ဖြစ်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော စိစစ်ရွေးချယ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ချောသယ်ယူပို့ဆောင်ရေး အတွေ့အကြုံရှိသော တိုင်းရင်းသား ပြည်တွင်းကုမ္ပဏီ/အဖွဲ့အစည်းများအား တင်ဒါဈေးပြိုင်တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါပုံစံများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဌာန၊ နေပြည်တော်စာတိုက်ကြီးတွင် လာရောက်ထုတ်ယူနိုင်ပြီး သိရှိလိုသည့် အချက်အလက်များကို မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကို မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများသည် အောက်ပါလိပ်စာအတိုင်း ၂၀၁၃ခုနှစ် ဩဂုတ် ၁၆ ရက်၊ ၁၆း၃၀ နာရီမတိုင်မီ အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊
နေပြည်တော်ဗဟိုစာတိုက်ကြီး
ဖုန်း-၀၆၇-၄၂၀၆၁၁ နှင့် ၀၆၇-၄၂၀၆၂၂၊
email - myanmarpostjv@ mptmail.net.mm

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးညှိနှိုင်း

မူဆယ် ဩဂုတ် ၃

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဒေသတွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၃၁ ရက် ညနေ ၃ နာရီက မူဆယ်ခရိုင်အတွင်း တိုင်းရင်းသားပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အထောက်အကူပြု လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများအသင်းရုံး၌ တွေ့ဆုံခဲ့ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေး ပြည်သူလူထုအချိုးညီညီ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော် အစိုးရသည် ပြောင်းလဲကျင့်သုံးနေသော နိုင်ငံရေးစနစ်အရ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးသည် အဓိက ဖြစ်သဖြင့် ယခုငြိမ်းချမ်းရေးဖော်ဆောင်နေရကြောင်း၊ နိုင်ငံရေးဖြစ်စဉ်တွင် ပြည်သူလူထုနှင့် အစိုးရအတူပြောင်းလဲရန် လိုအပ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ဒေသတွင်းလူမှုစီးပွားနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ်က မူဆယ်ဒေသသည် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် တိုက်ရိုက် စီးပွားရေးကုန်သွယ်မှုပြု၍ ပြည်ပကုန်သွယ်မှု ၇၀ ရာခိုင်နှုန်း ကျော်ရှိသည့် ကုန်သွယ်ရေးတံခါးမကြီးဖြစ်ကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးကုန်သွယ်မှုလွတ်လပ်စွာ ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ကြိုတင်ပြင်ဆင်ကြစေရေး နိုင်ငံ့ဝန်ထမ်းများနှင့် လုပ်ငန်းရှင်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နေပြည်တော်မြို့မဈေး ဈေးဝယ်သူပြည်သူများထံမှ ကျေနပ်မှုပီတိသံများ

နေပြည်တော် ဩဂုတ် ၃

“မြို့မဈေးမှာ အခုဈေးဝယ်ရတာ အဆင်ပြေလာပါတယ်။ ဈေးအတွင်း လျှောက်လမ်းတွေက ကျယ်လာတယ်။ မျက်နှာချင်းဆိုင်ဈေးဝယ်သူအချင်းချင်း ရှောင်လို့သွားလို့ ရလာတယ်။ ဈေးရောင်းသူတွေကလည်း သက်ဆိုင်ရာက သတ်မှတ်ပေးထားထားတဲ့နေရာအထိ ကုန်ပစ္စည်းတွေကို ရောင်းချလာကြတယ်” ဟု မြို့မဈေးရှိ တာဝန်ရှိသူများနှင့် ဈေးရောင်းသူများ ပူးပေါင်းဆောင်ရွက်မှုသည် ပွင့်လင်းမြင်သာမှုရှိလာသည့်အတွက် ဈေးဝယ်သူများထံမှကျေနပ်မှုပီတိသံများကြားရသည်မှာ စိတ်ချမ်းမြေ့စရာဖြစ်ပေသည်။

နေပြည်တော် မြို့မဈေးအာရ်စီဈေးကြီးအတွင်း/အပြင် ဆိုင်ခန်းများ၊ အတွင်းရုံရှိ ဆိုင်ခန်းများအနေဖြင့် ဈေးများ၏စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ သတ်မှတ်ထားသောစည်းအတွင်း၌သာ မိမိတို့၏ကုန်ပစ္စည်းများကို ယခုအခါ ခင်းကျင်းရောင်းချလျက်ရှိကြောင်း သိရသည်။

“အရင်က မြို့မဈေးဆိုင်ခန်းတွေက မိမိအကျိုးစီးပွားအတွက်ပဲ ရှေးရှုပြီး သတ်မှတ်ထားတဲ့ဧရိယာကို သူ့ထက်ငါ အပြိုင်ကျော်လွန်ခင်းကျင်းရောင်းချကြသလို၊ ကိုယ်နဲ့မသက်ဆိုင်တဲ့ဘက်ကိုလည်းကျော်ပြီး ခင်းကျင်းရောင်းချတာတွေရှိခဲ့လို့ လျှောက်လမ်းတွေ ပိတ်ဆို့မှုဖြစ်ပြီး ဈေးဝယ်သူတွေစိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြရတယ်။ ခုတော့ မြို့မဈေးက အရင်နဲ့မတူတော့ပါဘူး။ ဈေးဒီဘက်ထိပ်ကနေကြည့်လိုက်ရင် ဟိုဘက်ထိပ်ကို လှမ်းမြင်ရတယ်။ စနစ်တကျနဲ့ သန့်ရှင်းသပ်ရပ်နေတယ်ဗျာ။ ဒီလိုပဲ တစ်နိုင်ငံလုံးမှာရှိတဲ့ ဈေးတွေလည်း စည်းကမ်းရှိရှိ စနစ်တကျနဲ့ ခဏတာမဟုတ်ဘဲ အမြဲတမ်း ရောင်းချဖို့ကို သက်ဆိုင်ရာက ကြပ်မတ်ပေးစေချင်ပါတယ်”လို့ ဝန်ထမ်းတစ်ဦးက ယခင်မြို့မဈေးနှင့် ယခုမြို့မဈေးကို နှိုင်းယှဉ်ပြောပြသွားသလို၊ နိုင်ငံအဝန်းရှိ ဈေးများသည်လည်း နေပြည်တော်မြို့မဈေးကို စံနမူနာယူ၍ ဈေးဝယ်သူပြည်သူများကို အလေးထားစေရန် အပြုသဘောဆောင်ကာ ပြောပြသည်။

ဈေးစည်းကမ်းနှင့်မညီဘဲ ခင်းကျင်းရောင်းချမှုများကြောင့် ဈေးဝယ်လာသူ အများပြည်သူများ ကျပ်တည်းစွာ ရှောင်တိမ်းသွားလာနေရသဖြင့် စိတ်အနှောင့်အယှက်ဖြစ်လျက်ရှိကြောင်းနှင့် ဈေး၏ဂုဏ်သိက္ခာညှိုးနွမ်းအောင် ဆောင်ရွက်ပါက ဈေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ထိရောက်စွာအရေးယူတော့မည်ဖြစ်ကြောင်း မြို့မဈေးရှိ တာဝန်ရှိသူတစ်ဦးကလည်း ပြောကြားသည်။

ဦးမောင်(သဲကုန်း)

လှိုင်ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် လှိုင်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၉ ရက်က ကျင်းပရာ စုဆောင်းငွေပေါ် အတိုးငွေများကို အသင်းဥက္ကဋ္ဌက မြို့နယ်ပညာရေးမှူးထံ ပေးအပ်စဉ်။ မီးမီး(လှိုင်)

ပြည်တွင်းသတင်း

နန့်ကျင်ကျေးရွာ ဝန်ဇင်းမင်းရာဇာ စာကြည့်တိုက်ဖွင့်

မြစ်ကြီးနား ဩဂုတ် ၃

ကျေးလက်နေပြည်သူများအသိပညာဗဟုသုတတိုးပွားစေရေး၊ လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၄၀ တို့ဖြင့် ဆောက်လုပ်ခဲ့သော အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေရှိ မြစ်ကြီးနားမြို့နယ် နန်ကျင်ကျေးရွာ ဝန်ဇင်းမင်းရာဇာ စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးဘောမ်ယိန်း၊ ဒုတိယဦးစီးမှူး ဦးမြတ်ကိုကိုဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှထွယ်နှင့်ရပ်မိရပ်ဖ ဦးဆင်တန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာ ဆွေးနွေး

ရန်ကုန် ဩဂုတ် ၃

ကလေးငယ်တို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးနှင့် လူမှုဘဝပြည့်စုံ၍ လုံခြုံမှုရရှိရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် ရန်ကင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရတနာ့မေတ္တာအဖွဲ့(ယူနီဆက်ဖ်စီမံကိန်း)၏ ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပံ့ပိုးမှု စေတနာ့အလင်းအဖွဲ့နှင့် မြို့နယ်ကလေးသူငယ်အခွင့်အရေးပေးရေးဆိုင်ရာကော်မတီ (Township Child Rights Committee TCRC)တို့ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁ရက်က ကျင်းပသည်။ တက်ရောက်လာကြသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်များက မိမိတို့ သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ် (TCRC)အဖွဲ့တွင် ပါဝင်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်သော အခန်းကဏ္ဍအလိုက်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးဖြေကြားကြောင်း သိရသည်။ **(ဝ၄၃)**

မလှိုင်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောဂေါပကအဖွဲ့ ရွေးချယ်

မလှိုင် ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ လမ်းညွှန်မှုဖြင့် မလှိုင်မြို့ ရွှေမုဋ္ဌောဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သစ်ရွေးချယ်ပွဲကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက ရွှေမုဋ္ဌောဘုရားဝင်းအတွင်း (လယ်ဆယ်ဓမ္မာရုံ)၌ ကျင်းပသည်။ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ (သုဓမ္မာ)ရွှေကျင်ကျောင်းဆရာတော် ဉူးသောဘိတက ဩဝါဒကထာမိန့်ကြားပြီး ခရိုင်သာသနာရေးဦးစီးမှူး ဦးစိန်လင်းက ဂေါပကစည်းမျဉ်း၊ စည်းကမ်းများနှင့် အသစ်ရွေးချယ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်မှ ပြည်သူများက ဂေါပကအဖွဲ့ဝင် ၁၅ ဦးကို ရွေးချယ်ခဲ့ပြီး ဂေါပကအဖွဲ့သစ်က ဩဝါဒါစရိယဆရာတော် ခုနစ်ပါးအား ဆက်လက်ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။ **(ဝ၈၃)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှုမြေကွက်များ လေလံတင်ငှားရမ်းရေးအဖွဲ့ လေလံအစီအစဉ်ကြေညာခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်အပိုင်း(၁)၊ (အင်းဝလမ်းနှင့်ရန်ကုန်-မန္တလေးမီးရထားလမ်းဘေးရှိ) စက်မှုဇုန်မြေကွက် (၂၉)ကွက်၊ ခန့်မှန်းခြေမြေဧရိယာ ၆၁ဒသမ၅၉၂ဧကအား ငှားရမ်းအသုံးပြုနိုင်ရန်အတွက် နိုင်ငံသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များအား လေလံစနစ်ဖြင့် ငှားရမ်းဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်မည့် နိုင်ငံသား/နိုင်ငံခြားသား လုပ်ငန်းရှင်များက အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) စိတ်စင်စားကြေးအဖြစ် ငှားရမ်းဆောင်ရွက်မည့် (၁)ဧကအတွက် ကျပ်သိန်း ၁၀၀ နှုန်း ပေးသွင်းရပါမည်။

(ခ) အကွက်အမှတ် (၁၈၅)မှ (၁၉၇)အထိ (၁၃)ကွက်၊ မြေ ၂၇ဒသမ၅၁၈ဧကကို တစ်ပေါင်းတည်း၊ တစ်ကွက်တည်း သတ်မှတ်၍ လေလံတင်ငှားရမ်းပါမည်။

(ဂ) ကျန်မြေ ၃၄ဒသမဝ၇၄ဧကအား (၁၆)ကွက်အဖြစ် သတ်မှတ်၍ တစ်ကွက်ချင်းလေလံတင် ငှားရမ်းပါမည်။

(ဃ) နိုင်ငံသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များ မည်သူမဆို လေလံဆွဲငှားရမ်းခွင့်ရှိပါသည်။

(င) လေလံအောင်မြင်ပြီးသော နိုင်ငံခြားသားလုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြအတည်ပြုချက်ရရှိမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပါသည်။

(စ) လေလံအောင်မြင်ပြီးသူများသည် (၅)နှစ်အတွင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မြေကွက်များအား အမည်ပြောင်းလဲခွင့်မရှိဘဲ နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီ တင်ပြလျှောက်ထား၍ ဆောင်ရွက်နိုင်ပါသည်။

(ဆ) လေလံအောင်မြင်သူများအနေဖြင့် စာချုပ်ချုပ်ဆိုသည့်အချိန်မှ (၃)လအတွင်း စက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။

၂။ ၄-၉-၂၀၁၃ရက်တွင် လေလံပြိုင်ပွဲ ကျင်းပပါမည်။

၃။ လေလံစည်းကမ်းချက်များကို ၇-၈-၂၀၁၃ရက်မှ ၃-၉-၂၀၁၃ရက်အထိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဌာနစု (၂)တွင် ရုံးချိန်အတွင်း တစ်စုံလျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၁၁၃၇၀၊ ၀၁-၂၁၇၅၃၉သို့ ဆက်သွယ်နိုင်ပါသည်။

Required a qualified and experienced person to teach English to the IGCSE Class Contact ph:09-73056755

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၇၉၂၁ ကမ-၃ စာအုပ် ပျောက်လျှောက်ထားယာဉ်လက်ဝယ်ရှိသူ ဖြိုးဝေလျှံရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

စာအုပ် စာပေ လူ့မိတ်ဆွေ



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၉၀)၊ မြေကွက်အမှတ်-၈၅၁ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ (၄၀×၆၀)ရှိ ဦးမြင့်ကြွယ် AC-၀၃၈၉၅၁ အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူကာ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးစန်းလွင် ၁၂/ဒဂဆ(နိုင်)၀၁၂၉၄၃ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B (စဉ်-၂၅၁၆၅)

ဦးအေးမင်းသူ LL.B (စဉ်-၂၆၁၉၉)

ရှီးမဘဏ်ဥပဒေအကြံပေးအထက်တန်းရှေ့နေများ

အမှတ်(၆၀) ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၀)၊ မြေကွက်အမှတ် ၈၅၆ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဦးစိုးအောင် K/RGN-၀၁၄၆၉၁အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အားလုံးကို ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူကာ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးစန်းလွင် ၁၂/ဒဂဆ(နိုင်)၀၁၂၉၄၃ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B (စဉ်-၂၅၁၆၅)

ဦးအေးမင်းသူ LL.B (စဉ်-၂၆၁၉၉)

ရှီးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ

အမှတ်(၆၀) ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

နိုင်ငံတကာအားကစားသတင်းနှင့်ပြည်တွင်းသတင်း

ပေါင် ၁၀၅သန်းနဲ့ ဂါရက်ဘေးလ်ကို ရီးရဲမက်ဒရစ်ခေါ်ပြီ

မက်ဒရစ် ဩဂုတ် ၃

စပါးအသင်းမှ တောင်ပံကစားသမား ဂါရက်ဘေးလ်ကို ရီးရဲမက်ဒရစ်အသင်းက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၀၅ သန်းဖြင့် ခေါ်ယူရန်သဘောတူညီလိုက်ပြီဖြစ်ကြောင်း Mirrorက ဩဂုတ် ၂ ရက်၌ ဖော်ပြလိုက်သည်။

ရီးရဲမက်ဒရစ်ကလပ်မှ တာဝန်ရှိသူများနှင့် စပါးအသင်းဥက္ကဋ္ဌ ဒန်နီရယ်လီတို့ ဩဂုတ် ၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ဂါရက်ဘေးလ်အတွက် ရီးရဲမက်ဒရစ်က ပြောင်းရွှေ့ကြေးပေါင် ၁၀၅ သန်းပေးရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

စပါးအသင်းနည်းပြ ဘိုအက်စ်ကလည်း ဂါရက်ဘေးလ်မှာ လာမည့်ဘောလုံးရာသီတွင် မိမိတို့အသင်း၌ ပါဝင်မည့် ကစားသမားစာရင်းတွင် ပါဝင်နိုင်တော့မည် မဟုတ်ကြောင်း ပြောကြားသည်။ ရီးရဲမက်ဒရစ်အသင်းသည် မန်ယူမှ စီရိုနယ်ဒိုကို ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ဖြင့် ခေါ်ယူခဲ့ရာ၌ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ဖြစ်ခဲ့သည်။

ယခု စပါးတောင်ပံကစားသမား ဂါရက်ဘေးလ်ကို ပြောင်းရွှေ့ကြေးပေါင် ၁၀၅သန်းဖြင့် ခေါ်ယူလိုက်ခြင်းမှာ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ခဖြစ်ပြီး ဂါရက်ဘေးလ်လည်း ကမ္ဘာ့ဘောလုံးသမိုင်း၌ ပြောင်းရွှေ့ကြေးအမြင့်ဆုံးဘောလုံးသမားအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ပြီဖြစ်သည်။

ရီးရဲမက်ဒရစ်နည်းပြသစ် အန်ဆယ်လော့တီက တိုက်စစ်မှူး စီရိုနယ်ဒိုနှင့် ဂါရက်ဘေးလ်တို့အတွဲသည် ကမ္ဘာ့အကောင်းဆုံး တိုက်စစ်အတွဲဖြစ်လာကာ ပြိုင်ဘက်အသင်းများ၏ နောက်ခံတံတိုင်းများကို ကောင်းကောင်း ဖြိုချနိုင်သူများဖြစ်ကြောင်း ပြောကြားသည်။



စီရိုနယ်ဒိုနှင့် ဂါရက်ဘေးလ်တို့တွင် တူညီသောစွမ်းရည်များရှိသလို မတူညီသောစွမ်းရည်များလည်း ရှိနေသည်။ စီရိုနယ်ဒိုက လျင်မြန်မှု၊ ကျွမ်းကျင်မှုနှင့်အဆုံးသတ် ကောင်းမွန်မှုတို့တွင် ဂါရက်ဘေးလ်ထက် ပိုပြီး ယုံကြည်စိတ်ချရသည်။

ဂါရက်ဘေးလ်က လျင်မြန်မှု၊ ကြံ့ခိုင်မှု၊ ရဲရဲဝံ့ဝံ့ထိုးဖောက်ကစားနိုင်မှုနှင့် ကွင်းလယ်အားပြု တိုက်စစ်ဆင်နိုင်သူဖြစ်သည်။ နှစ်ဦးစလုံးတွင်ရှိသော အကောင်းဆုံးစွမ်းရည်များ စုစည်းပေါင်းဆုံသည့်အခါ ကမ္ဘာ့စံချိန်တင် ဘောလုံးသမားနှစ်ဦးတို့၏ စွမ်းအားက မည်သည့်အတိုင်းအတာအထိ ပေါက်ကွဲလွှမ်းမိုးနိုင်မည်ကို တွေ့မြင်ရမည် ဖြစ်သည်။

ဂါရက်ဘေးလ်သည် ရီးရဲမက်ဒရစ် ရောက်ရှိလာချိန်မှာ အသက်အရွယ်၊ ခြေစွမ်းနှင့် ကစားအားတို့အပြင် အခြေအနေအချိန်အခါကိုက် ပင်ဖြစ်ကြောင်း ရီးရဲမက်ဒရစ် အားကစား ဒါရိုက်တာတစ်ဦးဖြစ်သည့် ဇီဒန်းက ပြောကြားသည်။

ဂါရက်ဘေးလ်နှင့် ရီးရဲမက်ဒရစ်တို့ အပြီးသတ် ဆွေးနွေးမှုများ ပြုလုပ်နေရာ မည်သည့်နေ့ရက်တွင် ရီးရဲမက်ဒရစ်သို့ရောက်ရှိမည်ဆိုသည်ကိုသာ စောင့်မျှော်ရတော့မည်ဖြစ်သည်။

မိုးမြင့်လင်းလက် ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ❊ အက်သလက်တီကိုမက်ဒရစ်မှ တိုက်စစ်မှူးအသက် ၂၄ နှစ်အရွယ်ရှိ ကော်စတာအား လီဗာပူးက ခေါ်ယူမည်ဖြစ်သည်။
- ❊ ဝါဒါဘရီမင်တိုက်စစ်မှူး အာနူတိုဗစ်ကို ဝက်စ်ဟမ်းက စာချုပ်ချုပ်ရန်စီစဉ်နေသည်။
- ❊ မိုနာကိုအသင်းသည် စပို့တင်းလစ္စဘွန်းမှ ဂိုးသမား အသက် ၂၅ နှစ်အရွယ်ရှိ ပက်ထရစ်စီရိုအား ခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။
- ❊ နယူးကာဆယ်မှ ဆီနီဂေါတိုက်စစ်မှူး အသက် ၂၈ နှစ်အရွယ်ရှိ ဆစ်စီက အသင်းမှထွက်ခွာရန်ကြိုးစားနေသည်။
- ❊ စတုအာအသင်းမှ ရှိမေးနီးယားနောက်ခံကစားသမား အသက် ၂၃ နှစ်အရွယ်ရှိ ချာရက်စ်အား စပါးက ပေါင် ၃ သန်းဖြင့် စာချုပ်မည်ဖြစ်သည်။
- ❊ ဂျူဗင်တပ်စ်မှ ကွင်းလယ်ကစားသမား အသက် ၂၃ နှစ်အရွယ်ရှိ မာရှန်းအား အဲဗာတန်က ခေါ်ယူလိုသော်လည်း ရောင်းချမည်မဟုတ်ကြောင်း ပြောကြားသည်။
- ❊ လီဗာပူးသည် ဂရင်နာဒါအသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ နောက်ခံလူ စီကွီရာကို စာချုပ်နိုင်ရေးဆွေးနွေးလျက်ရှိသည်။
- ❊ ပီအက်စ်ဂျီအသင်းမှ နောက်ခံလူ အသက် ၃၂ နှစ်အရွယ်ရှိ လူဂါနိုအား ဝက်စ်ဘရွန်းက စာချုပ်တော့မည်ဖြစ်သည်။
- ❊ လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ကိုမခေါ်နိုင်ခဲ့လျှင်လည်း အာဆင်နယ်အသင်းသည် တောင့်တင်းခိုင်မာသော အသင်းအဖြစ် ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားသည်။
- ❊ ရီးရဲမက်ဒရစ်က အမေရိကန်ဆယ်ကျော်သက် ဘောလုံးသမား အသက် ၁၁ နှစ်အရွယ် ပိုင်နာဒက်ကို ခေါ်ယူရန် စီစဉ်နေသည်။

ဥရုဂွေးနောက်တန်းကစားသမား ဝက်စ်ဘရွန်းရောက်ရှိ

ဥရုဂွေးနောက်တန်းကစားသမား ဒီဂိုလူဂါနိုသည် ပီအက်စ်ဂျီမှ ဝက်စ်ဘရွန်းသို့ နှစ်နှစ်စာချုပ်ဖြင့် ရောက်ရှိလာသည်။ အသက် ၃၂နှစ်ရှိ လူဂါနိုသည် ယမန်နှစ်က မာလာဂါအသင်းတွင် အငှားသွားရောက်ကစားခဲ့ရသည်။ ၂၀၁၁ ခုနှစ်က ပီအက်စ်ဂျီသို့ ရောက်ရှိလာသော လူဂါနိုသည် ၎င်း၏နိုင်ငံ ဥရုဂွေးအတွက် ၈၅ကြိမ်တိုင် ပါဝင်ကစားပေးခဲ့သည်။ အသင်းခေါင်းဆောင်အဖြစ် ၇၇ ကြိမ် ကစားခဲ့သည်။

ဂျရတ် လီဗာပူးတွင် ၁၅ နှစ်ကြာကစား

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် ၎င်း၏ဘောလုံးသမားဘဝအဆုံးသတ်ရန် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရကြောင်း ဝန်ခံပြောကြားလိုက်သည်။ လီဗာပူးကစားသမားအဖြစ် ၁၅ နှစ်ကြာ ကစားခဲ့သော ဂျရတ်က ဂရိနိုင်ငံမှ အန်ဖီးလ်သို့ လာရောက်လည်ပတ်ကြသူများအား ပြောဆိုလိုက်ခြင်းဖြစ်သည်။ ဂျရတ်သည် အသက် ၃၃ နှစ်ရှိပြီဖြစ်သည်။ ၁၉၉၈ ခုနှစ်မှ စတင်ကစားခဲ့ပြီး ပွဲပေါင်း ၆၃၀ ကစားခဲ့သည်။

တောင်ကိုရီးယားဂေါက်သီးမယ် ဦးဆောင်ကစား

အမေရိကန်ယူအက်စ်အိုးပင်းချန်ပီယံဟောင်း တောင်ကိုရီးယားဂေါက်သီးအားကစားမယ် နာယွန်ချိုင်းသည် စိန့်အင်ဒရူး၌ ကျင်းပသော ဗြိတိန်သျှအမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဒုတိယအကျော့ပြိုင်ပွဲအပြီး ပြိုင်ဘက်များကို ဦးဆောင်နေသည်။ နာယွန်ချိုင်းသည် ၆၇ ချက် ရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီး စုစုပေါင်း ၁၀ချက် လျှော့ရိုက်ထားသည်။ သူမသည် ဘာဒီလျှော့ရိုက်ချက် ခြောက်ကြိမ်နှင့် အချက်ပိုတစ်ကြိမ်ရိုက်ခဲ့သည်။ ဂျပန်ဂေါက်သီးမယ် မိကီဆိုင်ကီထက် တစ်ချက်အသာဖြင့် နာယွန်ချိုင်းက ဦးဆောင်နေသည်။



ကောင်းမြတ်သူ-စုစည်းသည်

မြန်မာ့ရုပ်မြင်သံကြား

၄-၈-၂၀၁၃(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ ဥပဒေရေးရာစကားဝိုင်း
၁၀း၀၀ ပြည်တွင်းသတင်း

နေ့လယ်ပိုင်း

၁၂း၂၅ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

ညပိုင်း

၁၅း၀၀ ပြည်တွင်းသတင်း
၁၆း၁၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၈း၀၀ ပြည်တွင်းသတင်း
၁၈း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ

နေရောင်အောက်က သတို့သမီး(ဒုတိယတွဲ)အပိုင်း-၂၆
၂၀း၀၀ ပြည်တွင်းသတင်း
၂၁း၀၀ ပြည်တွင်းသတင်း
တစ်မျက်နှာ တစ်ကွက်စာ

ပြန်ပေးလုပ်တဲ့ကျွန်တော်
လုလု၊ ကြာစိ၊ ဒေါ်လွင်လွင်မြင့်၊ အိစိကွေး၊ စိုင်းအောင်တင့်
ဒါရိုက်တာ-မေတင် (MMG)
- ရင်ခုန်လက်ကမ်းတေးသစ်လမ်း

မြိတ်ဒေသမှ ရေထွက်ကုန်ပစ္စည်းများ Normal Trade စနစ်ဖြင့် တင်ပို့လျက်ရှိ

မြိတ် ဩဂုတ် ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ရေထွက်ကုန်ပစ္စည်းများကို Normal Trade စနစ်ဖြင့် ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ပြည်တွင်းဈေးကွက် ရန်ကုန်မြို့သို့ ရေခန်ပုစွန် ၅၉၀၇၆ ဒသမ ၀၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့ကာ အမေရိကန်ဒေါ်လာ ၃၂၅၇၈၃ ဒသမ ၄၆ ရရှိပြီး ပြည်ပဈေးကွက်အနေဖြင့် မလေးရှားနိုင်ငံသို့ ရေခန်ပုစွန် ၁၁၉၅၉၇ ဒသမ ၆၀ နှင့် ထိုင်းနိုင်ငံသို့ ရေခန်ပုစွန် ၇၉၆၀၀ ဒသမ ၀၀ ကီလိုဂရမ်ကို တင်ပို့ ရောင်းချခဲ့ရာ ဇူလိုင် ၂၈ ရက်အထိ တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၁၁၈၇၉၇၉ဒသမ ၇၄ကို ရရှိခဲ့ကြောင်း သိရသည်။

ယခုလအတွင်း မြိတ်ဒေသထွက် ရေထွက် ကုန်ပစ္စည်းများဖြစ်သော ကဏန်းရှင်၊ ကဏန်းခဲ၊ ပုစွန်ခြောက်၊ ကင်းမွန်ခြောက်၊ ငါးခြောက်၊ ငါးအသားလွှတ်/ကြိတ်၊ ကျောက်ပုစွန်၊ သဲကဏန်း၊ ကင်းပုစွန်၊ ကျောက်ငါးနှင့် ကဏန်းဈေးပုံးများကို ပြည်တွင်းဈေးကွက် ရန်ကုန်မြို့နှင့် ပြည်ပဈေးကွက် မလေးရှားနှင့် ထိုင်းနိုင်ငံသို့ စုစုပေါင်း ကုန်ချိန် ၆၁၇၇၁၂၇ ဒသမ ၀၈ ကီလို တင်သွင်းနိုင်ခဲ့သည့်အတွက် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၇၆၄၀၉၇၅ ဒသမ ၀၈ ရရှိခဲ့ကြောင်းနှင့် နိုင်ငံခြားငွေကြေးအမြောက်အမြား ရှာဖွေပေးနိုင်လျက်ရှိသော မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။ **(လ/၀၁၄)**

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အသုံးပြုရန် လိုအပ်သော Spider Camera ဝယ်ယူရန်/ ငှားရန်အလိုရှိသည်

၁။ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ (၁၁-၁၂-၂၀၁၃) ရက်နေ့နှင့် (၂၂-၁၂-၂၀၁၃) ရက်နေ့တို့တွင် ကျင်းပပြုလုပ်မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပဆောင်ရွက်မှုများကို အနီးကပ်လှုပ်ရှားရိုက်ကူးတင်ဆက်နိုင်ရန်အတွက် ကောင်းကင်ကြိုးတပ်လှုပ်ရှား Spider Camera အသုံးပြုဆောင်ရွက်မည်ဖြစ်၍ ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုပေးလိုသူများ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ တင်ဒါတင်သွင်းလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာပုံစံများကို ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးကော်မတီရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅) နေပြည်တော်သို့ (၅-၈-၂၀၁၃)ရက်နေ့မှ (၁၅-၈-၂၀၁၃)ရက်နေ့အတွင်း မှတ်ပုံတင်စာရင်းသွင်းရန်နှင့် လျှောက်လွှာပုံစံတစ်စောင်လျှင် ၁၀၀၀၀ (ကျပ်တစ်သောင်း)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်ထားမှုကို (၃၁-၈-၂၀၁၃)ရက်နေ့ နောက်ဆုံးထားလျက် ဝယ်ယူရာဌာနသို့ ပေးပို့လျှောက်ထားရမည်-

(က) တင်ဒါတင်သွင်းလိုသူများသည် တင်ဒါတင်သွင်းခြင်းလုပ်ငန်းအတွက် အာမခံကြေးကျပ်သိန်း ၅၀ ကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနတွင် ပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့် တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။ တင်ဒါမအောင်မြင်သူများကို အာမခံစပေါ်ငွေပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်ရန်ပျက်ကွက်ပါက အာမခံစပေါ်ငွေကို ပြန်လည်ထုတ်ပေးခြင်းမပြုပါ။ တင်ဒါဝင်ရောက်တင်သွင်းခြင်း မပြုသူများကိုလည်း အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးခြင်း မပြုပါ။

(ခ) ဝန်ဆောင်မှုပေးမည့် ကင်မရာ၏ ကုန်အမှတ်တံဆိပ်၊အမည်၊ အမျိုးအစား၊ စွမ်းရည်တို့ကို ထည့်သွင်းဖော်ပြရမည်။

(ဂ) ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုပေးနိုင်မည့် အသေးစိတ်အချက်အလက်နှင့် လုပ်ငန်းအတွေ့အကြုံများကို ပူးတွဲတင်ပြရမည်။ မြန်မာကုမ္ပဏီ ကြားခံတင်ပြခြင်းဖြစ်ပါက ကုမ္ပဏီ၏ခိုင်မာမှု၊ ဘဏ္ဍာငွေပိုင်ဆိုင်မှုရုံးဖွဲ့စည်းမှုတို့ကို လိုအပ်ပါက တောင်းခံပါမည်။

(ဃ) ဈေးနှုန်းတင်သွင်းလွှာကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(င) ရွေးချယ်ခြင်းခံရပါက စာချုပ်ချုပ်ဆိုပြီး ၁၄ ရက်အတွင်း ဝန်ဆောင်မှုတန်ဖိုး ငွေပမာဏ၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေအတွက် ခိုင်မာသောဘဏ်အာမခံတောင်းလျှင် တင်ပြနိုင်ရမည်။

(မှတ်ချက်) (၁) ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုဈေးနှုန်း ကြမ်းခင်းဈေးကို သိပြီးဖြစ်၍ ကြမ်းခင်းဈေးထက် ကျော်လွန်နေသည့် တင်ပြလျှောက်လွှာများကို လုံးဝစဉ်းစားလိမ့်မည်မဟုတ်ပါ။

(၂) နောက်ဆုံးကျန်ကုမ္ပဏီနှစ်ခုကို မျက်နှာစုံညီ ခေါ်ယူတွေ့ဆုံ၍ ဈေးပြိုင်စေမည်ဖြစ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးကော်မတီ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅) နေပြည်တော် ဖုန်း -၀၆၇-၄၀၈၄၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

တိုက်အမှတ်(၇၂)၊ ဆဋ္ဌမထပ်(ခုနစ်လွှာ)၊ ဝဲဘက်ခြမ်း၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ဒေါ်ရွှေစိန် ၁၃/လလန(နိုင်)၀၄၁၆၃၁ လက်ရှိပိုင်ဆိုင်သော အလျား ၁၈ပေ×အနံ ၆၄ပေ အကျယ်ရှိ အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ် ၅၆၁၊ M.A.C Tower၊ အခန်း ၇၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

အမည်ပြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ နမ့်ပေါင်ကျေးရွာနေ ဦးအိုက်ဆမ်အား ဦးစိုင်းဆမ်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အထကခနောင်တို၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဝင်းသူရအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်ဖြစ်ပါသည်။

ဦးဝင်းမြင့်

**မြေညီရောင်းမည်(ညှိနှိုင်း)
၃၆လမ်း
(ပွဲစားမလို)
ဖုန်း-၀၉-၄၂၅၃၀၁၃၆၄**

သွေးသည် အသက်

သီးချိန် ပွင့်ချိန်တန်ပါမှ ကျန်းမာလှပ ပျိုရွယ်ဘဝ

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ်မြန်မာနိုင်ငံတွင် ဇူလိုင်လ ၁၁ ရက်နေ့တွင် (၂၄)ကြိမ်မြောက်အဖြစ် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ယခုနှစ်၏ ဆောင်ပုဒ်မှာ “Adolescent Pregnancy” ဖြစ်သည်။ အမျိုးသမီးငယ်များ၏ ဆင်ခြင်ဉာဏ်ပညာ မပြည့်စုံမှု၊ လူမှုစီးပွားဘဝ နိမ့်ကျမှု၊ ခွဲခြားဆက်ဆံခံရမှု၊ အကြမ်းဖက်ခံရမှုနှင့် အတင်းအဓမ္မလက်ထပ်ခံရမှု စသောအချက်များ၏ ဆိုးရွားသော အကျိုးဆက်အဖြစ် ဖြစ်ပေါ်လာသော ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်ခြင်းသည် ယနေ့ကမ္ဘာ့လူမှုအသိုက်အဝန်းအကြား ဖြစ်ပေါ်ခံစားနေရသော အမျိုးသမီးငယ်လေးများ၏ လက်တွေ့ကျသော ပြဿနာတစ်ခုအဖြစ် ရှုမြင်နိုင်ပေသည်။

ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်ရခြင်းသည် ကျန်းမာရေးပြဿနာတစ်ခုသာမက ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော ပြဿနာတစ်ခုလည်းဖြစ်သည်။ အမျိုးသမီးငယ်များ စောစီးစွာ ကိုယ်ဝန်ဆောင်ရခြင်းကြောင့် ယင်းတို့၏ဘဝတစ်လျှောက်လုံးကို လွှမ်းမိုးထိခိုက်စေသော ဆိုးကျိုးများနှင့် နောင်ဖြစ်လာမည့် မျိုးဆက်များကိုပါ ထိခိုက်နစ်မွန်းစေသည်။ အထူးသဖြင့် ဆယ်ကျော်သက်တို့၏ ပညာဆက်လက်သင်ယူနိုင်ခွင့်၊ ဘဝရွေးချယ်နိုင်ခွင့်များ လျော့နည်းစေပြီး ဘဝမျှော်လင့်ချက်များကို ဆုံးရှုံးစေသည့်အပြင်အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ရသော လူမှုဒုက္ခများက ဆယ်ကျော်သက်အရွယ် အမျိုးသမီးများ၏ဘဝများကို ကြီးစွာ ရိုက်ခတ်ပြောင်းလဲစေသော အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။

ယနေ့ ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီးငယ် သန်းပေါင်း ၅၀၀ ခန့်ရှိကာ မြန်မာနိုင်ငံလူဦးရေ သန်း ၆၀ ခန့်တွင် အမျိုးသမီးငယ် သန်းပေါင်း ၂ ဒသမ ၉ သန်းခန့်ရှိလေသည်။ အဆိုပါသုံးသန်းနီးပါးရှိသော အမျိုးသမီးငယ်များသည် အလုပ်လုပ်ကိုင်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များအဖြစ်ရှုမြင်နိုင်ရာလုပ်သားအင်အားထုဖြစ်လာမည့် အမျိုးသမီးငယ်များပါဝင်သော လူငယ်များကို ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေးအတွက်အထောက်အပံ့များပေးခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ သက်မွေးသင်တန်းများနှင့်အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေခြင်းသည်ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်မှုကို ထိရောက်စွာကာကွယ်ဟန့်တားရာရောက်ပေမည်။

ထို့ပြင်အသက်၁၈နှစ်အောက်လက်ထပ်ခြင်း၊ အသက် ၂၀ မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်းတို့ကို လျှော့ချနိုင်စေရေး၊ လုံခြုံစိတ်ချရမှုမရှိသော ကိုယ်ဝန်ဖျက်ချရမှုများကို တားဆီးကာကွယ်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့်ဝန်ဆောင်မှုများကို လူတိုင်းသိရှိနားလည်ကျင့်သုံးနိုင်ရေး၊ကိုယ်ဝန်ဆောင်မီးဖွားစဉ်နှင့် မီးဖွားပြီးချိန်များတွင် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရေးသည် ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဆိုးကျိုးများကို ဟန့်တားနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာအမျိုးသမီးငယ်များအနေဖြင့် တိုးတက်ခေတ်မီလာသော လူ့ဘောင်အဖွဲ့အစည်းနှင့် လိုက်လျောညီထွေစွာနေထိုင်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အစဉ်အလာများကို လေးစားလိုက်နာထိန်းသိမ်းကာမလိုလားအပ်သောအကြမ်းဖက်မှုများ ရှောင်ရှားခြင်းဖြင့် မိမိတို့၏ အဖိုးတန်လှသော ပျိုရွယ်ဘဝများကို တန်ဖိုးထားလေးစားသင့်ပေသည်။ ဆယ်ကျော်သက်အမျိုးသမီးငယ်များ၏ အခွင့်အရေးများ၊ စွမ်းပကားများဖြင့် ကောင်းမွန်ပြည့်စုံသည့် လူမှုဘဝများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ရွေးချယ်ခွင့်ရှိကြောင်းကို ဆယ်ကျော်သက် အမျိုးသမီးငယ်များကိုယ်တိုင်သိရှိခံစားနားလည်မှုသည် အရေးပါလှပြီး သီးချိန် ပွင့်ချိန်တန်မှသာ သီးပွင့်ဝေဆာစေခြင်းဖြင့် ကောင်းမွန်ပြည့်စုံသည့် လူမှုဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ရှုမြင်သုံးသပ်မိပါသည်။

(မိုးသူ)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ဆောင်းပါးနှင့်နယ်သတင်း

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့ဦးစာသင်တိုက်ဘုရားကြီးတိုက်အတွင်း၌ ဇူလိုင် ၂၈ ရက်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့်ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းပညာပေးဟောပြောပွဲကျင်းပရာ တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့ မြို့မစခန်းမှူး ဒုရဲမှူးသန်းဝင်းကျောင်းသား ကျောင်းသူများအား ဟောပြောစဉ်။ (ဝ၂၁)

စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

စစ်တွေ ဩဂုတ် ၃

စစ်တွေမြို့အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရန်ကုန်မြို့ရှိ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့်အလှူရှင်များက လှူဒါန်းသော CD_4 Machine နှင့် CP Counter စက်များ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် နံနက်က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမေရိကန်ဒေါ်လာ ၄၆၂၈၀ တန်ဖိုးရှိ CD_4 Machine စက်နှင့် စာရွက်စာတမ်း အထောက်အထားများကို ပြည်တွင်း လူမှုရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ HIV,AIDS(3N)မှ ဥက္ကဋ္ဌ ဒေါ်နွယ်ဇင်ဝင်းကလည်းကောင်း၊ အမေရိကန်ဒေါ်လာ ၁၀၀၀၀ တန်ဖိုးရှိ CP Counter စက်နှင့် စာရွက်စာတမ်း အထောက်အထားများကို အလှူရှင်ဦးမြင့်ဆွေ(ဥက္ကဋ္ဌ၊ ရတနာ့မေတ္တာ) မိသားစုကလည်းကောင်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်က လက်ခံယူခဲ့ကြောင်း သိရသည်။

လေးဝတီ-ထွန်းစောခိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဥပဒေမဟာဘွဲ့ရများအား အလုပ်ခန့်ထားရေးအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများတွင် တာဝန်ပေးအပ်ရန်အတွက် ဥပဒေမဟာဘွဲ့ရများအား လစာနှုန်း(၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သော စာရွက်စာတမ်းများပူးတွဲတင်ပြ၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (နေပြည်တော်)တွင် ၁၀-၈-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Master of Law(LL.M)ဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) ၁-၈-၂၀၁၃ ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဃ) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) ခန့်အပ်ခြင်းခံရပါက ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်။
(ဆ) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ၊
(ဇ) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ။
(ဈ) ခြောက်လအတွင်းပြုလုပ်ထားသောအလုပ်သမားမှတ်ပုံတင်မိတ္တူ

၂။ သတ်မှတ်ချက်ကိုက်ညီပြီး လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့၊နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဖုန်း-၀၆၇-၄၀၄၀၁၇ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကုန်ကြမ်းပစ္စည်းများ အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်-

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)

စဉ်	ကုန်ကြမ်းပစ္စည်းအမည်	အရေအတွက်
(က)	Brown Paper (85 gm) (30"x40") ၅၀၀ ရွက်ပါ	၄၄၄ ထုပ်
	မြင်းနှင့်သိုးမွေးမြူရေးစခန်း(ရန်ပယ်/ဟဲဟိုး)	
(ခ)	မြင်းစာဆန်ကွဲ	၁၈၅၃ တင်း
(ဂ)	မြင်းစာကုလားပဲလုံး	၄၁၁၁၉ ပိဿာ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၄-၉-၂၀၁၃ ရက် ညနေ ၄း၀၀နာရီ
၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်) မြင်းနှင့်သိုးမွေးမြူရေးစခန်း (ရန်ပယ်/ဟဲဟိုး)

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၇၆၊ ၀၆၇-၄၀၈၃၅၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စံပြဆေးရုံကြီး-သင်္ဃန်းကျွန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန စံပြဆေးရုံကြီး(သင်္ဃန်းကျွန်း)တွင် လူနာဆောင်များနှင့် ဌာနအသီးသီးသို့ ဆက်သွယ်သော Internal Phone စက်ခလုတ်ခုံနှင့် ဆက်စပ်လိုင်းများ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၅-၈-၂၀၁၃ ရက် နံနက် ၁၀နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၉-၈-၂၀၁၃ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ စံပြဆေးရုံကြီး(သင်္ဃန်းကျွန်း)
ကျိုက္ကစံဘုရားလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၇၉၈၇၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၃၃ကေဗွီ၊ ၁၁ကေဗွီနှင့် ၄၀၀ဗို့ ဓာတ်အားလိုင်းနှင့် ခွဲရုံများအသစ်တည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ခွဲရုံဆက်စပ်ပစ္စည်းများနှင့် လိုင်းပစ္စည်းများကို မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၅-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၅-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၅၃၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

အမှတ်(၂)ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ အမှတ်(၂) ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)အား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၃ရက် (သောကြာနေ့) ရုံးချိန်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၉-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄း၀၀ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(တောင်ငူ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(တောင်ငူ)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	သစ်သားဗီရို(ကျွန်း) (၆'×၃' ×၁'.၆")	(၅)လုံး
၂။	Computer Table	(၂၀)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(တောင်ငူ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၉-၈-၂၀၁၃ရက် ညနေ ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို စီမံဌာနမှူး နည်းပညာတက္ကသိုလ်(တောင်ငူ)၊ ဖုန်း-၀၅၄-၂၇၂၈၆သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(တောင်ငူ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)

ပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

စဉ်	အမည်	အရေအတွက်
၁	Plastic Chair (Armless)	၃၇ လုံး
၂	Plastic Chair (Armed)	၄၁ လုံး
၃	File Shelf	၂၀ လုံး
၄	Computer Table	၃၀ လုံး
၅	Lab Table (8'x4')	၂၀ လုံး
၆	Office Table (L=6' ,B=4', H=2'6")	၂၀ လုံး
၇	Book Case	၂၀ လုံး
၈	Cabinet (Leeco 4 Drawers)(3'x6')	၅ လုံး
၉	ဖိုင်တင်စင် (Leeco/ Taiyo/ Standard)	၂၀ လုံး
၁၀	လက်တင်ပါကုလားထိုင်	၂၀ လုံး
၁၁	သစ်သားဆက်တီ	၁ စုံ
၁၂	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
၁၃	သဟာယထိုင်ခုံ(ကျွန်း၊ ဆိုဖာ၊ ကနုတ်ပန်းပါ)	၁၀ လုံး
၁၄	စကားပြောစင်	၃ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၈-၂၀၁၃ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-၀၉-၅၂၅၁၅၇၅၊ ၀၉-၄၉၀၂၅၄၂
ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)

ဖော်ပြမြင်နှင့်ဝန်းကျင်သတင်းများ

ကျိုက်မရောတွင် ရေကြီးရေလျှံမှုဖြစ်ပွား

မော်လမြိုင် ဩဂုတ် ၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၂ ရက်က မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများ ရေလွှမ်းမှုအန္တရာယ်ဖြစ်ပေါ်ကျရောက်လျက်ရှိပြီး လက်ရှိအချိန်တွင် ရှင်စောပုရပ်ကွက်အမက(၁)နှင့် ရန်မျိုးအောင်ရပ်ကွက် အထကတို့တွင် ကယ်ဆယ်ရေးစခန်းနှစ်ခုဖွင့်လှစ်ထားရှိရာမှ ရှင်စောပုရပ်ကွက် ကယ်ဆယ်ရေးစခန်းမှာ ရေနစ်မြုပ်သွားသဖြင့် ရန်မျိုးအောင်ရပ်ကွက် အထကတွင် စုပေါင်းဖွင့်ထားရပြီး အိမ်ထောင်စု ၂၉၀၊ လူဦးရေ စုစုပေါင်း ၁၂၄၆ ဦးရှိကြောင်း သိရသည်။

တိရစ္ဆာန်အချို့သေဆုံး

လူပျောက်ဆုံး ပျက်စီးမှုမရှိသေးသော်လည်း တိရစ္ဆာန်ငယ်အချို့ ရေနစ်သေဆုံးကြောင်း သိရသည်။

ဝေငှလှူဒါန်း

တာဝန်ရှိသူများနှင့်စေတနာရှင် အလှူရှင်များက ထမင်းထုပ်များ၊ စားသောက်ဖွယ်ရာများ ဝေငှလှူဒါန်းပေးလျက်ရှိပြီး ရေလွှမ်းမှုအခြေအနေမှာ ပိုမိုတိုးလာနေကြောင်း၊ နံနက် ၁၁ နာရီခွဲတွင် ရေမျက်နှာပြင် အမြင့်သည် ၅၈၃ စင်တီမီတာရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အာဟာရချက်ပြုတ်ပြိုင်ပွဲ၊ စံပြမိခင်များပြိုင်ပွဲကျင်းပ

မော်လမြိုင် ဩဂုတ် ၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ဩဂုတ် ၂ ရက်နံနက် ၉ နာရီက အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲ ကျင်းပခဲ့သည်။**(ဝဲပုံ)**

ပြိုင်ပွဲကို မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် တာဝန်ရှိသူများ၊ အာဟာရချက်ပြုတ်ပြိုင်ပွဲဝင်ရှစ်ဖွဲ့နှင့် စံပြမိခင်ပြိုင်ပွဲ နို့တိုက်မိခင် ၃၀တို့ တက်ရောက်ကြသည်။

တာဝန်ရှိသူများက မိခင်နို့စနစ်တကျတိုက်ကျွေးသည့် မိခင်များအား ဂုဏ်ပြုချီးမြှင့်ပြီး မိခင်နို့တိုက်ကျွေးခြင်းကို အားပေးမြှင့်တင်ရန်၊ မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းအားဖြင့် ကလေးအာဟာရပြည့်ဝကျန်းမာစေရန်၊ မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းဆိုင်ရာ အသိအမြင်များရရှိပြီး မိခင်နို့တိုက်ကျွေးသည့် အလေ့အထများ ဖြစ်ထွန်းလာစေရန်အတွက် ပြိုင်ပွဲကျင်းပခြင်းဖြစ်သည်။ **လ/၀၁၂**

သိမ်ဆိပ်၌ လူကုန်ကူးမှုနှင့် လောင်းကစားပပျောက်ရေး ပညာပေးဟောပြော

သိမ်ဆိပ် ဩဂုတ် ၃

သထုံမြို့နယ် သိမ်ဆိပ်တိုက်နယ် ကျိုက္ကော်ရွှေဘုံသာစေတီဘုရားကြီး ဓမ္မာရုံတွင် ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် လောင်းကစားမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ သိမ်ဆိပ်ရဲစခန်းရဲတပ်ဖွဲ့ဝင်များ၊ သိမ်ဆိပ်ကျိုက္ကော်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (မော်လမြိုင်) သထုံမြို့နယ်တာဝန်ခံ ဒုရဲအုပ်ကျော်ဝဏ္ဏ၊ ရဲအုပ်ကျော်စိုးထွန်း၊ ဒုရဲအုပ်ငွေးလွင်တို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေများကို အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

ယုအောင်(သိမ်ဆိပ်)

ကုက္ကိုပင်ပြိုလဲ၍ ဝန်ထမ်းလိုင်းခန်းများ ပျက်စီး

မော်လမြိုင် ဩဂုတ် ၃

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုပွန်ရပ်ကွက် မီးရထားဝင်းတွင် ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခန့်က ကုက္ကိုပင်အိုကြီး ပြိုလဲမှုကြောင့် မီးရထားဝင်းရှိ အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ၁၀ ပေ ပတ်လည်ရှိသော ဝန်ထမ်းလိုင်းခန်း ၁၀ ခန်းတွဲမှ အခန်းအမှတ်(၈)တွင် နေထိုင်သော ဦးအေးမြင့်(၂)ဒုလက်ထောက်ကြီးကြပ်ရေးမှူး (ရထားထိန်း) အခန်းသည် တစ်ခြမ်းပဲ့ပါသွားပြီး အခန်းအမှတ် (၉)နှင့် (၁၀)တွင် နေထိုင်သော ဒေါ်ခင်မာလွင် အငယ်တန်းစာရေးအခန်းသည် လုံးဝပိပြားသွားခဲ့သည်။

အဆိုပါ သစ်ပင်ပြိုလဲမှုကြောင့် ဝန်ထမ်းမိသားစု တစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

ရှင်းလင်း

ဖြစ်ပွားသည့် နေရာသို့ မုပွန်ဘူတာ(တောင်) ရုံပိုင်ကြီး၊ မြန်မာ့မီးရထားဌာနမှ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ဖွဲ့ဝင်များနှင့် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ် စည်ပင်သာယာရေးဌာနမှ အင်ဂျင်နီယာမှူးနှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

လ/၀၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအတွက် Network ပိုင်းဆိုင်ရာပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအတွက် လိုအပ်သော Network ပိုင်းဆိုင်ရာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Network Point — ၆၀ Point
Proper Trunking and PVC Conduct
Complete Face Plate and Female Jack
Complete labeling for whole cabling System
(ခ) AMP Cat. 5e 24 ports Patch Panel — ၃ ခု
(ဂ) AMP 1 U cable management — ၃ ခု
(ဃ) 15 U wall mount Cabinet (with 2 fan, 1 Tray) — ၂ ခု
(င) 24 ports switch (10/100 MB) L2, Management — ၃ ခု
(စ) Data Storage Device — ၁ ခု
(ဆ) 42 U Server Rack (800x 1000) — ၁ ခု
(ဇ) Desktop PC (Intel Core i3.4 GB RAM 500 GB HDD.DVD R/W) — ၈ ခု
(ဈ) UPS (560 VA) — ၈ ခု
(ည) **တင်ဒါရောင်းချမည့်ရက် အချိန်** - ၅-၈-၂၀၁၃ ရက်မှ ၁၄-၈-၂၀၁၃ ရက်အထိ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအထိ
(ဋ) **တင်ဒါပိတ်မည့်/တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်ရက်/အချိန်** - ၁၅-၈-၂၀၁၃ ရက်၊ ၁၂း၀၀ နာရီ
(ဌ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊နေပြည်တော်
(ဍ) **Deposit ပေးသွင်းရမည့်နေရာ** - Deposit ငွေကျပ်သိန်း ၃၀ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၅)တို့တွင် (P.O) Cheque ဝယ်ယူပေးသွင်းရမည်။
(ဎ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ရုံးအမှတ် (၃)

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၁၃၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မထက်အိန္ဒြေစိုး ၁၂/ရကန(နိုင်)၀၇၅၇၆၄နှင့် ကိုအောင်ဦးကြည် ၁၂/တမန(နိုင်) ၀၉၉၂၉၆ တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၁၈-၇-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မထက်အိန္ဒြေစိုး ၁၂/ရကန(နိုင်)၀၇၅၇၆၄
ကိုအောင်ဦးကြည် ၁၂/တမန(နိုင်)၀၉၉၂၉၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 10/HPGE/2013-2014
(က) တီကျစ်စက်ရုံအတွက် 70 mm Ø Steel Ball — (120) Tons
Tender No.11/ HPGE/2013-2014
(က) ရုံးချုပ်နှင့် စက်ရုံများအတွက် တာယာမျိုးစုံ — (450) Sets
Tender No.12/HPGE/2013-2014
(က) ရုံးချုပ်နှင့်စက်ရုံများအတွက် ရုံးသုံးစက်ကိရိယာပစ္စည်း(၄)မျိုး — (28) Nos
Tender No. 13/HPGE/2013-2014
(က) ရုံးချုပ်နှင့် စက်ရုံများအတွက် 12 Volt 120 Ah ဘက်ထရီ — (100) Nos
Tender No.14/HPGE/2013-2014
(က) တီကျစ်စက်ရုံအတွက် ဓာတုဗေဒပစ္စည်းများ — (10) Items
Tender No.15/HPGE/2013-2014
(က) ဘီလူးချောင်း(၂)စက်ရုံအတွက် စက်ဆီ/ချောဆီများ — (220) Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် စက်တင်ဘာ ၅ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၇၉၀၁ Toyota Cresta S/Lယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၁၂/ကတတ(နိုင်)၀၁၁၇၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရှိ ပြုပြင်သုံးစွဲရန်မသင့်လျော်သည့် အောက်ပါပစ္စည်းဟောင်း (၇၀)မျိုးတို့အား ရောင်းချလိုပါသဖြင့် ယှဉ်တွဲပါဒေသများအလိုက် ပစ္စည်းကြည့်ရှုနိုင်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်	ပစ္စည်းကြည့်ရှုရမည့်နေရာ
(က)	စက်ကိရိယာပစ္စည်း	၄၀ မျိုး	တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ရုံးခွဲ၊ မြိတ်မြို့
(ခ)	ပရိဘောဂပစ္စည်း	၈ မျိုး	တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ရုံးခွဲ၊ မြိတ်မြို့
(ဂ)	ရုံးသုံးကိရိယာ၊ လျှပ်စစ်ပစ္စည်းနှင့် စက်ကိရိယာပစ္စည်း	၂၂ မျိုး	အမှတ်(၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်မြို့

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်(နေပြည်တော်)၊ ရန်ကုန်ရုံးခွဲ (ရန်ကုန်မြို့)၊ မြိတ်ရုံးခွဲ(မြိတ်မြို့)
၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
၄။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်
၅။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၃၀-၈-၂၀၁၃ရက် ၁၆း၃၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားမည် ဖြစ်ပါသည်။
၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် (နေပြည်တော်)၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ ဖုန်း-၀၆၇-၄၁၄၀၈၃၊ ရန်ကုန်ရုံးခွဲ ဖုန်း-၀၁-၅၄၇၁၉၅ နှင့် မြိတ်ရုံးခွဲ ဖုန်း-၀၅၉-၄၁၀၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၃၄၁၃ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင် ၉/မနမ(နိုင်)၀၁၆၈၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၇၈၉၉၃ လုံစင်း ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော် ၁၂/ဗတထ(နိုင်)၀၀၉၉၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)

အများသိစေရန် ကြေညာခြင်း

ကျွန်မ၏ခင်ပွန်းဖြစ်သူ မုဒုံမြို့၊ မြို့မ (၁)ရပ်ကွက်နေ ဦးသူရိန်စိုး(ခ)ကိုလတ် ၁၂/မဂတ (နိုင်)၀၇၉၉၅၃သည် မိသားစုများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် နောက်နောင် ၎င်းနှင့်ပတ်သတ်သော ငွေကြေးကိစ္စများ၊ လူမှုရေးကိစ္စများအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဇနီး-ဒေါ်ညိုမာအောင်
၁၀/မဒန(နိုင်)၀၀၁၀၇၄

ရပ်ကွက်လက်လုပ် လက်စား ငွေစုငွေချေး သမအသင်း ဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၃

လက်လုပ်လက်စားအခြေခံပြည်သူများ ရင်းနှီးမြှုပ်နှံမှုအဆင်ပြေစေရေးအတွက် လက်လုပ်လက်စားငွေစုငွေချေး သမဝါယမအသင်းများကို မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ဖွဲ့စည်းလျက်ရှိသည်။

ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းက ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် လက်လုပ်လက်စားငွေစုငွေချေးသမဝါယမအသင်းကို မြို့နယ်သမအသင်းစုအုပ်ချုပ်မှုဒါရိုက်တာ ဦးသူရအောင်၊ မြို့နယ်သမဦးစီးအရာရှိ ဒေါ်ဌေးဌေးညွန့်၊မြို့နယ်သမဦးစီးမှူး ဦးမြလွင်နှင့် မြို့နယ်သမဦးစီးမှူး ဒေါ်စန်းစန်းလွင်တို့က ကွင်းဆင်းဖွဲ့စည်းပေးခဲ့သည်။

ထည့်သွင်းပေး

ငွေချေးရာ၌ ငါးဦးတစ်ဖွဲ့ဝိုင်းကြီးချုပ်စနစ်ဖြင့် စုပေါင်းအာမခံစနစ်ဖြင့် ချေးမည်ဖြစ်သည်။ ကနဦးချေးငွေအဖြစ် ကျပ်သုံးသောင်းမှ စတင်ချေးမည်ဖြစ်သည်။ ပထမဦးဆုံးသော ချေးငွေ၌ ငွေကျပ်ငါးထောင်ကို စုငွေအဖြစ် ပြန်လည် ထည့်သွင်းပေးရမည် ဖြစ်ကြောင်း သိရသည်။ ထိုချေး ငွေကျပ် သုံးသောင်းကို သုံးလဖြင့် ငွေကျပ် တစ်ရာလျှင် အတိုးနှစ်ကျပ်ခွဲဖြင့် သုံးလအရစ်ကျ အကျေပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

ပြောကြားခဲ့

တာဝန်ကျေပေးဆပ်သွားသူများကို အဆတိုး၍ ငွေကျပ်ငါးသိန်းအထိ ဆက်လက်ချေးသွားမည်ဖြစ်ကြောင်း မြို့နယ်သမဦးစီးအရာရှိ ဒေါ်ဌေးဌေးညွန့်က ပြောကြားသည်။

တစ်ဖန် မြို့နယ်သမအသင်းစုအုပ်ချုပ်မှုဒါရိုက်တာ ဦးသူရအောင်က "ချေးငွေမှာအများစုထည့်ဝင်ထားသည့် ငွေဖြစ်၍ မဖြစ်မနေပြန်လည်ပေးဆပ်ရမည် ဖြစ်ကြောင်း၊ အခြေခံစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးရန်အတွက် ပဏာမချေးငွေအဖြစ် စမ်းသပ်ချေးခြင်းဖြစ်ကြောင်း၊ တာဝန်ကျေလာသည်နှင့်အမျှ အဆတိုး၍ ချေးသွားမည်ဖြစ်ကြောင်း၊ အလွဲသုံးခြင်းဖြင့် ဦးတည်ချက်ကို မပျောက်စေချင်ပါကြောင်း တက်ရောက်လာသူများကို ရှင်းလင်းတင်ပြခဲ့သည်။ **(အပေါ်ပုံ)**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သရေခေတ္တရာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပ

ပြည် ဩဂုတ် ၃

သရေခေတ္တရာထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီက ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့်တိုက်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်တက္ကသိုလ်အငြိမ်းစားပါမောက္ခချုပ်ဆရာကြီးဦးမြဝင်း(စာရေးဆရာမြဝင်း၊ ဒသသန)ကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဆရာကြီးဦးကျော်ဝင်း(မနုဿကျော်ဝင်း)ကသရေခေတ္တရာယဉ်ကျေးမှုအမွေအနှစ်များကို လူမှုအဖွဲ့အစည်းများမှ စောင့်ရှောက်ထိန်းသိမ်းသင့်ပုံကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်ဆရာကြီး ဦးစန်းဝင်း(ဦးစန်းသုတေသန)ကသရေခေတ္တရာမြို့ဟောင်းအားUNESCO အဖွဲ့ကြီး၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရရှိရေးအတွက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ထို့နောက်ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနမှအငြိမ်းစားညွှန်ကြားရေးမှူးချုပ်ဆရာကြီးဒေါက်တာခင်မောင်ညွန့်က သရေခေတ္တရာယဉ်ကျေးမှုအမွေအနှစ်များ အကြောင်းကိုဟောပြောဆွေးနွေးကြကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

မန္တလေး လက်ဖက်ရည်ဆိုင်အတွင်းက စာပေရေချမ်းစင်

မန္တလေး ဩဂုတ် ၃

မန္တလေးအောင်မြေသာစံမြို့နယ် ၈၆ လမ်းနှင့် ၂၃ လမ်းထောင့်ရှိ မင်းမဟာကဖေးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စာပေရေချမ်းစင် (Mini Book Corner) ထားရှိပေးထားရာ လက်ဖက်ရည်ဆိုင်လာ မိဘပြည်သူများ၊ စာဖတ်ဝါသနာရှင်များက စာပေဖတ်ရှုလေ့လာနိုင်ကြပြီး Wifi ဖြင့် အင်တာနက်အခမဲ့ ကြည့်ရှုခွင့်ရသည်ကိုလည်း တွေ့ရှိရပြီး အဆိုပါမြို့နယ်အတွင်းရှိ တိုင်းရင်းဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံနှင့် အစိုးရဘဏ်များတွင်လည်း စာပေရေချမ်းစင်များ ထားရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်သူ့အင်အားဦးစီးဌာန
စာရင်းစစ်၊ စာရင်းကောက်များ ဝတ်စုံနှင့် အသုံးအဆောင်များ ချုပ်လုပ်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင် စာရင်းစစ်၊ စာရင်းကောက်များအသုံးပြုရန်အတွက် အောက်ပါပစ္စည်းများချုပ်လုပ်ရန် အိတ်ဖွင့်တင်ဒါလေးမျိုး တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က)	အပေါ်ထပ်အင်္ကျီ(Waist Coat)	၁၅၀၀၀၀ ထည်
(ခ)	လက်ဆွဲအိတ်(သို့မဟုတ်)ဘေးလွယ်အိတ်	၁၅၀၀၀၀ အိတ်
(ဂ)	ဦးထုပ်	၂၀၀၀၀၀ လုံး
(ဃ)	ရင်ထိုးတံဆိပ်	၂၀၀၀၀၀ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၅-၈-၂၀၁၃ ရက်မှ ၁၆-၈-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၁၉-၈-၂၀၁၃ ရက် မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထား၍ လျှောက်လွှာများကို လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်သွင်းလိုသည့် အမျိုးအစားတစ်ခုချင်းအလိုက် သတ်မှတ်အာမခံကြေးကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် PO စနစ်ဖြင့် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမူရင်းကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာမှာ ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ် ၄၈၊ နေပြည်တော်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အိတ်ဖွင့်တင်ဒါခေါ်ယူရေး၊ ဈေးနှုန်းစိစစ်ရေးနှင့် ပစ္စည်းဝယ်ယူရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၆၇-၄၃၁၃၃၇နှင့် ၀၆၇-၄၃၁၀၆၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရေဆင်း၊ နေပြည်တော်တွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း၊ ကိရိယာ	၂၆ မျိုး
၂။	လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်း (လေအေးပေးစက်၊ 30 HP Motor & Inpular)	၅ မျိုး
၃။	ရုံးအသုံးအဆောင်ပစ္စည်း(ကွန်ပျူတာ၊ ပရင်တာ၊ မိတ္တူကူးစက်)	၃ မျိုး
၄။	ပရိဘောဂ (စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ ဖိုင်တင်စင်၊ ခွေးခြေ)	၆ မျိုး

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၁-၇-၂၀၁၃ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၈-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၆၆၅၈၊ ၄၁၆၅၂၅၊ ၄၁၆၅၃၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(သထုံ)အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(သထုံ)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Plastic Chair (Armless)	37 လုံး
(၂)	Plastic Chair (Armed)	41 လုံး
(၃)	File Shelf	20 လုံး
(၄)	Computer Table	30 လုံး
(၅)	Lab Table (8' × 4' × 2' 6")	20 လုံး
(၆)	Officer table (6' × 4' × 2' 6")	20 လုံး
(၇)	Book Case	20 လုံး
(၈)	Cabine (Leeco 4 Drawers) (3' × 1'6" × 6')	5 လုံး
(၉)	ဖိုင်တင်စင် (Leeco /taiyo/standard)	20 လုံး
(၁၀)	လက်တင်ပါကုလားထိုင်	20 လုံး
(၁၁)	သစ်သားဆက်တီ	1 set
(၁၂)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	50 လုံး
(၁၃)	သဟာယထိုင်ခုံ(ကွျန်း၊ ဆိုဖာ၊ ထိုင်ခုံ၊ ကျောမှီဆိုဖာ၊ လက်တန်းပါ၊ နောက်မှီနှင့် ခြေထောက်ကနုတ်ပန်းပါ)	10 လုံး
(၁၄)	စကားပြောစင်	3 လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၁၅-၈-၂၀၁၃ရက် (၁၅း၀၀)နာရီဖြစ်ပါသည်။

၄။ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(သထုံ) စီမံရေးရာဌာန ရုံးခန်း၌ဖြစ်စေ၊ ဖုန်း-၀၉-၅၃၂၂၅၈၄သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့၊
ကွန်ပျူတာတက္ကသိုလ်(သထုံ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)
ပရိဘောဂဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)တွင် အသုံးပြုရန်အောက်ဖော်ပြပါ ပရိဘောဂများကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	Plastic Chair (Armless)	၃၇ လုံး
၂	Plastic Chair (Armed)	၄၉ လုံး
၃	File Shelf	၂၀ လုံး
၄	Computer Table	၃၀ လုံး
၅	Lab Table (8x4)	၂၀ လုံး
၆	Book Case	၂၀ လုံး
၇	Office Table (L=6' ,B=4', H=2' 6")	၂၀ လုံး
၈	Cabinet (Leeco Drawers) Width 3 Heigh 6	၅ လုံး
၉	ဖိုင်တင်စင် (Leeco/ taiyo/ standard)	၂၀ လုံး
၁၀	လက်တင်ပါကုလားထိုင်	၂၀ လုံး
၁၁	သစ်သားဆက်တီ	၁ စုံ
၁၂	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
၁၃	သဟာယထိုင်ခုံ(ကျွန်း၊ ဆိုဖာထိုင်ခုံ၊ ကျောမှီဆိုဖာ၊ လက်တင်တန်းပါ၊နောက်မှီနှင့်ခြေထောက်ကနုတ်ပန်းပါ)	၁၀ လုံး
၁၄	စကားပြောစင်	၃ လုံး

၂။ **တင်ဒါပိတ်ရက်** - ၇-၈-၂၀၁၃ရက် ညနေ ၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)
ဖုန်း-၀၄၃-၂၃၈၄၀၊ ၀၉-၈၅၀၃၀၁၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဦးစောဦး အမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄(ကံဘဲ့)၊ မြေကွက်အမှတ် ၁၅/ခ၅၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧကရှိ လ/န-၃(ခ) ရပြီး(B)မြေပိုင်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီးရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်မ၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဦးစောဦးမှလည်း ကျွန်ုပ်မ၏မိတ်ဆွေ ဦးရဲထွန်းဦး(ခ)ဦးထင်ကျော်သို့ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ပြန်လည်ရုပ်သိမ်းပိုင်ခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာကို လွှဲပေးပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများသည် တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

အမည်မှန်

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ ခွန်မင်းသန်းစိုး၏ အမည်မှန်မှာ ခွန်မင်းသန့်စိုးဖြစ်ပါကြောင်း။

ခွန်မင်းသန့်စိုး

ဖခင်အမည်မှန်

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ ခွန်မင်းသန့်စိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုး ၁၃/တကန(နိုင်)၀၂၅၄၉၇ ဖြစ်ပါကြောင်း။

ဦးသိန်းစိုး

မိဘအမည်မှန်

လှိုင်ကော်မြို့၊ ထခွဲအလက(၁)၊ န၀မတန်း(ခ)မှ မောင်ကိုကိုမောင်၏ မိဘအမည်မှန်မှာ ဦးမြင့်သိန်းနှင့် ဒေါ်မူမူအေးဖြစ်ပါကြောင်း။

ဦးမြင့်သိန်း-ဒေါ်မူမူအေး

အမည်ပြောင်း

မြောက်ဒဂုံ၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(G)မှ မောင်ဇင်ထွန်းလင်းနှင့် သတ္တမတန်း (F)မှ မဆုလဲ့စံတို့၏ဖခင် ဦးသန်းထွန်းအောင်အား ဦးသန်းထွန်းလင်းဟု ပြောင်းလဲခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၂၅၁၆ Shan Small (TSS-01)ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းဦး ၉/ပမန(နိုင်)၁၂၄၆၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန
(နေပြည်တော်)

မှုခင်းသတင်းနှင့်ကြော်ငြာ

မြဝတီရေကြီးနစ်မြုပ်မှုတွင် သေဆုံးသူအချို့ရှိ

ဘားအံ ဩဂုတ် ၃

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်က မြဝတီမြို့ အမှတ် (၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီးရှိ ကြံခင်းဈေးအရှေ့တွင် (စုံစမ်းဆဲ) အမျိုးသားတစ်ဦး၏ အလောင်းကို တွေ့ရှိခဲ့ရကြောင်းနှင့် သေဆုံးမှုကို စုံစမ်းဖော်ထုတ်လျက် ရှိကြောင်း၊ ဇူလိုင် ၂၉ ရက်က ပိုင်ကျုံမြို့နယ်ခဲ့တွင် ရေကြီးမှုကြောင့်ဝင်းဖရကျေးရွာ အုပ်စု တောင်ပလောင်ကျေးရွာနေ ဦးခလောက် (၅၂ နှစ်)နှင့် ဦးမောင်လှ (၆၅ နှစ်)တို့ နှစ်ဦးသည် ကွဲရေမျော၍ လိုက်ပါဆယ်ယူရာမှ ဇူလိုင် ၃၀ ရက်တွင် ဦးမောင်လှ(၆၅ နှစ်)၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့ရပြီး ဦးခလောက် (၅၂ နှစ်)မှာ ပျောက်ဆုံးနေကြောင်းနှင့် အလားတူ ဇူလိုင် ၃၀ ရက်က ၎င်းကျေးရွာနေ ဦးကာတစ် (၅၆ နှစ်)မှာ ကွဲရေမျော၍ လိုက်ပါဆယ်ယူရာမှ ပျောက်ဆုံးနေကြောင်း၊ ဇူလိုင် ၃၁ ရက်တွင် လှိုင်းဘွဲ့မြို့နယ် (က)ရပ်ကွက် ဘားအံလမ်း အိမ်အမှတ်(က-၅၉)တွင် နေထိုင်သူ မောင်မောင်သက်ဇင် (၂ နှစ် ၂ လ) သည် အိမ်ပေါ်၌ ကစားနေရာမှ မတော်တဆပြုတ်ကျရာ ရေအနက်လေးပေအောက် နစ်မြုပ်၍ သေဆုံးခဲ့ကြောင်း သိရသည်။

တင်မောင်အေး

ဗီရိုအတွင်းရှိရွှေထည်နှင့်နာရီများခိုးယူမှုဖြင့် ရေပိုက်ပြင်သူကို ဖမ်းဆီး

ရန်ကုန် ဩဂုတ် ၃

ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ဒေါ်လှကေခိုင် (၄၀နှစ်) ကုမ္ပဏီဝန်ထမ်း လမ်းသစ်ရိပ်သာ လမ်းမတော်မြို့နယ်နေသူမှာ နေအိမ်၌ မိခင်ဖြစ်သူ ဒေါ်တင်အေးကို ထားခဲ့ပြီး ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်ရှိ ကုမ္ပဏီသို့ အလုပ်သွားခဲ့၍ ည ၇ နာရီတွင် နေအိမ်သို့ပြန်လည်ရောက်ရှိစဉ် နေအိမ်ဧည့်ခန်းရှိ ဒေါ်လှကေခိုင်၏ ဗီရိုကို သော့တန်းလန်းနှင့် ထားခဲ့သော်လည်း သော့ခတ်ထားသည်ကို တွေ့ရ၍ မိခင်ဖြစ်သူအား မေးမြန်းရာ မိခင်က မပြုလုပ်ကြောင်း၊ ညနေ ၃နာရီခွဲက မောင်ထွန်း(ခ)အိတုံ(၂၅နှစ်)လက်သမား လမ်းမတော်မြို့နယ်နေသူရောက်ရှိလာပြီး နေအိမ်နောက်ဖေးခန်းတွင် ရေပိုက်ပြင်ကာ ညနေ ၅ နာရီတွင် ပြန်သွားကြောင်းပြောသဖြင့် ဗီရိုအတွင်း စစ်ဆေးကြည့်ရာ အလေးချိန် တစ်ပဲခြောက်ရွေးရှိ ကျောက်ဖြူ အသေး ၁၁ လုံးစီပါ ရွှေလက်စွပ် သုံးကွင်း တန်ဖိုးငွေကျပ် သုံးသိန်း၊ မိန်းမပတ်နာရီနှစ်လုံး တန်ဖိုးငွေကျပ် တစ်သိန်း ပျောက်ဆုံးနေသဖြင့် မောင်ထွန်း(ခ)အိတုံအပေါ် အရေးယူပေးပါရန် ဒေါ်လှကေခိုင်က တရားလိုပြုလုပ်၍ လမ်းမတော်မြို့နယ်ရဲစခန်းသို့ တိုင်ကြားခဲ့သဖြင့် မောင်ထွန်းအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

စိုးဝင်း(SP)

မှုခင်းကျဆင်းရေး အသိပညာပေး

ဖားကန့် ဩဂုတ် ၃

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ပြစ်မှု မှုခင်းများ မဖြစ်ပေါ်စေရေးနှင့် လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင်၂၉ ရက် မွန်းလွဲ ၁ နာရီက ဖားကန့်မြို့နယ် ဆိပ်မူရဲကင်း၌ မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူး အောင်သန်း၊ ဖားကန့်ရဲစခန်းမှူး ရဲအုပ်မောင်မောင်ကြီးနှင့် ရဲအုပ်ဝင်းရွှေတို့က မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောကြကြောင်း သိရှိရသည်။

(၀၆၄)

ရန်ငြိုးဖြင့် လူသတ်

ခင်ဦး ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် သရက်ပင်စုကျေးရွာ၌ဇူလိုင် ၂၇ ရက် ညနေ ၅ နာရီက မောင်ဇော် (၄၃နှစ်)သည် မိမိ၏နေအိမ်ခေါင်းရင်း ဇောင်းတဲ၌ အိပ်နေစဉ်တစ်ရွာတည်း နေမောင်ကျော် (၄၀နှစ်)က ဓားမကိုင်ဝင်ရောက်လာပြီး ယခင်စကားများရန်ဖြစ်ထားသည့် ကိစ္စနှင့် ပတ်သက်၍မကျေနပ်ဖြစ်ကာ ဓားမဖြင့် ခုတ်သဖြင့် မောင်ဇော်၏ လည်ပင်းတွင်ပြတ်ရှဒဏ်ရာတစ်ချက်ရရှိပြီး သေဆုံးသွားကြောင်းယောက္ခမဖြစ်သူ ဦးသောင်းငွေက တရားလိုပြုလုပ်တိုင်ကြားသော အမှုဖြစ်ပြီး ခင်ဦးရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ရောင်နီတင်ဝင်း

ရေမြောင်းထဲတွင် အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိ

ရန်ကုန် ဩဂုတ် ၃

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁၂၁)ရပ်ကွက် မင်းရဲကျော်စွာလမ်းဘေး ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီပိုင် လယ်ကွင်းရှိ ရေမြောင်းထဲတွင် ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီက အမျိုးသားအလောင်းတစ်လောင်းမှာ ပုပ်၍ပေါ်နေကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းသာ၏ သတင်းပေးပို့ချက်အရ စခန်းမှူး ရဲအုပ်သန်းဇော်ဦးက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးကြရာ သေဆုံးသူကို အကျယ် ၁၀ ပေ၊ အနက် ရှစ်ပေခန့်ရှိ ရေမြောင်းထဲတွင် မှောက်လျက်အနေအထားဖြင့် တွေ့ရှိရပြီး အလောင်းကို စစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိရကြောင်း၊ သေဆုံးသူမှာ ဘာဘူကြီး (၅၀ နှစ်) ကွဲကျောင်း အင်းဝလမ်း (၁၂၁) ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေသူဖြစ်ကြောင်း သိရှိရပြီး ၎င်းသည် အရက်သေစာ အလွန်အကျွံ သောက်စားတတ်သူဖြစ်ကာ လွန်ခဲ့သော သုံးရက်က ကွဲကျောင်းသွားနေစဉ် အိမ်သို့ ပြန်လည်မရောက်ရှိခဲ့ဘဲ ပျောက်ဆုံးနေခြင်းဖြစ်ကြောင်း၊ ရဲစခန်းသို့လည်း အကြောင်းကြားခြင်းမရှိကြောင်း သိရှိရ၍ အလောင်းကို သင်္ဃန်းကျွန်း စံပြဆေးရုံသို့ ပို့ဆောင်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ဆေးကုသဆောင်မှ လူနာတစ်ဦးခုန်ချ

ရန်ကုန် ဩဂုတ် ၃

ဇူလိုင် ၃၁ ရက် နံနက်၃ နာရီက သင်္ဃန်းကျွန်းမြို့နယ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွင် သုံးထပ်အဆောက်အအုံပေါ်မှ အမျိုးသမီးတစ်ဦး ခုန်ချခဲ့သော ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

တက်ရောက်

ဖြစ်စဉ်မှာ အဆိုပါသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွင် ယာဘက်အာခေါင်၌ အကျိတ်ပေါက်နေ၍ခွဲစိတ်ကုသရန် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသနေသူ မမေဖြိုးအောင်(၂၈နှစ်) တွံတေးမြို့နယ်နေသူသည် ဆေးကုသဆောင် သုံးထပ်အဆောက်အအုံပေါ်မှခုန်ချခဲ့၍ ၎င်းတွင်ဒဏ်ရာများရရှိကာ ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိသဖြင့် အတွင်းလူနာ (စိုးရိမ်ရ)အဖြစ် တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ အောက်ဖော်ပြပါ စာရေးကိရိယာများအား ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်	စဉ်	အမျိုးအမည်	အရေအတွက်
၁။	နိုင်ငံခြားစက္ကူ A4/ FS	၆၁၇၆ ထုပ်	၂၀။	Cello/Binding Tape	၉၂၀ ခွေ
၂။	စစ်တောင်းစက္ကူ(ဖြူ)A4/FS/A3	၁၆၀၅ ထုပ်	၂၁။	ဦးချစ်သိန်း	၂၅၀ ဘူး
၃။	လယ်ဂျာ(တို/ရှည်)	၁၇၂၃ အုပ်	၂၂။	သားရေကွင်း	၁၀၅ ပေါင်
၄။	စာအိတ်(သေး/ကြီး)	၃၄၄၃၀ လုံး	၂၃။	ရီဗွန်ကြိုး	၅၆ ခွေ
၅။	စက္ကူ/Plastic/Box ဖိုင်များ	၈၄၅၅ ခု	၂၄။	ကာဗွန်	၄၁၂ ဘူး
၆။	ဖိုင်ကြိုးခွေ	၄၆၃ ခွေ	၂၅။	ခဲဖျက်	၂၄၃ ခု
၇။	Binder/တွဲကလစ်/ပင်အပ်	၁၁၈၉ ဘူး	၂၆။	ခဲတံ	၃၈၂ ချောင်း
၈။	ချုပ်စက်(သေး/ကြီး)	၁၇၁ ခု	၂၇။	ပေတံ	၁၆၃ ချောင်း
၉။	ချုပ်ပင်(သေး/လတ်/ကြီး)	၁၃၄၅ ဘူး	၂၈။	ဖယောင်းစက္ကူ	၄၅၀ ဘူး
၁၀။	ဖောက်စက်(သေး/လတ်/ကြီး)	၈၀ ခု	၂၉။	Fax Roll	၅ လိပ်
၁၁။	Ink pad ဘူး/မင်ရည်	၂၃၆ ဘူး	၃၀။	Memory Stick 8 GB/ 16 GB	၃၅ ခု
၁၂။	Uniball/CD/Line/Soft pen များ	၃၁၂၈ ချောင်း	၃၁။	မိတ္တူကူးဆေးဘူး (၆)မျိုး	၃၉၄ ဘူး
၁၃။	White Board/ Parmenent Maker	၂၃၃ ချောင်း	၃၂။	Fax ဆေးဘူး (L-220/L-140)	၃၂ ဘူး
၁၄။	Correction	၄၄၂ ချောင်း	၃၃။	Printer ဆေးဘူး(၇)မျိုး	၄၀၄ ဘူး
၁၅။	White Board Duster	၅ ခု	၃၄။	DVD/ CD	၃၀၀ ချပ်
၁၆။	ဖယောင်းဖျက်ဆေး	၁၁ ဘူး	၃၅။	Fx-9	၂ ဘူး
၁၇။	စက္ကူဖြတ်ဓား(သေး/ကြီး)	၁၇၈ ချောင်း	၃၆။	ဂဏန်းပေါင်းစက် 14 Digit	၁၃ လုံး
၁၈။	ကတ်ကြေး	၄၃ ချောင်း	၃၇။	ကော်ဘူး	၂၄၅ ဘူး
၁၉။	Art Card/ဖလင်ပြား A4/FS	၃၅၀ ရွက်	၃၈။	ချိတ်တောင့်	၂၅ ချောင်း

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် အချိန်နှင့်နေရာ** - ၇-၈-၂၀၁၃ ရက် ၁၆း၀၀နာရီ အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်

၃။ **တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်** - ၁၄-၈-၂၀၁၃ ရက် ၁၁း၀၀နာရီ

၄။ အသေးစိတ်အချက်အလက်များအား မြန်မာ့လေကြောင်း(ရုံးချုပ်)၊ အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်တွင် စုံစမ်းနိုင်ပါသည်။

မြန်မာ့လေကြောင်း

ဝန်ထမ်းအမြန်အလိုရှိသည်

ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နိုင်သော ကြီးကြပ်အင်ဂျင်နီယာ အလိုရှိသည်။

(၁) အမျိုးသား အသက် (၂၂)နှစ်မှ (၂၈)နှစ်အတွင်း ဖြစ်ရမည်။

(၂) B.E/B. Tech /A.G.T.I (Civil)

(၃) M & E (ရေသန့်နှင့် စက်မှုအင်ဂျင်နီယာ) B.E (Mechanical)

(၄) ကိုယ်ရေးရာဇဝင်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာပါရှိရမည်။

လျှောက်လွှာကို ဩဂုတ် ၂၀ ရက်အတွင်း နောက်ဆုံးထားပေးရန်။

ဆက်သွယ်ရန်လိပ်စာ-အမှတ် ၃၄၁၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

ဆက်သွယ်ရန် ဖုန်း-၀၁-၅၁၀၁၃၆၊ ၀၁-၅၃၄၂၄၉ (ရုံးချိန်အတွင်းသာ စုံစမ်းရန်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အဆောက်အအုံနှင့် တံတားငယ်များ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(၁)	အုတ်	၄၂၀၀၀၀ ချပ်
(၂)	မြစ်ကျောက်စရစ်	၂၃၀ ကျင်း
(၃)	မြစ်သဲ	၄၉၀ ကျင်း
(၄)	ဘိလပ်မြေ	၇၅၀ တန်
(၅)	သံချောင်းရှယ်စုံ	၇၅ တန်
(၆)	သစ်မာ(အထူ/ပါး)	၆၅ တန်
(၇)	ကျွန်းတံခါး/ပြတင်းရွက်	၇၂၀၀ စတုရန်းပေ
(၈)	အခြားသားသစ်	၆၀ တန်
(၉)	၈ပေ×၄ပေ ငါးထပ်သား	၄၅၀ ချပ်
(၁၀)	၂ပေ×၂ပေ မျက်နှာကြက်ကျောက်ပြား	၄၀၀၀ ချပ်
(၁၁)	ပလတ်စတစ်သုတ်ဆေး	၅၅၀ ဂါလန်
(၁၂)	ဆီဆေး	၂၄၀ ဂါလန်
(၁၃)	Amcan အမိုးပြား	၈၀၀၀ ပေ
(၁၄)	Amcan Plain Sheet	၉၆၀ ပေ

တင်ဒါလျှောက်လွှာအရောင်းဌာန - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မကွေးမြို့ (၅-၈-၂၀၁၃ရက်စ၍ ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာပိတ်ချိန် - ၁၂-၈-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီ

စိစစ်ရွေးချယ်မည့်အချိန် - ၁၃-၈-၂၀၁၃ရက် နံနက် ၉း၃၀နာရီ

စိစစ်ရွေးချယ်မည့်နေရာ - မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၊ မကွေးခရိုင်၊ မကွေးမြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၆၃-၂၃၀၅၃



ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်သစ်)၊ မြေကွက်အမှတ် ၆၁၃၊ မြေကွက်တည်နေရာအမှတ် ၃၇၊ အောင်ဇေယျ(၂)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ဦးအေး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအေး(ဖခင်)နှင့် ဒေါ်သန်းစိန်(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်လှလှရီ ၁၂/သဃက(နိုင်)၀၈၄၀၈၇ က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ လည်းကောင်း၊ တစ်ဖန်ဒေါ်လှလှရီထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဧရိယာပေ(၄၀×၆၀)ထဲမှ ပေ(၂၀×၆၀)အား ဝယ်ယူထားသူ ဒေါ်အေးနှင်းထွန်း ၉/ပဥလ(နိုင်)၀၁၉၇၁၁မှ ပူးတွဲ၍ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ် (A)၊ ပဒေသာရပ်ကွက်တွင် တည်ရှိသော ဦးပိုင်အမှတ် ၅၊ မြေယာအမှတ် ၅နှင့် ဦးပိုင်အမှတ် ၆၊ မြေယာအမှတ် ၆၊ မြေဧရိယာစုစုပေါင်း ၀ဒသမ၃၁၈ဧကရှိသော မြေကွက်များသည် ဦးအေးမောင်မောင် ၁၂/ဗဟန(နိုင်)၀၇၃၅၁၈နှင့် ဒေါ်ခင်ဆွေတင် ၁၂/ဗဟန(နိုင်)၀၂၃၁၇၆တို့မှ ဂရန်စာချုပ်နံပါတ် (၁၄၃၈/၉၃-၉၄)၊ ဂရန်စာချုပ်နံပါတ်(၁၂၀/၉၄-၉၅)တို့အရ ဂရန်ရရှိထားသူများဖြစ်ကြပြီး ၎င်းတို့နှစ်ဦးထံမှ ဦးအောင်မျိုးသက် ၁၂/ဗဟန(နိုင်)၀၈၅၃၄၆ က မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆို၍ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ မြေကွက်များအား ကျွန်ုပ်မှ ဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ဂရန်အမည်ပြောင်းကိစ္စရပ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဦးအောင်မျိုးသက်
ဖုန်း-၀၉-၅၀၁၆၅၀၂၊ ၀၈၅-၂၉၁၀၀

ကျေးလက်ဆေးပေးခန်းအဆောက်အအုံလွှဲပြောင်းပေးအပ်

ကျောင်းကုန်း ဩဂုတ် ၃

မြန်မာ့ဩဘာကုမ္ပဏီလီမိတက်က လှူဒါန်းသော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုကျောင်းကုန်းမြို့နယ် ကိုင်းတာကျေးရွာအုပ်စု ကိုင်းတာကျေးရွာတွင် ဇူလိုင် ၂၆ ရက် နံနက် ၉နာရီခွဲက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းနှင့် မြန်မာ့ဩဘာ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဦးတင်မောင်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးကိုယ်စား တာဝန်ခံ ဒေါက်တာဇာဇာဝင့်က ထပ်ဆင့် အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့ဩဘာ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဦးတင်မောင်လှိုင်က လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားကာ မြန်မာ့ဩဘာမြေဩဇာဌာနဧရာဝတီ တိုင်းဒေသကြီးတာဝန်ခံ ဦးဇော်မင်းဦးက အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ခံ ဒေါက်တာ ဇာဇာဝင့်ထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ အဆောက်အအုံမှာ အလျားပေ ၃၆× အနံ ပေ ၃၀ဖြစ်ပြီး သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၆၀ ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

၂၀၁၃-၂၀၁၄ ပညာသင်နှစ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကြည့်မြင်တိုင်မြို့နယ် ကျောင်းကောင်စီ အသင်းလိုက် မိုးရာသီဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၅ ရက်က ကျင်းပစဉ်။ (ပညာရေး)

ဘုတလင်၌ ဒေသခံပြည်သူများ ပညာအလင်းပေးမည့် စာကြည့်တိုက်ဖွင့်လှစ်

မုံရွာ ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် ငွေးပင်ကျင်းကျေးရွာတွင် ဒေသခံပြည်သူများ အသိပညာအလင်းကို ပွင့်လင်းစေမည့် မဟောသဓကျေးရွာ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီကကျင်းပသည်။

အဆိုပါစာကြည့်တိုက်ကို တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းလှိုင်နှင့် အလှူရှင် ဦးမျိုးမြင့်တို့က မဟောသဓ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက်ကျေးရွာစာကြည့်တိုက်အတွက် ၂၂ လက်မ ရုပ်မြင်သံကြားဖမ်းစက်တစ်စုံ၊ သုတ၊ ရသ၊ ဂျာနယ် စာစောင်များ အသီးသီးထောက်ပံ့ပေးအပ်ခဲ့ပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းစာကြည့်တိုက်တည်ဆောက်ရန်အတွက် စုစုပေါင်းကုန်ကျငွေကျပ်၃၇၅၁၀၈၀ကုန်ကျပြီးကျေးရွာမှ ပြည်သူများမှ ကျောက်နှင့် သဲများကို လုပ်အားဒါနပြုကာ တည်ဆောက်ခဲ့ကြောင်းနှင့် စာကြည့်တိုက်တွင် ဒေသခံပြည်သူများဗဟုသုတရှာမှီးနိုင်ရန်အတွက် သုတ၂၃၁အုပ်၊ ဝတ္ထု ၁၉၉အုပ်၊ မဂ္ဂဇင်း၉၄အုပ်၊ ဂျာနယ် စာစောင်၇၀၀စုစုပေါင်း၁၃၂၂အုပ်ကို စင်တင်ထားရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သထုံမြို့နယ် မိုးကောင်းကျေးရွာတွင် မြေသားတမံကျိုးပေါက်

သထုံ ဩဂုတ် ၃

မွန်ပြည်နယ် သထုံမြို့နယ် မိုးကောင်းကျေးရွာအုပ်စု အနောက်ဘက်ကွင်းအမှတ် ၄၂၇ အလျားပေ ၁၇၀၀ခန့်၊ အနံ ၁၂ ပေ၊ အမြင့် ၁၂ ပေရှိ တောင်သူလယ်သမားများ၏ ကိုယ့်အားကိုယ်ကိုး မြေသားတမံသည် ဇူလိုင် ၂၉ ရက် နံနက်၁၁ နာရီက ဘီးလင်းမြစ်ရေလျှံမှုကြောင့် ပေ၄၀ခန့် ကျိုးပေါက်ပျက်စီးခဲ့သည်။ အဆိုပါ တမံကျိုးပေါက်မှုကြောင့် မိုးကောင်း၊ တံတားဦး၊ ကျိုက္ကော်၊ သိမ်ဆိပ်၊ ဓနကတိုက်ကျေးရွာအုပ်စု ငါးအုပ်စုရှိ မိုးစပါးစိုက်ဧက ၁၀၀၀၀ ကျော်ခန့် ရေလွှမ်းမိုးလျက်ရှိပြီး လူ၊ တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး
ရန်ကုန်မြို့
ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်းနှင့် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တို့ကို ဆက်သွယ်သည့် ပေါင်းကူးလျှောက်လမ်း စောင်းတန်းကြီး ဆောက်လုပ်ရန်အတွက်

ဈေးပြိုင်တင်ဒါပိတ်ရက် ပြောင်းလဲခြင်း

ရွှေတိဂုံစေတီတော်အနောက်ဘက် အောက်ပစ္စယာရှိ မဟာဗုဒ္ဓဝင်ပြခန်း အဆောက်အအုံမှ အလယ်ပစ္စယာရှိ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် အဆောက်အအုံတို့ကိုဆက်သွယ်သည့် ၂၅ပေအကျယ်ရှိ ပေါင်းကူးလျှောက်လမ်း၌ ၁၃၅၀ Kg ဓာတ်လှေကား လေးစင်းနှင့် စောင်းထောင့် ၁၂ဒီဂရီရှိ Travellator နှစ်စင်း တပ်ဆင်ရန် ၇-၈-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ဈေးပြိုင်တင်ဒါပိတ်မည်ဟု ကြော်ငြာခဲ့ပါသည်။

အထက်ပါလုပ်ငန်းအား Design ပုံစံပြောင်းလဲရန်ရှိပါသဖြင့် Design ပုံစံအသစ်နှင့် အတူ တင်ဒါပိတ်ရက်အား ထပ်မံကြော်ငြာပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၃၇၅၇၆၇၊ ၃၇၁၀၈၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)မှ ကြီးမှူးကျင်းပသော ဆဋ္ဌမအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ကန်တော့ပွဲကြီးအား ၂၈-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် IBC (International Business Centre) ခန်းမ၌ အောင်မြင်စွာကျင်းပခဲ့ပါသည်။

သက်ကြီးသဘင်ပညာရှင်ကြီးများအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းပေးခဲ့ကြပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အလှူရှင်ကြီးများ၊ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသည့် ဘဏ္ဍာ/အခွန်နှင့် ယဉ်ကျေးမှုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ အနုပညာညီနောင်အစည်းအရုံးများနှင့် အသင်းအဖွဲ့များ၊ ရိုက်ကူးထုတ်လွှင့်ပေးကြသော MRTV, မြဝတီ၊ MRTV-4, SKY- NET ရုပ်သံနှင့် သတင်းမီဒီယာများ၊ မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေပေးကြပါသော သဘင်ပညာရှင်များ၊ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးပေးသော ဦးချမ်းသာ (ရွှေမန်းသဘင်အဖွဲ့)နှင့် တင်မောင်ဆန်းမင်းဝင်း (ရွှေမန်းသဘင်အဖွဲ့)တို့အားလည်းကောင်း၊ အခမ်းအနားဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြပါသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ IBC မှ ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဆဋ္ဌမအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ
မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး (ဗဟို)

ပျောက်ဆုံးကြောင်း

ဒေါ်မေအောင် ၁၂/ဆကခ(နိုင်)၀၁၉၀၈၅ကိုင်ဆောင်သူပိုင်သောCorolla Car Permit, ISP IDVB 12-13-19440, ID, BL ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၁၅၄၅၇**

ရွှေတိဂုံစေတီတော်(စနေထောင့်ရှိ)ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း
ရန်ကုန်မြို့
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်

အစည်းအဝေးပွဲကျင်းပမည်

(၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ (၅၃)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၁၃ခုနှစ် ဩဂုတ် ၁၈ရက် (တနင်္ဂနွေနေ့)
၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁၂ရက်
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - ရခိုင်ပြည်နယ်မွှောရုံ- အာဇာနည်လမ်း (ရွှေတိဂုံဘုရားအရှေ့မုခ်အနီး) ဗဟန်းမြို့နယ်

အမှုဆောင်အဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၁၃၀၄၈ Honda Click ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးလင်းကိုကိုထက် ၁၂/ဒဂတ(နိုင်)၀၅၉၀၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ချစ်သားလေးရွှေပြည့်ဖြိုးမောင်(ခ) ရွှေမုတ်သုန်အတွက် (၂)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၄-၈-၂၀၁၃ရက်တွင် ကျရောက်သော အချစ်ဆုံးသားလေး၏(၂)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းရာကျော်တိုင် ဘဝ၏အောင်မြင်မှုကို ပိုင်ဆိုင်ပြီး ထူးချွန်ထက်မြက်လိမ္မာသော သားကောင်းရတနာလေးအဖြစ် မိသားစုနှင့်အတူ လိုအင်ဆန္ဒပြည့်ဝစွာ လျှောက်လှမ်းနိုင်ပါစေ-

ချစ်ဘကြီး-ဝေဖြိုးအောင်(ဂျူး)ခေတ္တ စင်ကာပူ
ချစ်ဖေဖေ၊ မေမေ ဗိုလ်ကြီးပြည့်ဖြိုးမောင်(ငြိမ်း)-(မပန်းစုလှိုင်အေး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၄၉၂၂ YINXIANG, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဘိုလန်း ၉/မရမ(နိုင်)၀၃၃၄၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဒေါ်လော်ကရာဘီ ၁၂/သဃက(နိုင်)၀၀၇၄၇၁သိရှိစေရန်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ် ဒေါ်မိမိအောင်မှ ဒေါ်လော်ကရာဘီ သိရှိစေရန် အောက်ပါအတိုင်းသိစေအပ်ပါသည်။ ဒေါ်လော်ကရာဘီသည် အမှတ် ၇၀၄၊ ငမိုးရိပ် ၃ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သောမြေကွက်နှင့် အိမ်အား မိမိပိုင်ဆိုင်ကြောင်း မြွက်ဟပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့သဖြင့် ကျွန်မ ဒေါ်မိမိအောင်မှ ယုံကြည်၍ ၃၁-၈-၂၀၁၂ ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် နှစ် ၆၀ဂရန်လျှောက်ထားခဲ့ပြီး ရရှိပါက မြေကွက်၏ နှစ် ၆၀ဂရန်အား လက်ရောက်အပ်နှံ၍ သုံးလအတွင်း အရောင်းအဝယ်ပြုလုပ်သည့် နေအိမ်မှပြောင်းရွှေ့ပြီး မြေကွက်နှင့် အိမ်အား လက်ရောက်အပ်နှံပါမည်ဟု ဝန်ခံကတိပြု၍ ၃၀-၁၁-၂၀၁၂ရက်တွင် ဒုတိယအကြိမ် စရန်ငွေများကို ထပ်မံရယူသွားခဲ့ပါသည်။

ယခုအခါ ဒေါ်လော်ကရာဘီသည် ကျွန်မ ဒေါ်မိမိအောင်မှ ရောင်းဖိုးငွေအပြီးပေးချေရန် ဆက်သွယ်သော်လည်း အတွေ့မခံသဖြင့် ဤသတင်းစာကြော်ငြာဖြင့် သိစေခြင်းဖြစ်ပါသည်။ ဒေါ်လော်ကရာဘီထံမှ ကျွန်မအား ခုနစ်ရက်အတွင်းဆက်သွယ်၍ ဖော်ပြပါအိမ်မြေပိုင်ဆိုင်မှု ဂရန်မူရင်းများနှင့် အိမ်အားလက်ရောက်အပ်နှံပြီး ကျန်ရောင်းဖိုးငွေအား လာရောက်လက်ခံ၍ အရောင်းအဝယ်ပြီးမြောက်အောင်ဆောင်ရွက်ပါရန် အကြောင်းကြားအသိပေးအပ်ပါသည်။ လာရောက်ဆက်သွယ်၍ အရောင်းအဝယ်ပြီးမြောက်အောင် မဆောင်ရွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်လော်ကရာဘီ သိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိမိအောင်
တိုက် ၁၊ အခန်း ၀၀၂၊ ကျိုက်ဒေးရုံဘုရားလမ်း၊ ဆ/ခရပ်ကွက်၊ ဘဝမြင့်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၀၂၈၄၄၅

စီးပွားရေးကြော်ငြာများ

The Kandawgyi Palace Hotel is a vibrant and contemporary 200 -room hotel, featuring 3 Food and Beverage outlets, 2 conference/ meeting rooms, pool, spa and an exclusive members club.

We are currently seeking a capable, friendly and enthusiastic Full Time Guest Relations Officer to join our busy Front Office team.

Your number one priority will be to maintain the high level of service we provide to our guests and patrons. Reporting to the Rooms Division Manager, you will be responsible for completing all Front Office duties which includes, but is not limited to:

- Providing exceptional customer service to all guests/hotel visitors
- Coordinating the checking in and checking out of all hotel guests
- Maintaining and settling all guest accounts
- Responding to all guests needs and assisting with all guest inquiries
- Answering and redirection of all phone calls
- Booking of tours and airport transfers for hotel guests, as required.

The successful applicant will be computer literate and flexible to work a variety of shifts, including weekdays, weekends and public holidays. Previous experience in hospitality industry is an advantage, as are clear and concise communication skills. Experience with Opera is also desirable.

Required for immediate start

HR Manager
Kandawgyi Palace Hotel
Kan Yeik Tha Road, Yangon
Tel. 249255 Ext. 7303

(1) Junction ... Ph:571545, 09-5126882
(2) ... Ph:200917,09-43122884
(3) ... Ph:566592,09-421008133

ဝန်ထမ်းအလိုရှိသည်

The Traveller

၁။ Marketing Executive

၂။ Marketing Assistant

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မိတ္ထီလာခရိုင်တရားရုံး

၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၁၂

မန်နေဂျာ **နှင့်** ဦးလှရွှေ
မြန်မာ့စီးပွားရေးဘဏ်၊ သာစည်မြို့။
တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်-၄၁၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၃ခုနှစ် စက်တင်ဘာ ၉ရက် (၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ် (၇)ရပ်ကွက်၊ ကွင်းအမှတ် (၁၈-ခ/ကျွဲလည်ပင်း)၊ ဦးပိုင်အမှတ် (၁၆၃+၁၆၄)၊ မြေကွက် (၁၉၁-၁၉၂)၊ ဧရိယာ ၀ ဒသမ ၂၈၀ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ အောက်ထပ်ကြမ်းခင်း ကွန်ကရစ်ခင်း၊ အပေါ်လျှာထိုးခင်း၊ သွပ်မိုး၊ ကျွန်းလျှာထိုးကွက်၊ မျက်နှာကြက် အုတ်ညှပ်ကာ၊ လူနေနှစ်ထပ်တိုက် တစ်လုံး(တွဲလျက်)၊ ကြမ်းခင်း ကွန်ကရစ်ခင်း၊ အုတ်ညှပ်ကာ၊ သွပ်မိုး (ကျွန်းလျှာထိုးမျက်နှာကြက်ကပ်)၊ မီးဖိုချောင်၊ ထမင်းစားဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ အဆောက်အအုံတစ်လုံး၊ အောက်ထပ်ကြမ်းခင်း၊ ကွန်ကရစ်ခင်း၊ အပေါ်လျှာထိုးခင်း၊ သွပ်မိုး၊ ကျွန်းလျှာထိုးမျက်နှာကြက်ကပ်၊ အုတ်ညှပ်ကာ၊ လူနေနှစ်ထပ်တိုက်၊ အဆောက်အအုံတစ်လုံး၊ မြေကြီးခင်း၊ ပျဉ်းကတိုးတိုင်၊ အကာမရှိ၊ သွပ်မိုး၊ စက်ရုံအဆောက်အအုံတစ်လုံး၊ ကွန်ကရစ်ခင်း၊ အုတ်ကာ၊ ဆလပ်ပြားမိုး၊ ရေချိုးခန်းအဆောက်အအုံ (အပေါ်အုတ်ရေကန်ရေစင်တစ်ခု)

လေလံကြမ်းခင်းဈေး ကျပ် ၄၉၅ သိန်း။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်လိပ်စာ ၉၁၄(က)၊ မာဃ ၁၂လမ်း၊ မြေအကျယ်အဝန်းပေ(၂၀×၆၀)၊ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ဒေါ်မြင့်မြင့်ဝေ ၁၂/ဥကတ(နိုင်)၁၁၇၆၆၂ ထံမှ လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၇ရက်အတွင်း ကျွန်မထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ
ဒေါ်ခင်မာဝေ(ခ)မာဂရက်ချစ်ခင်
၁၂/ရကန(နိုင်)၀၅၄၈၈၂
တိုက် ၃၊ အခန်း ၂၀၁၊ သာယာရွှေပြည်အိမ်ရာ၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၂၇၉၅၉၁

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မိတ္ထီလာခရိုင်တရားရုံး

၂၀၁၁ ခုနှစ် ဇာရီမှုအမှတ်-၂၂၉

မန်နေဂျာ **နှင့်** ၁။ ဦးအောင်မြင့်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ခင်စန်းရီ
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၁၀ ခုနှစ် တရားမကြီးမှုအမှတ်-၄၅၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၃ခုနှစ် စက်တင်ဘာ ၉ရက်(၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ကွင်း (၈-မြို့မအနောက်)၊ ဦးပိုင် (၁၁၆)၊ မြေကွက်အမှတ် (၁၃၂)၊ ဧရိယာ ၀ ဒသမ ၀၇၈ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ ပေ(၄၀×၃၀×၂၈)၊ သွပ်မိုး၊ အုတ်ကာ၊ မျက်နှာကြက်မီးခံပြား၊ အပေါ်လျှာထိုးခင်း၊ အောက်ကွန်ကရစ်ခင်း၊ ပတ်ကားတိုက်၊ ပေ(၂၀×၈)၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ အရောင်းဆိုင်၊ ပေ(၁၀×၈)၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ တစ်ထပ်မီးဖိုချောင်နှင့် ပေ (၆×၅×၈)၊ ကွန်ကရစ်ခင်း၊ ကွန်ကရစ်မိုး၊ အုတ်ကာ၊ ပေ(၈×၆×၄)၊ အုတ်ရေကန်နှစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၇၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မိတ္ထီလာခရိုင်တရားရုံး

၂၀၁၁ ခုနှစ် ဇာရီမှုအမှတ်-၂၃၃

မန်နေဂျာ **နှင့်** ၁။ ဦးနေမျိုးထွန်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်မာလာထွန်း
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၄၅၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၃ခုနှစ် စက်တင်ဘာ ၉ရက် (၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်း(၈/မြို့မ)၊ ဦးပိုင် ၇၀၊ မြေကွက် ၆၂-၂၉၂၊ ဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၂×၃၂)ပေ၊ လူနေနှစ်ထပ် ပတ်ကားတိုက်၊ (၃၂×၁၄)ပေ၊ စတိုဂိုဒေါင်၊ (၃၂×၁၆)ပေ မီးဖိုချောင်၊ ရေချိုးခန်း၊ အုတ်ရေကန်

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၇၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

[illegible]	[illegible]	[illegible]

ပညာရေးနှင့်စီးပွားရေးကြော်ငြာ

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး)
ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)၊ ပထမနှစ်သင်တန်းများသို့တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည် -

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့်ကိုက်ညီသော ကိုယ်အင်္ဂါ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

(ဂ) အနုပညာဝါသနာပါသူဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များတွင် သင်ကြားမည့်အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့များအပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့်အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည် -

	အထူးပြုဘာသာ	သင်တန်းကာလ	ဘွဲ့အမည်
(က)	ဂီတပညာအထူးပြု	(၄)နှစ်	ဝိဇ္ဇာဘွဲ့(ဂီတ)
(ခ)	သဘင်ပညာအထူးပြု	(၄)နှစ်	ဝိဇ္ဇာဘွဲ့(သဘင်)
(ဂ)	ပန်းချီပညာအထူးပြု	(၄)နှစ်	ဝိဇ္ဇာဘွဲ့(ပန်းချီ)
(ဃ)	ပန်းပုပညာအထူးပြု	(၄)နှစ်	ဝိဇ္ဇာဘွဲ့(ပန်းပု)
(င)	ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု	(၄)နှစ်	ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်)

(ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြုတက်ရောက်လိုသူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌သာ တက်ရောက်ရမည်ဖြစ်သည်)

၃။ တက်ရောက်ခွင့်ရရှိသူသည် ဒုတိယနှစ်အောင်မြင်ပြီးပါက အနုပညာဒီပလိုမာ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်) Diploma in Arts (Music/ Dramatic Arts/ Painting/ Sculpture/ Cinema and Drama) လက်မှတ်များကို တက္ကသိုလ်ဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ပေးအပ်သွားမည်ဖြစ်သည်။

၄။ ဒုတိယနှစ်အောင်မြင်ပြီး အနုပညာဒီပလိုမာရရှိသူများသည် ဝိဇ္ဇာဘွဲ့ရရှိလိုပါက သင်တန်းကာလ (၂)နှစ် ဆက်လက်တက်ရောက်၍ စုစုပေါင်းသင်တန်းကာလ(၄)နှစ်ဖြင့် သက်ဆိုင်ရာပညာရပ်အလိုက် ဝိဇ္ဇာဘွဲ့များ ရရှိမည်ဖြစ်ပါသည်။

၅။ ဒုတိယနှစ်အောင်မြင်ပြီး အနုပညာဒီပလိုမာရရှိသူများသည် ဂုဏ်ထူးတန်းတက်ရောက်လိုပါက ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီရမည်ဖြစ်ပြီး ပထမနှစ် (ဂုဏ်ထူးတန်း)အပါအဝင် သင်တန်းကာလ(၃)နှစ် ဆက်လက်တက်ရောက်၍ စုစုပေါင်းသင်တန်းကာလ(၅)နှစ်ဖြင့် ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့များ ရရှိအပ်နှင်းသွားမည်ဖြစ်သည်။

၆။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)သို့လည်းကောင်း လျှောက်ထားတက်ရောက်ကြရမည်ဖြစ်သည်။

၇။ ထို့အပြင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ တက်ရောက်ခွင့်ရရှိသူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနနှင့် MCC.i Ltd တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသော အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း၌ သင်တန်းကြေး၏ (၅၀) ရာခိုင်နှုန်းကိုသာ ပေးသွင်း၍ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

၈။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌လည်းကောင်း ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၉။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်းမှထောက်ခံချက်မူရင်း၊ ကျန်းမာကြောင်းထောက်ခံချက်၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၅)ပုံတို့နှင့်ပူးတွဲလျက် **၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၁၈)ရက်နေ့နောက်ဆုံးထား၍** အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားကြရမည်ဖြစ်ပြီး **၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့တွင် လူတွေ့စစ်ဆေးမည်** ဖြစ်ပါသည်။

၁၀။ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းမူရင်းကိုလူတွေ့စစ်ဆေးရန် လာရောက်သည့်အခါ တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကိုသိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ တယ်လီဖုန်းအမှတ် ၀၁-၅၉၀၂၅၂၊ ၀၁-၅၉၀၂၆၃ သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ တယ်လီဖုန်းအမှတ် ၀၈၅-၄၀၁၈၄ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ဖော်ဦး)
မော်ကွန်းထိန်း
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၉

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ သာစည်မြို့။ **နှင့်** ၁။ ဦးလှအောင် ၂။ ဒေါ်စန်းဝေ
တရားနိုင် **တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၂၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်(၁/သီရိမင်္ဂလာ)ဦးပိုင်အမှတ် (၁/က)၊ မြေကွက်အမှတ် (၂/၁၇၂)၊ ဧရိယာ ၀ ဒသမ ၀၈၂၈ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ် ၁၆၅ သိန်း။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇူလိုင် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မွေး)
မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇ B၊ လူနေရပ်ကွက်အမှတ် နံ့သာကုန်း၊ မြေကွက်အမှတ် ၁၀/ဃ⅔၊ ဧရိယာ ၀ဒသမ ၁၇၂၈ဧက၊ B-မြေပိုင်မြေကွက်အနက်မှ (မြေကွက်၏တောင်ဘက်ခြမ်း) တရားဝင်မခွဲမစိတ်ရသေးသော (၄၀/၄၀ ပေ× ၈၅/၉၀ ပေ)ခန့် အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နိဗ္ဗိန္ဒလမ်း၊ အမှတ် ၅၈၉ ဟု ခေါ်တွင်သည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်ဖြစ်သူ (မိခင်) ဒေါ်တင်မေ BQ-၀၀၄၆၉၅၊ ၁၂/အစန(နိုင်)၀၂၇၀၁၄ ကွယ်လွန်သဖြင့် အမွေဆက်ခံ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုကြသူ ဒေါ်ရီရီအေး ၈/မကန(နိုင်)၀၂၉၂၇၇ အပါအဝင် ၁၀ ဦးထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်နိုင်ဝင်း (စဉ်-၈၂၁၉)	**ဒေါ်တင်တင်ခိုင် (စဉ်-၈၀၀၈)**
LL.B, D.I.L တရားလွှတ်တော်ရှေ့နေ	**LL.B, D.B.L, D.M.L, D.I.L တရားလွှတ်တော်ရှေ့နေ**

အမှတ် ၁၀/၁၂၊ အခန်း ၁၀၄(အီး)၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၅၄၁၅၄၁၀၊ ၀၉-၄၃၀၆၅၅၄၉၊ ၀၉-၄၄၈၀၂၅၉၉၃

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

မြေကွက်များဝယ်လိုသည်

ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)

ဖုန်း-၀၉-၄၅၀၀၅၇၆၅၉၊ ၀၉-၄၉၂၉၀၁၉၇

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးဆန်းအောင်၏သား ကျိုင်းတုံမြို့၊ အထက (၄)၊ အဋ္ဌမတန်း(B) မှ မောင်ကျော်သူရအောင်အား မောင်ကျော်သူရအောင်(ခ) မောင်သိန်းထိုက်အောင် ၁၃/ကတန(နိုင်) ၁၇၇၀၄၄ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မောင်ကျော်သူရအောင်(ခ)မောင်သိန်းထိုက်အောင်

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

၈၀/၄၂၁၁၊ ၈ဃ/၁၁၀၈ ယာဉ်လက်ဝယ်ရှိသူ အမည် မြန်မာ့ဒေဝူးဆောက်လုပ်ရေး စက်ယန္တရားကုမ္ပဏီ လီမိတက်က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

သာစည်မြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၁၂

မန်နေဂျာ	**နှင့်**	၁။ ဒေါ်တင်ရွှေ
မြန်မာ့စီးပွားရေးဘဏ်		၂။ ဦးတင်မောင်
သာစည်မြို့။		၃။ ဒေါ်ခင်မာလာ
တရားနိုင်		**တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၉၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ် ၇/ခ-ထိန်ကန်၊ ဦးပိုင်အမှတ် (၂၆၁- ၂၆၂)၊ မြေကွက်အမှတ် (၂၆၇ ×၂၆၈)၊ ဧရိယာ ၀ဒသမ ၂၁၂ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၆ ×၂၆)ပေရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ နှစ်ထပ်နံကပ်တိုက်၊ (၁၉×၁၁)ပေရှိ မီးဖိုချောင်၊ (၁၀×၅)ပေ ရေချိုးခန်း၊ ရေအိမ်၊ အုတ်ကန်လေးလုံး၊ သီးနှံစုံလှောင်ဂိုဒေါင်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀။

လေလံတင်ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇူလိုင် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မွေး)
မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဝင်း [B.A (Agri)]

ဦးစီးအရာရှိ(မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီး)

အသက်(၅၈)နှစ်

သူငယ်ချင်း ဦးစောမြင့်မော်၏ဇနီး ဒေါ်ခင်ဝင်းသည် ၃၀-၇-၂၀၁၃ရက် နံနက် ၂း၂၅နာရီတွင် အင်းတော်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမေ့သား(၂၀)မှ သူငယ်ချင်းများနှင့် မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှကျင် (ဟဲဟိုး)

အသက်(၈၀)

ဟဲဟိုးမြို့၊ နန်းကုန်းရပ်ကွက်နေ (ဦးကျော်ဖံ)၏ဇနီး၊ ဦးကျော်ဦး-ဒေါ်မြင့်မြင့်စန်း၊ ဦးအောင်တိုး-ဒေါ်စုစုကြည်၊ မစုစုရီ၊ ဦးကျော်ထူး-ဒေါ်နန်းဝိုးနွမ်း၊ မစုစုနီ၊ ဦးကျော်လင်း-ဒေါ်စန္ဒာဝင်း၊ (ဦးကျော်မင်းအောင်-ဒေါ်ချိုချိုမာ)၊ မသင်းသင်းဝေတို့၏မိခင်၊ မြေး ကိုးယောက်တို့၏အဘွားသည် ၂-၈-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဟဲဟိုးမြို့မသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း အမ

ဒေါ်ပါးပါး

အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၂၁၅နေ [ဦးဆာမိ (ခ) ဦးမားဒဆာမိနားဒါးရ်]၏ဇနီး၊ (ဦးမူနီရက်ပါး)၊ ဦးဇော်ဇော်-ဒေါ်စန္ဒာ(သစ်ဟောင်းရောင်းဝယ်ရေး)၊ ဦးတင်အောင်-ဒေါ်မြင့်မြင့်ခိုင် (အောင်မြင့်မြတ်ဂုန်နီအိတ်၊ ပီနံအိတ်ရောင်းဝယ်ရေး၊ ပုသိမ်မြို့)၊ ဦးမောင်မောင်မြင့်-ဒေါ်နီနီဝင်း(သစ်ရောင်းဝယ်ရေး)တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၃၁-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၀နာရီတွင်ကွယ်လွန်သွားပါ၍၁-၈-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းရီ

(ကျောင်းဆရာမ၊ ငြိမ်း၊ အလက-၃၊ ဒဂုံ)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အမှတ် ၁၀၇၊ အေးရိပ်သာလမ်းနေ (ဦးချစ်ခိုင်-ဒေါ်အေးကြည်)တို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးမင်းလှငွေ(ငြိမ်း)၏ဇနီး၊ ဦးဉာဏ်ထွန်း-ဒေါ်နော်ဆာဖိုးတို့၏အစ်မ၊ ဒေါ်ငွေသွေးရည်၊ ဦးအောင်သက် နိုင်(GUYO March's. Co.)-ဒေါ်အေးမြရည် (MRTV စက်မှု)၊ ဦးအောင်အောင်လင်း-ဒေါ်ငွေဝတ်ရည်တို့၏မိခင်၊ မဆုထက်ထက်နိုင်၊ မဆုလင်းလက် (ထ-၁၊ကမာရွတ်)၊ မောင်သီဟသစ်အောင်တို့၏အဘွားသည် ၂-၈-၂၀၁၃ရက်(သောကြာနေ့) နံနက် ၀၀း၀၅နာရီတွင် တိုက် ၃၊ အခန်း ၅၊ မြန်မာ့အသံဝန်ထမ်းအိမ်ရာ၊ ပြည်လမ်း၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသန်းညွန့် (ရုံးအုပ်ကြီး၊ ငြိမ်း)၊ သတက(၃)၊ ဥက္ကံမြို့နယ်အသင်း

အသက်(၈၂)နှစ်

ဥက္ကံမြို့နယ်(ကျောင်းအုပ်ဆရာကြီး ဦးသိန်း-ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေလှ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ၃လမ်း၊ အမှတ် ၈နေ ဒေါ်စောအေး (ခ)ဒေါ်ဝိုင်း၏ခင်ပွန်း၊ ဦးတင်ညွန့်(ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ငြိမ်း)-ဒေါ်ခင်အေး၊ ဦးဝင်း (အထက-၆၊ ဗိုလ်တထောင်၊ ငြိမ်း)-ဒေါ်တင့်ရီ(ဘိုကလေး TTC၊ ငြိမ်း)၊ ဦးခင်မောင်ဝင်း (အခြေခံပညာ၊ ငြိမ်း)-(ဒေါ်သန်းရီ၊ တိုင်းပညာရေးမှူး)၊ ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်စန်းတို့၏အစ်ကိုကြီး၊ ဒေါ်ယဉ်ယဉ်လှ (အမက-၁၂၊ အင်းစိန်၊ ဒေါ်တင်တင်လှ(ဟိဏ်းထက်အောင်စတိုး)၊ ဒေါ်အေးအေးမြင့်(အင်္ဂလိပ်စာဌာန၊ ဆေးတက္ကသိုလ်-၁၊ရန်ကုန်)၊ ကိုတင်အောင်သန်း(အာရှမနေဘဏ်၊ ငြိမ်း)-ဒေါ်စုစုဝင်း (ပင်စင်ဦးစီး၊ ငြိမ်း)၊ [ရဲအုပ်ဝင်းမြင့်သန်း(ခ)ဝင်းလေး၊ သတင်းတပ်ဖွဲ့]-ဒေါ်ကြည်ကြည်လွင် (သတင်းတပ်ဖွဲ့၊ ငြိမ်း)တို့၏ဖခင်၊ မဆုပြည့်စံ (အထက-၃၊ တောင်ဥက္ကလာပ)၊ မသင်းနန္ဒီဇော်၊ မောင်သန့်နေဇော်(အမက-၁၂၊ အင်းစိန်)၊ မသီရိစံ(အမက-၁၁၊ တောင်ဥက္ကလာပ)တို့၏အဘိုးသည် ၂-၈-၂၀၁၃ရက်(သောကြာနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်အေးအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအေးကို (တောင်သာ/မြင်းခြံ)

စီမံစီးပွား(၄)၊ကုန်သွယ်/လယ်ယာ(ငြိမ်း)၊ကောင်းထက်လျှံစားသောက်ဆိုင်(ဒလမြို့နယ်)

အသက်(၇၃)နှစ်

မြင်းခြံမြို့(ဦးဖေဒါ-ဒေါ်သန်းတင်)တို့၏သား၊(ဒေါ်အမာကြူ)၊ဒေါ်ခင်စန်းရီတို့၏ခင်ပွန်း၊ ဦးမြင့်ဇော်(Dedinbell Co.,)၊ ဒေါ်ဥမ္မာကို၊ (ဦးသန်းထိုက်ကို-ဒေါ်ကျော့ကျော့ခိုင်)၊ ကိုကျော်စိုးဝင်း-ဒေါ်နွယ်နီကို(MITT)၊ ဦးမျိုးသီဟ (Uniteam)၊ ဒေါ်ဖြူမာကို(ဒါနဗုဒ္ဓဂယာ)၊ ဦးထိန်ဝင်းကို (စင်ကာပူ)၊ ဦးမင်းမင်းကို၊ ဦးရူဝံကို-ဒေါ်သန်းသန်းဆုကျော်(စင်ကာပူ)၊ မောင်ဟိန်းထက်ကို-မပိုးဘရဏီစံ၊ မဇင်မီမီကိုတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂-၈-၂၀၁၃ရက် (သောကြာနေ့) နံနက် ၂း၂၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ပန်းဆိုးတန်းဆိပ်ကမ်းလမ်းမှကားများ နံနက် ၉နာရီနှင့် ၃၅၄/၁၆၊ စက်မှု-၁လမ်း၊ ရန်ကင်းမှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအေးကို (တောင်သာ/မြင်းခြံ)

စီမံစီးပွား(၄)၊ကုန်သွယ်/လယ်ယာ(ငြိမ်း)၊ကောင်းထက်လျှံစားသောက်ဆိုင်(ဒလမြို့နယ်)

အသက်(၇၃)နှစ်

မြင်းခြံမြို့(ဦးဖေဒါ-ဒေါ်သန်းတင်)တို့၏သား၊(ဒေါ်အမာကြူ)၊ဒေါ်ခင်စန်းရီတို့၏ခင်ပွန်း၊ ဒေါ်မြမြဝင်း(ပါမောက္ခ၊ ငြိမ်း)၊ ဒေါက်တာရွှေအိုး(ဆေးရုံအုပ်ကြီး၊ ငြိမ်း)-ဒေါ်ကြည်သန်း (အထကပြ၊ ငြိမ်း)၊ (ဒုရဲမှူးဦးငွေသိန်း)-ဒေါ်နွဲ့နွဲ့စန်း၊ ဦးတိုင်းဝေ(ဦး/ရှိ၊ ဆမ၊ ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်မြမြနှင်း(ဦး/ရှိ၊ ထွေအုပ်-ငြိမ်း)၊ ဦးဇော်ဝင်းမြင့်(ဦး/ရှိ၊ ဆမ၊ မြင်းခြံ)-ဒေါ်ဝင်းဝင်း၊ ဒေါ်မြမြသင်း(ပညာရေးမှူး၊ ဒဂုံမြို့နယ်)၊ ဦးသိန်းထွန်းအောင် (ရေကြောင်းပို့ဆောင်ရေးမှူး)-ဒေါ်ခင်မျိုးလွင်တို့၏အစ်ကိုကြီးသည် ၂-၈-၂၀၁၃ရက်(သောကြာနေ့)နံနက် ၂း၂၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြည်(ပြွန်တန်ဆာ)

ညွှန်ကြားရေးမှူး(ငြိမ်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ ခြံအမှတ် ၁၅နေ (ဦးသိန်း-ဒေါ်မြရင်)တို့၏သားကြီး၊ (ဦးကျော်ငန်း-ဒေါ်လှ)တို့၏သားသမက်၊ (ဒေါ်လှရီ)၏မောင်၊ (ဦးမြင့်သန်း)-ဒေါ်ဝင်းကြည်၊ ဦးမျိုးညွန့်-ဒေါ်ခင်ညွန့်နှင်းတို့၏အစ်ကို၊ ကိုအောင်ကျော်မိုး-မချိုချိုအောင်၊ ကိုကျော်ဝင်းအောင်တို့၏ဖခင်၊ မဖြိုးသဥ္ဇာကျော်၏အဘိုး၊ ဒေါ်တင်တင်ဝင်း (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊တူ၊တူမ ၁၅ယောက်တို့၏ဘကြီးသည် ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၂း၂၅နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဝိသာခါကျောင်းအမကြီး

ဒေါ်ကြူ (ပူးနှစ်ကောင်ဒန်အိုးဆိုင်)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊လမ်းမတော်လမ်း၊ အမှတ် ၁၁၉နေ (တန်အော်ရှုန်း-ဒေါ်ညွန့်)တို့၏သမီး၊ [ကိုဝေချမ်း(ခ)ဦးကျော်ခိုင်(ခ)ခန့်ချောကြီး]၏ဇနီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄၀လမ်း၊ အမှတ် ၂၅နေ ဦးဝင်းနိုင်-ဒေါ်ခင်မြင့်ဆွေ၊ (ဦးကျော်တင့်)-ဒေါ်ခင်မြင့်ကြည်၊ ဦးအုန်းငွေ-ဒေါ်တင်တင်ခိုင်၊ ဦးသိန်းမြိုင်-ဒေါ်အေးအေးခိုင်၊ ဦးကြည်ဖေ-ဒေါ်မြမြရင်၊ ဦးကျော်တင့်-ဒေါ်သက်သက်ခိုင်(ခ)ဘိလေး၊ ဦးခင်မောင်ချို(ခ)အောင်ခန့်-ဒေါ်ခင်ခင်ထွေး၊ ဦးအောင်စိန်(ခ)ကိုအေးချို-ဒေါ်စန္ဒာဝင်း၊ ဒေါ်သန်းသန်းခိုင်၊ ဦးသန်းနိုင်တို့၏မိခင်၊ မြေး၂၅ယောက်၊မြစ်၁၇ယောက်တို့၏ဘွားဘွားကြီးသည် ၂-၈-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်ကြူကြူဝင်း

(သီရိရတနာ ပရိဘောဂတိုက်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၉၈၊ သမိန်ဗရမ်းလမ်းနေ (ဦးသောင်းဝင်း၊ တပ်မတော်ထောက်လှမ်းရေး)၏ဇနီး၊ ဦးမိုးကျော်ဒွေး-ဒေါ်ဥမ္မာဝင်း၊ (ဦးကျော်ကျော်ဝင်း)၊ ဒေါ်နိုင်နိုင်ဝင်းတို့၏မိခင်၊ မမိုးမိုးနိုင်ဒွေး၊ မောင်ဘုန်းမြတ်နိုင်ဒွေး၊မဒွေးမယ်နော်တို့၏ အဘွားသည် ၁-၈-၂၀၁၃ရက် ည၁၀း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂-၈-၂၀၁၃ရက် (သောကြာနေ့) ဂျုမ္မာနာမာဇ်အပြီး ရေဝေးဥယျာဉ်တော်၌ ဒါဖနာပြီးပါကြောင်း မင်္ဂဖေရည်ဒုအာပြုပေးပါရန်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ကိုဘွယ်ဟူး

(Robert Bawi Hu)

(Dallas Texas U.S.A)

အသက်(၄၆)နှစ်

Rev. Dr. Ral Buai မြန်မာနိုင်ငံ ယူပီစီ ဂိုဏ်းချုပ်နှင့်(ဒေါ်ဆုန်ကွေး)တို့၏ သားကြီး၊ ဒေါ် Biak Sung (U.S.A) ၏ခင်ပွန်း၊ Jona Than,Joshua,Evelynတို့၏ဖခင်၊ Dr.Anna -Vanthio (New Ze Land)၊ ဆရာမ Linda-Lai Pek Liana (U.S.A), သိက္ခာတော်ရ Elvis Buai-ဒေါ် Kimbertly (U.S.A)တို့၏ အစ်ကိုကြီး၊ Jesse, Jennifer, Josepl Joanna, Jeremiah, Joy, Josaiah တို့၏ဘကြီးသည် ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၈-၂၀၁၃ ရက် (စနေနေ့) အမေရိကန်စံတော်ချိန် နံနက် ၁၀နာရီတွင် Dallas(U.S.A) ၌သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

စစ်ကိုင်းမြို့၊ မန်ကျည်းစဉ်ရပ်၊ ဘုရားကြီးကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တဓမ္မသီရိ မဟာထေရ်

သက်တော် (၉၁)နှစ်၊ သိက္ခာတော် (၇၁)ဝါ

သာသနဓဇသီရိပဝရဓမ္မာစရိယ၊ ဘုရားကြီးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက စစ်ကိုင်းမြို့၊ ကောင်းမှုတော်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ (ပထမ၊ ဒုတိယ၊ တတိယအကြိမ်) နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးသည် (၁၃၇၅ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်)၊ ၁၇-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၃၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်)၊ ၂၉-၈-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့အား သတိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တအရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ သာသနဓဇသီရီပဝရဓမ္မာစရိယ

မဟာမုနိဂေါပကအဖွဲ့ ဩဝဒ္ဓါစရိယ၊

ချမ်းသာကြီး ဆန်လှူသင်း ဩဝါဒါစရိယ

ဗြဟ္မစိုရ် လူမှုကူညီရေးအသင်း ဩဝါဒါစရိယ

သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ မဟာနန္ဒိသေနာရာမတိုက် ပဓာနနာယက တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအရိယာဘိဝံသ အရှင်သူမြတ်သည် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်) ၃၁-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ် ဝါဆို လပြည့်ကျော် ၁၅ရက်) ၆-၈-၂၀၁၃ရက် (အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ရဟန်း၊ သာမဏေ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ၊ မဟာနန္ဒိသေနာရာမတိုက် မန္တလေးမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်ထွန်း

(မကွေးမြို့နယ်အသင်းနာယက)၊ (ညွှန်ကြားရေးမှူး ၊ ငြိမ်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ ၆မိုင်၊ အမှတ် ၇-ဒီနေ (ဦးအောင်ဖေ-ဒေါ်ကျစ်)တို့၏သား၊ (ဒေါ်နှင်း၊ အထက-၂၊လှိုင်၊အထက်တန်းပြဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဇော်ထွန်း၊ ဦးဝင်းမြင့်သိန်း-ဒေါက်တာဒေါ်နှင်းနှင်းတင်၊ (ဦးသူရမောင်)-ဒေါ်ယုယုတင်၊ ဒေါ်နုနုတင်၊ ဦးအောင်ဦးကျော်-ဒေါက်တာဒေါ်ဥမ္မာတင်တို့၏ဖခင်၊ (မောင်ဥက္ကာမောင်မောင်ကြည်)၊ မဇွန်ထက်ပွင့်၊ မောင်ရဲဝံ့ထွန်း၊ မတင်ထက်ဝင့်၊ မထက်ထက်အောင်တို့၏အဘိုးသည် ၁-၈-၂၀၁၃ရက် ည ၇း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ခန္ဓာဗေဒဌာန၊ ဆေး တက္ကသိုလ်(၁)ရန်ကုန်၊ ပြည်လမ်းသို့လှူဒါန်းပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်ထွန်း

(မကွေးမြို့နယ်အသင်းနာယက)၊ (ညွှန်ကြားရေးမှူး၊ ငြိမ်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ ၆မိုင်၊ အမှတ် ၇-ဒီနေ (ဦးအောင်ဖေ-ဒေါ်ကျစ်)တို့၏သား၊ (ဒေါ်နှင်း၊ အထက-၂၊ လှိုင်၊ အထက်တန်းပြ၊ငြိမ်း)၏ ခင်ပွန်း၊ (ဦးခင်မောင်-ဒေါ်သန်းကြည်)၊ (ဦးအုန်းကျော်-ဒေါ်မြကြည်)၊ (ဦးချစ်)-ဒေါ်လှလှ၊ (ဦးဘတွတ်-ဒေါ်မေရီ)၊ (ဦးဘအုန်း-ဒေါ်အေးကြင်)၊ (ဦးတင်အုန်း)-ဒေါ်ခင်ဝင်းကြည်၊ (ဦးဘလှိုင်)-ဒေါ်မြခင်တို့၏ညီ/မောင်၊ (ဒေါ်ခင်ရွှေရီ)၊ ဒေါ်ခင်သန်းဆွေ၊ (ဦးခင်ဇော်)၊ ဒေါ်စန်းစန်းမော်၊ ဒေါ်အမာကြူ၊ ဒေါ်ဖြူဖြူ၊ ဒေါ်ရင်ရင်မေ၊ ဒေါ်ခင်မော်မော်၊ ဒေါ်ခင်ကျော်ကျော်၊ ဒေါ်ခင်အုံးချစ်၊ (ဦးဝင်းတင်)၊ ဒေါ်တင်တင်မေ၊ ဒေါ်မြင့်မြင့်အုန်း၊ ဒေါ်ဆွေဆွေအုန်း၊ ဒေါ်မူမူအုန်း၊ ဒေါ်တင်တင်ချို၊ ဦးမင်းအောင်၊ (ဒေါ်ခင်သန်းလှိုင်)၊ ဦးကျော်ဆန်းလှိုင်၊ ဦးဇော်ဝင်းလှိုင်၊ ဒေါ်ခင်ပြုံးလှိုင်၊ ဦးအောင်ဝင်းလှိုင်၊ ဒေါ်ခင်ယုလှိုင်တို့၏ဦးလေးသည် ၁-၈-၂၀၁၃ရက် ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်ကို ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)၊ ပြည်လမ်း၊ ရန်ကုန်သို့ လှူဒါန်းပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူ တူ၊ တူမများ

ဝမ်းနည်းကြေကွဲခြင်း

ဆရာမကြီးဒေါ်ကြင်ဌေး (ရွှေဘို)

ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ်

အသက်(၈၄)နှစ်

ဆရာမကြီး ဒေါ်ကြင်ဌေး အသက်(၈၄)နှစ်သည် ၂၈-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာ ဆရာမများ
ပထဝီဝင်ဌာန
မိတ္ထီလာတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နီနီထွေး (ကျောက်ဆည်)

B.Sc (Math), B-Tech (Civil)

အသက်(၃၈)နှစ်

ဦးကျော်ကြား (မြန်မာဘရူဝါရီလီမိတက်)-ဒေါ်ညိုဝင်းမို့မို့တို့၏ ချစ်လှစွာသော ညီမလေး ဒေါ်နီနီထွေး ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မပို့၊ မချို
ယုဇနပလာဇာ

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်နု (ဖျာပုံ)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ ၅လမ်းထိပ်၊ အမှတ် ၆၁၀နှင့် လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊ကန်လမ်း၊ လှိုင်မြင့်မိုရ်လမ်းသွယ်-၂၊ အမှတ် ၆၄နေ (ဦးဘလွန်း-ဒေါ်သိန်းတင်)တို့၏သမီး၊ ဦးကျင်အောင်(နာယက၊မြန်မာနိုင်ငံဆန်ကုန်သည်အသင်း၊ အောင်မိသားစု ဆန်ပွဲရုံ၊ ဘုရင့်နောင်)၏ဇနီး၊ ဦးခင်မောင်ဌေး(အုပ်ချုပ်မှုဒါရိုက်တာ၊ ဂျိုးရတနာဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်စုစုအောင်၊ ဦးညီညီ-ဒေါ်ဆွေဆွေအောင်တို့၏မိခင်၊ မောင်အောင်ဖြိုးမင်း၊ မောင်ထူးအိမ်လွင်၊ မမေနန္ဒီမောင်တို့၏အဘွားသည် ၃-၈-၂၀၁၃ရက်(စနေနေ့)နံနက် ၄း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊ကန်လမ်း၊ လှိုင်မြင့်မိုရ်လမ်းသွယ်-၂၊ အမှတ် ၆၄ နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်နု (ဖျာပုံ)

အသက်(၇၇)နှစ်

အန်ကယ်ဦးကျင်အောင်(နာယက၊ မြန်မာနိုင်ငံဆန်ကုန်သည်အသင်း)၏ဇနီး၊ ဦးခင်မောင်ဌေး (MD, ဂျိုးရတနာဆောက်လုပ်ရေးကုမ္ပဏီ) - ဒေါ်စုစုအောင်၊ ကိုညီညီ-မဆွေဆွေအောင်တို့၏မိခင်၊ အန်တီဒေါ်ခင်နုသည် ၃-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမောင်ထွေး-မသပြေစိုး
ကောင်းဇော်ဟိန်းကုမ္ပဏီလီမိတက်

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်ရဖီး(ခ)ဦးတင်မြင့်

မြို့နယ်အခွန်ဦးစီးမှူး(ငြိမ်း)

တင်မြင့်လွင် (မြို့နယ်စာရေးဆရာအသင်း၊ ၆၄၇၁၊ ဒဂုံ/မြောက်)

အသက်(၇၆)နှစ်

မြစ်ကြီးနားမြို့နေ (ဦးသိန်းတန်-ဒေါ်စန်းကြည်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးဝင်းမြင့်-ဒေါ်အမာ)တို့၏သားသမက်၊ အမှတ် ၅၀၀၊ စံရိပ်ငြိမ်လမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်မာမာဝင်း(ရတနာဝင်း အမျိုးသမီး ဘော်ဒါဆောင်)၏ခင်ပွန်း၊ ဟာဂျီဦးချစ်ဆွေ-ဒေါ်ခင်မို့မို့လွင်တို့၏ဦးလေး၊ ကိုအောင်စိုးစိုး-မဝါဝါမြင့်(ဒု/အခွန်ဦးစီးမှူး၊ လှိုင်)၊ ကိုကျော်နိုင်ဝင်း(PANDA Engineering Co.,Ltd.)-ဒေါက်တာမြကြေးမုံစိုး၊ မမီမီဝင်း(ရတနာဝင်း အမျိုးသမီး ဘော်ဒါဆောင်)၊ ကိုကျော်စွာသိန်း(2/E, PIL Shipping Co.,Ltd.)-မသဲမြဝတ်ရည်၊ ကိုဖြိုးဆုအောင်(A/B MGM Shipping Co.,Ltd.)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂-၈-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်ကျင်ရီ(ခ)ဒေါ်လေးရီ

ရွှေဦးသဘော်ဆေးဆိုင် (စမ်းချောင်း)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးတင်အုန်း-ဒေါ်မြခင်)တို့၏ချွေးမ၊ (ဦးထွန်းကြည်-ဒေါ်ကျင်လှိုင်)တို့၏သမီး၊ အမှတ် ၁၄၂၊ အခန်း ၃၊ ဗားကရာလမ်းနှင့် အမှတ် ၇၂-၇၇၊ ရွှေတိဂုံဘုရားလမ်းနေ ဦးမြင့်ကြည်၏ဇနီး၊ ဦးမြတ်ဦး၊ ဒေါ်သင်းသင်းကြည် (ရွှေဦးသဘော်ဆေးဆိုင်)၊ ဦးမျိုးဦး-ဒေါ်စမ်းစမ်းအေး (မျိုးဆက်သစ် အိမ်ဆောက်ပစ္စည်းဆိုင်)၊ ဦးအောင်မြင့်ဦး-ဒေါ်အေးအေးမော် (ဇောတိကအိမ်ဆောက်ပစ္စည်းဆိုင်)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၃-၈-၂၀၁၃ရက် (စနေနေ့)နံနက် ၇း၀၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ အမှတ် ၁၄၂၊ အခန်း ၃၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၃ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်အေး(ခ)ဦးတွတ်

မြန်မာ့စီးပွားရေးဘဏ် (ဘ·စ·ရ·စ၊ ငြိမ်း)

မန်နေဂျာ၊ ရောဝတီဘဏ်လီမိတက်(ရုံးချုပ်)

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အမှတ် ၄နေ (ဦးမြမောင်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဦးသန့်ဇင်(ဒုရဲမှူး၊ ငြိမ်း)၊ ဒေါ်ဆန်းဝင်း၊ ဦးအောင်သန်းဝင်း၊ ဒေါ်မာမာစီ၏အစ်ကို၊ ဒေါ်စမ်းစမ်းအေး(ဌာနခွဲမှူး၊ မြို့တော်စည်ပင်)၊ ရဲမှူးခင်မောင်ဝင်း(လဲချားမြို့နယ်)-ဒေါ်ခင်မြတ်သူ၊ ဒုရဲအုပ်ကျော်မင်းလွင်(ယာဉ်ထိန်း)-ဒေါ်အေးအေးမူ(အလုံ တရားရုံး)၊ ဦးမြင့်သော်(ဌာနစုမှူး၊ ယာ/အုံ)-ဒေါ်အေးအေးမော်တို့၏အစ်ကို၊ မောင်စည်သူအောင်၊ မောင်ပိုင်စိုး-မဆုမွန်အောင်တို့၏ဖခင်၊ ဒေါ်စန်းစန်းဌေး(လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ တာမွေ)၏ခင်ပွန်းသည် ၃-၈-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၂း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၅-၈-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်အေး(ခ)ဦးတွတ်

မန်နေဂျာ၊ ရောဝတီဘဏ်လီမိတက်(ရုံးချုပ်)

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၈)ရပ်ကွက်နေ(ဦးလှဘော်)-ဒေါ်မေမေခင်တို့၏မောင်၊ တာမွေမြို့နယ်၊ ၁၄၈လမ်းနေ ဒေါက်တာကျော်လင်း-ဒေါ်ခင်ဝင်း၊ သုဝဏ္ဏအထက အထက်တန်းပြဆရာမ ဒေါ်တင်တင်ရီတို့၏အစ်ကို၊ သုဝဏ္ဏ၊ ကောက်လျှင်လမ်းသွယ်-၂နေ(ဦးတင်အေး)-ဒေါ်အုံးမြင့်တို့၏ညီ၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် ၄နေ ဒေါ်စန်းစန်းဌေး (လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ တာမွေ)၏ခင်ပွန်း၊ မောင်စည်သူအောင်၊ မောင်ပိုင်စိုး-မဆုမွန်အောင်တို့၏ဖခင်သည် ၃-၈-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဌေး

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဦးငြိမ်းဦး[ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တောဦးစီးဌာန]၏ဇနီး ဒေါ်ခင်ဌေးသည် ၂-၈-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ(၁၉၇၉-သစ်တောသိပ္ပံဘွဲ့)

ဘုရား၊ ရဟန်း ဒါယကာကြီး

ဦးဘချိန် (ကျောက်မဲ)

အသက်(၈၅)နှစ်

လားရှိုးမြို့နေ (ဦးညွန့်-ဒေါ်ငြိမ်းလှ)တို့၏သား၊ (ဦးဘငြိမ်-ဒေါ်ထွေးထွေး)၊ မန္တလေးမြို့နေ (ဦးသာအေး-ဒေါ်ရီရီဝင်း)တို့၏ညီ၊ ရန်ကုန်မြို့နေ (ဦးဘအေး-ဒေါ်ခင်မြင့်)၊ (ဗိုလ်မှူးပန်းကြိုင်)-ဒေါ်ခင်တင့်၊ ကျောက်မဲမြို့နေ ဦးထွန်းမြင့်-ဒေါ်ငွေကြည်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဒေါက်တာဦးမြင့်လွင်-ဒေါ်ခင်မြဝင်း၊ မန္တလေးမြို့နေ ဒေါ်ခင်မြထွေး၊ (ဗိုလ်မှူးသန်းနိုင်)-ဒေါ်မိမိမော်၊ ဦးအေးနိုင် (Oriental House)-ဒေါ်နန်းစန်းစန်းဦးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ မန္တလေးမြို့၊ အောင်တော်မူရပ်၊ ၂၆×၂၇လမ်းကြား၊ ၆၂×၆၃လမ်းကြား၊ မြနန္ဒာလမ်းနေ (ဒေါ်နန်းမြအုန်း)၏ခင်ပွန်းသည် ၂-၈-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြင့်သိန်း B.A (Law) BL

မန်နေဂျာ(ဟိုတယ်/ခရီး၊ ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အမှတ် ၂၈၊ ၃လမ်း၊ ပင်လုံရိပ်မွန်နေ (ဦးမောင်သိန်း-ဒေါ်ခင်ခင်)တို့၏သား၊ (ဒေါ်ခင်အုန်း၊ စား/ထွေ၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးသန်းထွန်း)၏ညီ၊ (ဒေါ်ပဲ)၏အစ်ကို၊ (ဗိုလ်ကြီးမင်းဇင်ဦး၊ လေ)-ဒေါ်သိမ့်သိမ့်ဆွေ၊ ဦးဇော်ဝင်းဆွေ-ဒေါ်နီလာနွယ်၊ ဒေါ်မျိုးမျိုးသွင်(ခေတ္တ-စင်ကာပူ)၊ ဦးအောင်အောင်-ဒေါ်ထွေးမာအေး(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မောင်ခန့်စည်သူဆွေ၊ မောင်ဇော်ဇင်ဦး၊ မောင်ပိုင်ဇင်ဦး၊ ရှောင်နစ်ကီအောင်တို့၏ဘိုးဘိုးကြီးသည် ၃-၈-၂၀၁၃ရက်(စနေနေ့) နံနက် ၄နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ရက် (တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်ဝင်း (မြောင်းမြ)

အသက်(၆၅)နှစ်

မြောင်းမြမြို့နေ(ဦးမောင်ရွှေ)-ဒေါ်ကျင်ဆိုင်တို့၏သား၊ အမှတ် ၃၃၊ ရန်ပြေ ၁၇လမ်းအနောက်၊ သာကေတမြို့နယ်နေ ဒေါ်စန်းကြည်၏ခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်မြအေး၊ ဒေါ်စန်းဝင်းတို့၏အစ်ကို၊ မရီရီရွှေ၏ဖခင်၊ မောင်ပြည့်စုံ၏အဘိုးသည် ၃-၈-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများ သိစေရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးပြည့်စုံမှူး (ဦးစီးအရာရှိ၊ လွှတ်တော်ရုံး)

အသက်(၃၂)နှစ်

ရန်ကုန်မြို့နေ ဦးတင်မြင့်-ဒေါ်ချိုချိုမာတို့၏သားကြီး၊ ဦးကြည်သိန်း-ဒေါ်သန်းနွဲ့တို့၏သားသမက်၊ နေပြည်တော်၊ ကံ့ကော်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၁၅နေ ဒေါ်နွယ်နီဝင်း(အလက-၃)၏ချစ်လှစွာသောခင်ပွန်း၊ မပိုးသဇင်ပြည့်၏ဖခင် ဦးပြည့်စုံမှူး(ဦးစီးအရာရှိ၊ လွှတ်တော်ရုံး)သည် ၂-၈-၂၀၁၃ရက်(သောကြာနေ့) ည ၉း၄၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) ဆေးရုံကြီးမှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်မွေ့

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကန္နားလမ်း၊သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊တိုက်စီ(၇)၊အခန်း ၀၀၂၊မြေညီထပ်နေ ဦးစံမြင့်၏ဇနီး၊ ဦးမြင့်လွင်-ဒေါ်ခင်ရွှေ၊ ဦးတင်ဝင်း -ဒေါ်လေးတင်၊ဦးစိုးမြင့်၊ဦးတင်စိုး-ဒေါ်သက်သက်နွယ်၊ ဦးစိုးအောင်-ဒေါ်ကစ်တီထန်းဘူ၊ (ဦးသိန်းထွန်း-ဒေါ်လှလှဝင်း)တို့၏အစ်မ၊ ဦးနေဝင်း-ဒေါ်ခင်စန်းဝင်း၊ဒေါက်တာထိန်ဝင်း-ဒေါက်တာခင်မေသွင်၊ ဦးကြည်ဝင်း-ဒေါ်မာမာစိန်၊ ဦးသိန်းဝင်း-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ရီရီဝင်း၊ဒေါ်နွဲ့ယဉ်ဝင်း-ဦးဉာဏ်ထူး၊ကိုမျိုးမင်းအောင် - မသီတာဝင်းတို့၏မိခင်၊ မောင်ကောင်းမြတ်ဝင်း၊မောင်အောင်မျိုးသန့်၊ မဆုသုန္ဒြီသွင်၊ မမေမြတ်နိုးဝင်း၊ မချစ်စုတို့၏အဘွားသည် ၃-၈-၂၀၁၃ ရက် (စနေနေ့) နံနက် ၈း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၈း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်အေး(ခ)ဦးတွတ်

မြန်မာ့စီးပွားရေးဘဏ်

(ဘ·စ·ရ·စ)(ငြိမ်း)

မန်နေဂျာ၊ရောဝတီဘဏ်လီမိတက်

(ရုံးချုပ်)

အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ၊ ဂဠုန်ဂါးဆေးပြင်းလိပ် (ဦးဘအေး-ဒေါ်ပုံ)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးလှဘော်) - ဒေါ်မေမေခင်တို့၏မောင်၊ တာမွေမြို့နယ်၊ ၁၄၈လမ်းနေ ဒေါက်တာကျော်လင်း-ဒေါ်ခင်ဝင်း၊ ဒေါ်တင်တင်ရီ (အထက်တန်းပြဆရာမ၊ အထက၊ သုဝဏ္ဏ)တို့၏အစ်ကို၊ သုဝဏ္ဏ၊ ကောက်လျှင်လမ်းသွယ်-၂နေ (ဦးတင်အေး)-ဒေါ်အုံးမြင့်တို့၏ညီသည် ၃-၈-၂၀၁၃ ရက် (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဌေး (လပွတ္တာ)

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ တွံတေးလမ်း၊ အမှတ် ၅၇၆နေ ဦးငြိမ်းဦး(သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း)၏ဇနီး၊ သံတောင်ကြီးမြို့၊ တပ်မတော်ဆေးရုံကြီးမှ ဗိုလ်ကြီးသန်းဇော်လင်း၊(ဗိုလ်ကြီးလင်းသက်ဖြိုး)၊ ရေးမြို့နေ ဒေါက်တာရန်လင်းအောင်၊ ဒေါက်တာအောင်မိုးစံတို့၏မိခင်သည် ၂-၈-၂၀၁၃ရက် (သောကြာနေ့)နံနက်တွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပေါက်မြို့နယ်အသင်း(ရန်ကုန်)

အသင်းဝင်

ဦးစိန်ပို (ပခုက္ကူမြို့)

ဒု-ဦးစီးမှူး(ငြိမ်း)ပြည်တွင်းအခွန်

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် ၃၅ နေ(ဦးစံပါး-ဒေါ်လုံး)တို့၏သား၊မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နေ ဆရာဦးခင်မောင် - ဒေါ်ရီတို့၏သားသမက်၊ ဒေါ်ခင်သန်းနု(AGD ဘဏ်ခွဲ၊ လမ်းမတော်၊ ငွေစုဘဏ်ခွဲ-၄၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ဇေယျာ(IT ပါရမီဆေးရုံ)၊ မဝင်းနီလာပို(ယုံရှင်းကုမ္ပဏီ)တို့၏ဖခင်သည် ၂-၈-၂၀၁၃ရက် မွန်းလွဲ ၂း၂၅နာရီတွင် ဂျပန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့)ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၃-၈-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်ခင်ဌေး(လပွတ္တာ) အသက်(၅၇)နှစ် နာရေးကြော်ငြာတွင် ထိန်ပင်သုသာန်အစား ရေဝေးသုသာန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး

ဦးသန်းအောင်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် ၄၁နေ (ဒေါ်အုံးကြည်)၏ခင်ပွန်း၊ (ဦးဝင်းကြည်)-ဒေါ်သန်းမြင့်၊ ဦးတင်ဝင်း-ဒေါ်သန်းသန်းကြည်၊ ဦးသိန်းမြင့်-ဒေါ်စန်းစန်းမြင့်၊ (ဦးဝင်းစိန်)-ဒေါ်အုံးကျင်၊ဒေါ်သောင်းတင်၊ ဦးမြင့်မောင်-ဒေါ်ခင်ပြုံး၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းမြ၊ ဦးသိန်းလွင်-ဒေါ်ခင်ခင်ဌေ(Tiens)၊ ဦးနန္ဒောဘာသ(ခ)ဦးဌေးအောင်၊ ဦးမိုးသူ-ဒေါ်သန်းသန်းဌေး၊ ဦးဇော်ဝင်းထွေး-ဒေါ်ထွေးထွေးကြည် (အထက-၁၊ ဒေါပုံ)တို့၏ဖခင်၊ မြေး ၂၆ယောက်၊ မြစ် ၁၆ ယောက်တို့၏အဘိုးသည် ၂-၈-၂၀၁၃ ရက် (သောကြာနေ့)ည ၁၀း၃၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးတင်ဝင်း(ခ)ဦးဗိုပိန်

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးရွှေခိုင် - ဒေါ်စိန်မြိုင်)တို့၏သား၊ (ဦးမောင်ဟန်-ဒေါ်ကောက်)တို့၏သားသမက်၊ ဦးတင်ဝင်း - (ဒေါ်ရင်ကြည်)တို့၏မောင်၊ ဦးသန်းအောင်၊ (ဦးသိန်းလှိုင်)-ဒေါ်နွဲ့နွဲ့ခင်၊ ဦးရဲညွန့်-(ဒေါ်စုစုခင်)၊(မောင်လှမိုး)-မစန်းစန်းဝေ၊ မောင်ခင်မောင်အုံး-မမြင့်မြင့်ထူး၊ မောင်ဝင်း-မလှလှဝင်းတို့၏အစ်ကို၊ (ဦးရဲဝင်း၊ စာရေးဆရာ နီကိုရဲ) - ဒေါ်နိုင်နိုင်ဝင်း၊ ဗိုလ်မှူးကျော်ကျော်ထွန်း [အမှတ်(၉)၊ စစ် အခြေခံလေ့ကျင့်ရေးတပ်၊ သထုံမြို့]-ဒေါ်ကေသွယ်ဦး(အထကခွဲ၊ နောင်ကုလား၊ ရှမ်းရွာ၊ သထုံမြို့)တို့၏ဖခင်၊ မဆုပြည့်စုံကျော်၊ မောင်လင်းမြတ်တို့၏အဘိုး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၇၊ အခန်း ၁၀၆နေ ဒေါ်မြကြည် (သဃ်န်းကျွန်းမြို့နယ်၊ ထွေ/အုပ်၊ ငြိမ်း)၏ခင်ပွန်းသည် ၂-၈-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းညွန့်

(အင်ပါယာ၊ မြန်အောင်မြို့)

အသက်(၇၆)နှစ်

တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ ၁၂/၄လွှာ(A)နေ (ဦးသိန်းမောင်-ဒေါ်ချစ်၊ ဒိုက်ဦး)တို့၏သမီးငယ်၊ [ဦးမောင်စိန်(ခ)ဦးပြန့်ထောင်]၏ဇနီး၊ မြန်အောင်မြို့နေ ဦးသန်းရွှေ-ဒေါ်သန်းအေး၊ဦးဝင်းမောင်-ဒေါ်စမ်းစမ်းမွေး၊ ရန်ကုန်မြို့နေ ဦးအောင်ဝင်း-ဒေါ်စမ်းစမ်းဌေး၊ ဦးခင်မောင်ထွေး(ခ)ဦးလင်းမောင်-ဒေါ်ထက်ထက်၊ (ဦးလှထွန်း)-ဒေါ်စမ်းစမ်းအေး (ခ)မိုးမိုး၊(ဦးခင်မောင်အေး)-ဒေါ်ဖြူဖြူစိုး(USA)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၃-၈-၂၀၁၃ရက် နံနက် ၈း၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

နေနတ်သားစာသင်တိုက် နာယကချုပ်

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ

ဘဒ္ဒန္တကလျာဏ

(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ နေနတ်သားစာသင်တိုက် နာယကချုပ်၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဖြစ်တော်မူသော သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါရ ကျေးဇူးတော်ရှင် နေနတ်သားဆရာတော်ကြီး ဘဒ္ဒန္တကလျာဏ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)သည် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက်) ၂-၈-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်မြတ်ကို (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၂ရက်) ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ပြီး အန္တိမဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကုမာရ

ဇေသုခကျောင်းတိုက်(တောင်ငူ)

သက်တော်(၆၁)နှစ်၊ သိက္ခာတော်(၄၀)

တောင်ငူမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ နံပါတ် ၁၁လမ်း၊ ဇေသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရသည် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ရက်) ၃-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁ရက်) ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်ဇောဓိသာရသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ(တောင်ငူ)

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါက်တာဦးသန်းဖေ(သံတွဲ)

ခရိုင်ဆရာဝန်ကြီး(ငြိမ်း)

အသက်(၉၁)နှစ်

သံတွဲမြို့၊ ရတနာလမ်းနေ(အရေးပိုင်ဦးဘကြီး - ဒေါ်ကြိုင်)တို့၏သားငယ်၊ ဒေါ်သန်းကြည်၏ခင်ပွန်း၊ ဦးသန်းနိုင်၊ ဒေါ်ခင်သန်းမေ၊ ဦးသန်းလွင်-ဒေါ်နှင်းနန္ဒာကျော်၊ ဒေါ်ခင်သန်းမူ၊ ဒေါ်ခင်သန်းကြူတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၃ရက် နံနက် ၁း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် သံတွဲမြို့၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ရီသိန်း

မန်နေဂျာ(ငြိမ်း)၊ ဆောက်/လျှပ်

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကျော်ငြိမ်း-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ (ဒေါ်ခင်ပြုံးကြည်)၊ ဦးကီးလှတင်-(ဒေါ်ခင်လုံးရီ)တို့၏ညီမ၊ဒေါက်တာဒေါ်ခင်အုန်းကြည်၏အစ်မ၊ ဒေါက်တာညီညီလင်း-ဒေါက်တာတင်မိုးဖြူ (ရန်ကုန်ကလေးဆေးရုံကြီး)၊ ဦးသာထွန်း-ဒေါ်တင်မိုးသူတို့၏အဒေါ်၊ မောင်ထွဋ်လင်းဦး၊ မောင်ဘုန်းမြတ်သာတို့၏အဘွားသည် ၃-၈-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်လွင်(ခ)ဆရာကျော်

(ကျော်ဓာတုဗေဒ)(ပဲခူး)

အသက်(၅၂)နှစ်

ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန် ၇လမ်း၊အမှတ် ၉၀၅နေ ဦးဘမြိုင်-ဒေါ်အုန်းတင်တို့၏သား၊ စင်ကာပူနိုင်ငံနေ ဦးဝေလွင်-ဒေါ်သန်းသန်းမြင့်တို့၏ညီ၊ ဦးမြင့်အောင်-ဒေါ်အေးအေးသက်၊ ဦးထွန်းထွန်းဦး - ဒေါ်ခင်သီတာဦးတို့၏အစ်ကို၊ တူ၊တူမ ခြောက်ယောက်တို့၏ဘကြီးသည် ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၃း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၈-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးခင်ကို

လမ်းပုံထုပ်၊ဆောက်လုပ်ရေး(ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ သမိုင်း ၄လမ်း၊ အမှတ် ၃၀၈ နေ (ဦးထွန်းမြိုင်-ဒေါ်လှရှင်)တို့၏သား၊ ဒေါ်ဝင်းမေ၏ခင်ပွန်း၊ ဦးအောင်နိုင်-ဒေါ်ခင်သန်းဝင်း၊ဒေါ်ခင်စန်းလင်း၊ ဦးအောင်သူ၊ ဦးကောင်းမြတ်သူ-ဒေါ်သျှင်စိုးမိုး(တိုင်းရင်းဆေး)တို့၏ဖခင်၊ မောင်ဉာဏ်လင်းထွန်း (လေကြောင်းတက္ကသိုလ်)၊ မသွန်းရွှေရည်ဝင်း (ရန်ကုန်နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၊ မောင်ရွှေပြည်ဟိန်းတို့၏အဘိုးသည် ၃-၈-၂၀၁၃ ရက် (စနေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၃ရက် (သောကြာနေ့)တွင် အမှတ် ၃၀၈၊ သမိုင်း ၄လမ်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစောမောင်

(ကောင်းမြတ်ကဖီး)

အသက်(၇၀)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ငမြကြီးကျေးရွာနေ (ဦးကျော်အေး-ဒေါ်အုန်းညွန့်)တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ နယူးစီပီလိုင်းနေ (ဦးထွန်းအောင် - ဒေါ်သန်းသန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ၁၃လမ်း၊ အမှတ် ၃၈၂နေ ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ညို-ဒေါ်ခင်မာချိုတို့၏ခင်ပွန်း၊ (မောင်ဉာဏ်မြင့်)၊ မသူဇာညွန့်၊ မောင်နေလင်း-မဇင်မာတို့၏ဖခင်၊ မြေးတစ်ယောက်၏အဘိုးသည် ၂-၈-၂၀၁၃ရက် (သောကြာနေ့) ည ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှုများပြင်ဆင်ရန် အခက်အခဲရှိသော်လည်း အချိန်မီပြုပြင်နိုင်

ရန်ကုန် ဩဂုတ် ၃

CNG အရောင်းဆိုင်များနှင့် စက်မှုဇုန်များသို့ပေးပို့နေသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဓာတ်ငွေ့ပိုက်လိုင်းများ ရန်ကုန်မြို့နေရာအချို့တွင် ယိုစိမ့်မှုများဖြစ်ပွားခဲ့ရာ ပြင်ဆင်ရန် အခက်အခဲရှိခဲ့သော်လည်း အချိန်မီပြုပြင်နိုင်ခဲ့ကြောင်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကျော်ဉာဏ်ထွန်းက ပြောကြားသည်။

" ပိုက်လိုင်းတစ်ခုခုဖြစ်တိုင်း အရေးတယူဆောင်ရွက်ပါတယ်။ ဖြစ်တဲ့နေရာကို ကျွန်တော်တို့ဆီမှာ ရှိသမျှယာဉ်ယန္တရားအင်အား၊ လူအင်အားနဲ့ ပြုပြင်ကြပါတယ်။ ဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်တာမျိုးကို ကျွန်တော်တို့ ၂၄ နာရီအတွင်း ပြုပြင်နိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လမ်းချဲ့ထွင်မှု၊ ဓာတ်ငွေ့ပိုက်လိုင်းအနီး လူနေအိမ်နှင့်ဈေးများတိုးချဲ့လာမှုကြောင့် ဓာတ်ငွေ့ပိုက်လိုင်းများမှာ အဆိုပါအဆောက်အအုံများ အောက်ဘက်သို့ ရောက်ရှိသွားမှုများသည် ဓာတ်ငွေ့ပိုက်လိုင်းများ ယိုစိမ့်မှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများဖြစ်နိုင်သည်ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်း (ရွှေပြည်သာ)မှ လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးသိန်းလှိုင်က ပြောကြားသည်။

ပြုပြင်ရာတွင် ဦးစားပေးပြုပြင်နိုင်သောအခြေအနေနှင့် ဦးစားပေးပြုပြင်မရသည့် အခြေအနေများရှိကြောင်း၊ လူနေဝန်းကျင်တွင် ယိုစိမ့်မှုဖြစ်ပွားပါက ပတ်ဝန်းကျင်ကို အန္တရာယ်ကင်းရှင်းအောင် ပြုပြင်ကြရကြောင်း၊ ပြုပြင်ရာတွင် ဓာတ်ငွေ့ပိုက်ကို ငုံပြီးပြုပြင်နည်းနှင့် ဓာတ်ငွေ့ပိုက်ကို ဖြတ်လဲနည်းတို့အနက် သင့်တော်ရာနည်းကို စဉ်းစားပြုပြင်ရကြောင်း ဦးကျော်ဉာဏ်ထွန်းက ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ▲

ယနေ့ မာတိကာ

စင်ကာပူနှင့် မလေးရှား အမြန်ရထားလမ်း တည်ဆောက်မည် — စာ - ၄

'တ'လား 'တစ်'လား (ဆောင်းပါး) — စာ - ၆

ဆီးဂိမ်းအားကစားအဖွဲ့များအတွက် ဟိုတယ်ဇုန်မှ ဟိုတယ် ၂၇ လုံးနှင့် အခန်းပေါင်း ၁၅၉၅ ခန်း စီစဉ်ဆောင်ရွက်ထား — စာ - ၁၁

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မြဝတီ-ကော့ကရိတ် ကားလမ်းပြန်လည်ဖွင့်

နေပြည်တော် ဩဂုတ် ၃

ကရင်ပြည်နယ်အတွင်း ဇူလိုင် ၂၆ ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြဝတီ-ကော့ကရိတ် ကားလမ်းတစ်လျှောက် တောင်ပြိုခြင်း၊ ကားလမ်းရေကျော်ခြင်းနှင့် တံတားများပျက်စီးခြင်းတို့ကြောင့် မြဝတီ-ကော့ကရိတ် ကားလမ်းကို ဇူလိုင်၂၈ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရသည်။

ကူညီဆောင်ရွက်ပေး

ပြည်နယ်အစိုးရ၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တောင်ပြိုမြေများ ဖယ်ရှားခြင်း၊ တံတားများ ပြုပြင်ခြင်းလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်ပေးခဲ့ရာ ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီက မြဝတီ-ကော့ကရိတ်ကားလမ်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ခရီးသည်များနှင့် ကုန်စည်များ ပုံမှန်သွားလာပို့ဆောင်နေပြီဖြစ်ကြောင်းနှင့် ကားလမ်းရေကျော်သည့်နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မြဝတီ-ကော့ကရိတ် ကားလမ်းပိတ်ဆို့မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ပြည်သူများပူးပေါင်းပြီး ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး ရှင်းလင်းဆောင်ရွက်ပေးနေစဉ်။ (မြဝတီ)

သုံးနှစ်ဆက်ချန်ပီယံ ရန်ကုန်အသင်းသားများ။

သုံးနှစ်ဆက်ချန်ပီယံအဖြစ် နေပြည်တော်တွင် အောင်ပွဲခံမည့် ရန်ကုန်ယူနိုက်တက်

ရန်ကုန် ဩဂုတ် ၃

သတင်း ➤ ဖိုးသော်ဇင်၊ ဓာတ်ပုံ ➤ စိုးညွန့်

၂၀၁၃ MNL အမှတ်ပေးပြိုင်ပွဲမှာ ယနေ့တွင် ပြီးဆုံးတော့မည်ဖြစ်ပြီး ချန်ပီယံအသင်းမှာ ပြိုင်ပွဲမပြီးဆုံးမီ ပေါ်ထွက်ခဲ့ပြီဖြစ်သည်။ လက်ရှိ ချန်ပီယံရန်ကုန်အသင်းမှာ ပွဲစဉ် (၂၁) တွင် မကွေးအသင်းကို အနိုင်ကစားနိုင်ခဲ့ပြီး နေပြည်တော်အသင်းမှာ ဇေယျာရွှေမြေအသင်းကို အနိုင်မကစားနိုင်ခဲ့သောကြောင့် ရန်ကုန်အသင်း ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် ဗိုလ်စွဲနိုင်ခဲ့သည့် ရန်ကုန်အသင်းမှာ အမှတ်ပေးချန်ပီယံဆုကို သုံးနှစ်ဆက်တိုက်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး MNL အမှတ်ပေးပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ်လာခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းမှာ ချန်ပီယံဆုကို ၂၀၁၁-၂၀၁၂ နှင့် ယခု ၂၀၁၃ ရာသီတို့တွင် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲမပြီးဆုံးမီ ဗိုလ်စွဲခဲ့သော ရန်ကုန်အသင်း နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ရမည့် နေပြည်တော်နှင့်ပွဲမှာ အရှုံးအနိုင်ရလဒ်အတွက်အရေးမပါတော့ပေ။ သို့သော် အိမ်ကွင်းရှုံးပွဲမရှိသေးသည့် နေပြည်တော်အသင်းနှင့် သုံးနှစ်ဆက်ပူပူနွေးနွေးချန်ပီယံရန်ကုန်အသင်းတို့၏ နောက်ဆုံးပွဲစဉ်မှာ အကြိတ်အနယ်ရှိမည့်ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပေသည်။ ယင်းပွဲကို ဩဂုတ် ၄ ရက်**(ယနေ့)** ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး ညနေ ၄ နာရီမှစ၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၆ ✻

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကြမ်း

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်း

၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (   )

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

နိဒါန်း

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အင်ဂျင်နီယာပညာ** ဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေး ပညာရပ်တို့ကို လေ့လာ၊ သင်ကြား၊ လေ့ကျင့်မှုအတွေ့အကြုံများမှ ရရှိလာသော အသိပညာနှင့် အတတ်ပညာများကို အသုံးချပြီး သဘာဝ သယံဇာတနှင့် လူသားအရင်းအမြစ်များအား လူတို့အတွက် အကျိုးပြုသော ကိစ္စရပ်များ၊ လုပ်ငန်းများ၊ ပစ္စည်းများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြင့် စီးပွားရေး တွက်ခြေကိုက်စွာ ဖန်တီးထုတ်လုပ်ပေးနိုင်သည့် အသိဉာဏ်နှင့်ယှဉ်ပြီး အသုံးချရသော ပညာရပ်ကို ဆိုသည်။

(ခ) **အင်ဂျင်နီယာအထူးပြုပညာရပ် (Discipline)** ဆိုသည်မှာ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာစသည့်အင်ဂျင်နီယာ အထူးပြု ပညာရပ်များကို ဆိုသည်။

(ဂ) **နည်းပညာ** ဆိုသည်မှာ အင်ဂျင်နီယာပညာဖြင့် ဖန်တီးထုတ်လုပ်ရာတွင် အထောက်အကူပြုသည့် လက်တွေ့အသုံးပြုရမည့် နည်းနိသ္သယများ၊ နည်းလမ်းများ၊ လုပ်ဆောင်ပုံများ၊ ဖြစ်စဉ်များနှင့် အခြားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများကို ဆိုသည်။ ဤဥပဒေပါ နည်းပညာ ဆိုသော စကားရပ်သည် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ နည်းပညာ (Engineering Technology) ကို ဆိုသည်။

(ဃ) **အင်ဂျင်နီယာပညာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ အင်ဂျင်နီယာပညာနှင့် နည်းပညာကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းကို ဆိုသည်။

(င) **တာဝန်ခံဝန်ကြီးဌာန (Focal Ministry)** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်း တာဝန်များကို ကောင်စီက အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ကူညီပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကို ဆိုသည်။

(စ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို ဆိုသည်။

(ဆ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(ဇ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီဝင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။

(ဈ) **မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့** ဆိုသည်မှာ အင်ဂျင်နီယာ ပညာရှင်များအဖြစ် အသိအမှတ်ပြုရန် လိုအပ်သော စိစစ်မှုနှင့် စစ်ဆေးအကဲဖြတ်မှုများကို ပြုလုပ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

(ည) **မှတ်ပုံတင်အရာရှိချုပ်** ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုသော မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို စာရင်းသွင်းခြင်း၊ မှတ်ပုံတင်စာရင်း ပြုစုထားရှိခြင်း၊ အခါအားလျော်စွာ စာရင်းထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရန် ကောင်စီက တာဝန်ပေးထားသူကို ဆိုသည်။

(ဋ) **နည်းပညာကျွမ်းကျင်သူ (Technician)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဒီပလိုမာ ရရှိထားသူကို ဆိုသည်။

(ဌ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူ (Graduate Technician)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဘွဲ့ ရရှိထားသူကို ဆိုသည်။

(ဍ) **အင်ဂျင်နီယာ (Engineer)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာဘွဲ့ ရရှိထားသူကို ဆိုသည်။

(ဎ) **မှတ်ပုံတင်လက်မှတ် (Register Certificate)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်များကို ဆိုသည်။

(ဏ) **အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် (Engineer Register Certificate)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင် အင်ဂျင်နီယာ ပညာရှင်လက်မှတ်၊ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာလက်မှတ်များကို ဆိုသည်။

(တ) **နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ (Technician Register Certificate, Graduate Technician Register Certificate)** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူလက်မှတ်များကို ဆိုသည်။

(ထ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်(Registered Engineer Certificate)** ဆိုသည်မှာ ဤဥပဒေအရ အင်ဂျင်နီယာအဖြစ် ကောင်စီတွင် စာရင်းသွင်းပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူကိုလည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်း၊ ဌာနတစ်ခုခုကဖြစ်စေ ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူကိုလည်းကောင်း ကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဒ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် (Registered Senior Engineer Certificate)** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိပြီး အင်ဂျင်နီယာပညာရပ်အလိုက်ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ အကြီးတန်းအင်ဂျင်နီယာ၏ အရည်အချင်းများနှင့်ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဓ) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (Registered Professional Engineer Certificate)**ဆိုသည်မှာဤဥပဒေအရမှတ်ပုံတင် အကြီးတန်း အင်ဂျင်နီယာလက်မှတ်ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီက ထုတ်ပေးသော မှတ်ပုံတင် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(န) **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် (Registered Limited Engineer Certificate)** ဆိုသည်မှာ ဤဥပဒေအရသတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသား အင်ဂျင်နီယာအား လုပ်ကိုင်ခွင့်ပြုထားသည့် အင်ဂျင်နီယာ ပညာရပ် အမျိုးအစား၊ အဆင့်အတန်း၊ နေရာဒေသနှင့်အချိန်ကာလ ကန့်သတ်ချက်များဖြင့် ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ပ) **မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာ ပညာရှင်လက်မှတ် (Registered Limited Professional Engineer Certificate)** ဆိုသည်မှာ အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များကို ဤဥပဒေအရ အင်ဂျင်နီယာ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်း မြှင့်တင်ရန်၊

(ခ) အင်ဂျင်နီယာ နည်းပညာများနှင့် သတင်းအချက်အလက် နည်းပညာများကို ပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှု အနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်၊

(ဂ) အင်ဂျင်နီယာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှု လုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ် ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့်စည်းရန်နှင့် တာဝန်ကျေပွန်ရန်စသည့် လိုအပ်ချက်များ ပြည့်စုံရန်နှင့် စည်းကမ်းစနစ်ကျစေရန်တို့အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းပေးမှုများကိုလည်းကောင်း၊ လိုအပ်သော အရေးယူမှုများကိုလည်းကောင်း ဆောင်ရွက်နိုင်ရန်၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်၊

အခန်း (၃)

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သင့်လျော်သော ဝါရင့်အင်ဂျင်နီယာများ စုစုပေါင်း **ခုနစ်ဦး** ထက်မပိုသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ ကောင်စီ၏ နာယကအဖွဲ့သည် တာဝန်ခံဝန်ကြီးဌာန အပါအဝင် အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် အင်ဂျင်နီယာများနှင့် အခြားသင့်လျော်သော ဝါရင့်အင်ဂျင်နီယာများအနက်မှ ကောင်စီဝင် **၆၀ ဦး** ကို အောက်ဖော်ပြပါအတိုင်း ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းရမည်-

(က) တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဝါရင့်အင်ဂျင်နီယာများ — ၁၅ဦး

(ခ) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အင်ဂျင်နီယာပညာရှင်များ — ၁၅ဦး

(ဂ) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ဝါရင့်အင်ဂျင်နီယာများ — ၁၅ဦး

(ဃ) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော ဝါရင့်အင်ဂျင်နီယာများ — ၁၅ဦး

၆။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးကို ရွေးချယ်သတ်မှတ် တာဝန်ပေးရမည်။ ကောင်စီဝင်များသည် ကျန်ဒုတိယဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦး တို့ကို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ရမည်။

၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကောင်စီ ဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ ကောင်စီ ဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်သော ကောင်စီ၏ အလုပ်အမှုဆောင် အဖွဲ့ကို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းရမည်။

၈။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည်-

(က) ကောင်စီ၏ တစ်ကြိမ်သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ လေးနှစ် ဖြစ်သည်၊

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်၊

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်၊

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်၊

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိ ကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်၊

(စ) လက်ရှိကောင်စီ သက်တမ်းကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီအသစ်ကို ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရမည်။

အခန်း (၄)

ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီက အသိအမှတ်ပြုသော အင်ဂျင်နီယာဘွဲ့၊ နည်းပညာဘွဲ့နှင့် နည်းပညာ ဒီပလိုမာများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန် အလို့ငှာ ပြည်တွင်းပြည်ပရှိ နည်းပညာတက္ကသိုလ်၊ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာကောလိပ်နှင့်နည်းပညာသိပ္ပံ တစ်ခုခုကဖြစ်စေ၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းနှင့် ဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ ရသူများကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုး ထုတ်ပေးရန် အလို့ငှာ ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့၊ ဒီပလိုမာရသူများ တတ်မြောက်ရန် လိုအပ်သော လုပ်ငန်းဆိုင်ရာ အရည်အချင်းများကို သတ်မှတ်ခြင်း၊

(ဃ) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာ ကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်းနှင့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာ ကျွမ်းကျင်သူများ၏ အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ်ခြင်း၊ အစိုးရဌာနများ၊ အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်း ပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဆ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများအတွက် အရည်အသွေး အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ၊ နည်းပညာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေးနှင့် စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ သင်ကြားမှု အဆင့်အတန်း မြင့်မားစေရန်နှင့် အရည်အသွေးပြည့်ဝသော အင်ဂျင်နီယာ၊ ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ပေါ်ပေါက်စေရေးတို့အတွက် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ ပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဈ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များနှင့် အညီ အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာ ကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှု ရရှိနိုင်စေရန် တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတွေ့နှင့် လက် တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူး ကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်း အဝေးများ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက် နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ည) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်း မြင့်မားစေရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့်ကူညီခြင်း၊

(ဋ) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပ အတိုင်ပင်ခံ အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာ လုပ်ငန်း ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှု ရှိ/မရှိ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာသို့ သဘောထားပြန်ကြားခြင်း၊

(ဌ) အင်ဂျင်နီယာပညာ၊ နည်းပညာတို့နှင့် စပ်လျဉ်း၍ လိုအပ်သော လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း၊

(ဍ) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူ များအား ဆိုင်ရာ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းစေရန် ကြပ်မတ်ခြင်း၊ ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူ ဆောင်ရွက်ခြင်း၊

(ဎ) ကောင်စီ အစည်းအဝေးများကို သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပခြင်း၊

အချပ်ပို ခ သို့

ဥပဒေကြော်ငြာ

အချပ်ပို က မှ

(ဏ) ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(တ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ပါ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ၊

(၂) အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ် အသိအမှတ်ပြုရေး (Accreditation)လုပ်ငန်းကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(၄) စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(၅) စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေး လုပ်ငန်းကော်မတီ၊

(၆) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ် သင်ကြားရေး လုပ်ငန်းကော်မတီ၊

(၇) အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊

(၈) လိုအပ်ချက်အရ ဖွဲ့စည်းသင့်သည့် အခြားလုပ်ငန်းကော်မတီများ၊

(ခ) အင်ဂျင်နီယာအထူးပြု ပညာရပ်အလိုက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း နှင့် ပယ်ဖျက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ သီးခြား ကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သော စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်နှင့် စပ်လျဉ်း၍ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်း တိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်း ပယ်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင် သက်တမ်းတိုးမြှင့်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးတို့ကို သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတော်အတွက် အကျိုးပြုမည့် ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်း ပြည်ပရှိ အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

၁၁။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၂။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

အခန်း(၅)
ကောင်စီဝင်အဖြစ်မှရပ်စဲခြင်း

၁၃။ အောက်ပါအကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်ဖြင့် ကောင်စီဝင် တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီနှင့်ခြောက်လနှင့်အထက် ကင်းကွာခြင်း၊

(ဃ) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာစာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(စ) ကိုယ်ကျင့်တရားပျက်ယွင်းသည်ဟု ကောင်စီကစစ်ဆေးတွေ့ရှိခြင်း၊

(ဆ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ် အင်္ဂါချို့ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊

(ဇ) ကွယ်လွန်ခြင်း။

အခန်း(၆)
အစည်းအဝေးများ ကျင်းပခြင်း

၁၄။ အစည်းအဝေးများကို အောက်ပါအတိုင်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပဆောင်ရွက်ရမည်-

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပပြုလုပ်ခြင်းနှင့်လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊

(ဂ) ကောင်စီဝင်ဦးရေ၏ အနည်းဆုံး လေးပုံတစ်ပုံ (၂၅ ရာခိုင်နှုန်း) အရေအတွက်က တရားဝင်စာဖြင့် ရေးသားတောင်းဆိုလျှင် အထူးအစည်းအဝေးကို ခေါ်ယူပေးခြင်း၊

၁၅။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ကျင်းပမည့် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၆။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေးတင်ပြရမည်။

အခန်း(၇)
ဘဏ္ဍာရေး

၁၇။ တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၁၈။ ကောင်စီသည် ပြည်တွင်း ပြည်ပရှိ တရားဝင် အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည်။

၁၉။ ကောင်စီသည် မှတ်ပုံတင်ကြေးနှင့် အခြားရငွေ၊ သုံးငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရမည်။

အခန်း(၈)
ဘွဲ့ရ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်

၂၀။ ပြည်တွင်း ပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ တစ်ခုခုကဖြစ်စေ၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံ တစ်ခုခုကဖြစ်စေ၊ အပ်နှင်းသော နည်းပညာဘွဲ့ သို့မဟုတ် နည်းပညာဒီပလိုမာရရှိသူသည် ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် သို့မဟုတ် နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၁။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၁(က) အရ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်အခါ ယင်း ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၂။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် ရရှိသူသည် မိမိဘွဲ့ရ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် သက်တမ်း တိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့် ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

၂၃။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၄။ (က) မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင် ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင် နည်းပညာ ကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည်။

၂၅။ (က) မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင် အင်ဂျင်နီယာ လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြု ပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင် အင်ဂျင်နီယာ လက်မှတ် ထုတ်ပေးရမည်။

အခန်း(၉)
အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်

၂၆။ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ် တစ်ခုခုကဖြစ်စေ နည်းပညာတက္ကသိုလ် တစ်ခုခုကဖြစ်စေ၊ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ ရရှိသူသည်လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာ ပညာရပ်နှင့် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည် လည်းကောင်း၊ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၇။ (က) ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင် အင်ဂျင်နီယာ လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၇ (က) အရ မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ် ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၈။ (က) မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာ လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ ပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင် အကြီးတန်း အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ လက်မှတ်ထုတ်ပေးရမည်။

၂၉။ (က) မှတ်ပုံတင် အကြီးတန်း အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင် အင်ဂျင်နီယာပညာရှင် လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင် အင်ဂျင်နီယာ ပညာရှင်လက်မှတ် ထုတ်ပေးရမည်။

၃၀။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား အင်ဂျင်နီယာအား ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာ လက်မှတ်ထုတ်ပေးနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ သဘောတူညီချက်များအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင် အင်ဂျင်နီယာ ပညာရှင်များကို ဤဥပဒေအရ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာ ပညာရှင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

အခန်း(၁၀)
မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာ ကျွမ်းကျင်သူများသည်-

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာ စောင့်ထိန်းရမည်၊

(ဂ) မိမိပညာရပ်နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာ ပညာနှင့်နည်းပညာလုပ်ငန်းများကို တရားဝင် လုပ်ကိုင်ခွင့်ရှိသည်။

(ဃ) မိမိရရှိထားသော သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့်ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်။

(င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေး အတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(စ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်၊

၃၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများသည် ပုဒ်မ ၃၁ ပုဒ်မခွဲ (က)မှ (စ)ထိ အကျုံးဝင်သော တာဝန်နှင့်ရပိုင်ခွင့်များအပြင် သက်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်။

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ပညာရှင်များသည် ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

အခန်း(၁၁)
စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အရေးယူခြင်း

၃၄။ မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ်ကို ရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း။

အခန်း(၁၂)
အယူခံခြင်း

၃၅။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၆။ ကောင်စီသည် ပုဒ်မ ၃၅ အရ အယူခံမှုတွင် အလုပ်အမှုဆောင်အဖွဲ့၏ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

အခန်း(၁၃)
တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၃၇။ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသော အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခြင်းမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူ ဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများကို ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

၃၈။ မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမဆို မိမိရရှိသော အဆင့်အတန်းနှင့် မလျော်ညီသော ဘွဲ့အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ တပ်ဆင်သုံးစွဲခြင်းမပြုရ။

၃၉။ မှတ်ပုံတင်လက်မှတ် ရရှိထားသော မည်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမျှ-

(က) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ၊

(ခ) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့် ပြစ်ဒဏ် သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက် ချမှတ်ခြင်း ခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည် အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ၊

အချပ်ပို ဂ သို့

4-8-2013 (B).pmd 1 8/2/2013, 8:39 AM

ဥပဒေကြော်ငြာ

အချပ်ပို ခ မှ

၄၀။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

အခန်း(၁၄)
အထွေထွေ

၄၄။ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေး ဘုတ်အဖွဲ့က အင်ဂျင်နီယာတစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် ၎င်း၏ သက်တမ်းသည် ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းဟု မှတ်ယူရမည်။

၄၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်အား လုပ်ငန်းတာဝန်ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ခံစားခွင့်များကို ရရှိနိုင်ခွင့်ရှိခြင်း၊

(ခ) တာဝန်အရခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့်ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(ဂ) ကောင်စီနှင့်သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

၄၇။ ဤဥပဒေ ပုဒ်မ ၃၇ သို့မဟုတ် ၃၈ သို့မဟုတ် ၃၉ အရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်သည့် ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီဝင် တစ်ဦးဦးအား တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုခြင်း မပြုရ။

၄၉။ ဤဥပဒေ ပြဋ္ဌာန်းသည့် နေ့ရက်မှစ၍ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် မှတ်ပုံတင်လက်မှတ်ရရှိရေးကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၅၀။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကောင်စီက ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ကူညီပေးရမည်။

၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်သူအများ သိရှိလေ့လာ အကျိုးပြုနိုင်ရေးအတွက် ဖော်ပြခြင်း ဖြစ်ပါသည်။

---

(၅၈)နှစ်မြောက်မွေးနေ့မင်္ဂလာဆုတောင်း

ဦးဇော်ဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) ၏ ၄-၈-၂၀၁၃ ရက်တွင် ကျရောက်သော (၅၈)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းများနှင့် ပြည့်စုံပြီး၊ ဘာသာသာသနာ၏ အကျိုးများကို ထမ်းပိုးရွက်ဆောင်နိုင်ပါစေရန် ချစ်သောဇနီးနှင့် သမီးများက ဆုတောင်းမေတ္တာပို့သလျက်-

ဇနီး - ဒေါ်ခင်ဝင်းမြင့်
သမီးကြီး - မကေသီဇော်ဝင်း
သမီးလတ် - မစန္ဒာဇော်ဝင်း
သမီးငယ် - မသန္တာဇော်ဝင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ချမ်းမြသာစည်မြို့နယ်တရားရုံး နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၂၀

ဒေါ်မိုးမိုးဝါ(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးရဲထွဋ်(ခ)ဦးသူရရဲထွဋ်) **နှင့်** ၁။ ဦးချစ်ထွေး ၂။ ဦးမောင်မောင်စိုး

တရားလို **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၀ နှင့် ၆၁ လမ်းကြား၊ ခိုင်ရွှေဝါနှင့် ဇလပ်ဝါလမ်းကြား၊ (ဈ၃)၊ ကရဏာလမ်းသွယ် ၁လမ်း၊ အိမ်အမှတ် ၁၂နေ (၁)တရားပြိုင် ဦးချစ်ထွေးနှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ သရက်တောလမ်း၊ တိုက်အမှတ် ၇ ငါးလွှာတွင်နေ (၂)တရားပြိုင် ဦးမောင်မောင်စိုး တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေသက်သက်အရောင်းအဝယ် ကတိစာချုပ်အရ မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၆ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီထွန်းဦး)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၅၊ မြေကွက်အမှတ် ၂၁၁+ ၂၁၂၊ မြေကွက်တည်နေရာအမှတ် ၂၁၁+၂၁၂၊ ရွှေဥဒေါင်းလမ်း၊ ၅ ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးသိန်းအောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဖခင် ဦးသိန်းအောင်နှင့်မိခင် ဒေါ်ငြိမ်းရင်တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်ရင်ရင်လှ ၁၂/လမန(နိုင်)၀၆၆၇၀၃၊ (၂) ဦးမျိုးချစ် ၁၂/ရပသ(နိုင်)၀၂၀၅၇၉၊ (၃) ဦးရဲမြင့် ၁၂/လမန(နိုင်)၀၆၆၇၀၄၊ (၄)ဒေါ်သန်းသန်းအေး ၁၂/လမန(နိုင်)၀၆၆၇၀၅တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂/မြောက်၊ မြေကွက်အမှတ် ၂၅၃/ခ၊ မြေကွက်တည်နေရာအမှတ် ၂၈၊ထူပါရုံ ၂၆ လမ်း(ရှေ့)၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ထွေးကြည်၊ ဦးစိုးသိန်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ထွေးကြည် (ဇနီး) ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ခင်ပွန်း ဦးပန်းကြိုင် ၇/ပတန(နိုင်)၀၀၅၉၇၆နှင့် ကျန်အမည်ပေါက် ဦးစိုးသိန်း ၁၂/မဂတ(နိုင်)၀၃၆၅၈၅တို့မှ ပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၄၅၃၊ မြေကွက်တည်နေရာအမှတ် ၂၇၊ ၄လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်သောင်းရင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်းရင် (မိခင်)နှင့် ဦးစိုးမြင့်(ဖခင်) တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်ဝင်း ၁၂/သဃက(နိုင်)၀၈၈၆၉၉၊ (၂) ဒေါ်ခင်ကြည် ၁၂/သဃက(နိုင်)၀၈၈၇၀၀၊ (၃) ဒေါ်စန်းစန်းမြင့် ၁၂/သဃက(နိုင်)၀၈၇၇၀၆၊ (၄) ဒေါ်စန်း စန်းမော် ၁၂/သဃက(နိုင်)၀၀၄၆၉၈၊ (၅) ဒေါ်မြင့်မြင့်စော ၁၂/သဃက(နိုင်)၀၀၄၆၉၇ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၀၆၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၆၃/ခ၊ သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာ ဦးမြင့်ဝင်း၊ ဦးမြတ်ဝင်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဝင်းကွယ်လွန်သဖြင့် ဒေါ်နီနီသန်း၇/ပခန(နိုင်)၀၀၉၂၁၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကိုမ်လွှာတင်ပြ၍ ဦးမြင့်ဝင်းအစုအား အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် ကျန်အမည်ပေါက် ဦးမြင့်ဝင်းနှင့်အတူ ဒေါ်နီနီသန်းထံမှကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၀၇(၁၄-၃-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် မခိုင်ဇာဝင်း ၁၂/အလန (နိုင်)၀၃၇၈၅၁ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိမ်လွှာ ၂၆၄ (၁၇-၇-၁၃) ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးဇော်မင်းအောင် B.A (Korean), Y.U.F.L
(I.E.K.C.S) Song Kong Hoe University, S-Korea.
[illegible]
Ph: 09450048814, 09425292545, 0931103270

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းအေးသာစံမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၁

ဒေါ်နွယ်နွယ် **နှင့်** ၁။ မစန်းစန်းသွယ် ၂။ မနှင်းယုလွင်

တရားလို **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျော်ဘွယ် အနောက်ရပ်၊ အကွက် ၂၆၆နေ မစန်းစန်းသွယ်နှင့် မနှင်းယုလွင်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ် ၂၁၀၀၀၀ဝိ/-(ကျပ်နှစ်ဆယ့်တစ်သိန်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၆ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယင်းမာ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ချမ်းအေးသာစံမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၅၊ မြေကွက်တည်နေရာအမှတ် ၅၊ပုလဲလမ်း၊ရွှေပြည်သာမြို့နယ် (ဦးဇော်မျိုးနောင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါ်ငုဝါ(ဘိလစ်) ၁၂/လမန(နိုင်)၀၂၉၆၃၃က ရွှေပြည်သာမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၆/၂၀၁၃ (၈-၃-၁၃)တွင် ချမှတ်သောအမိန့်နှင့် တရားမဇာရီမှုအမှတ် ၁၁/၂၀၁၃ (၂၂-၄-၂၀၁၃)တွင် ချမှတ်သောအမိန့်တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၉/A၊ မြေကွက်အမှတ် ၆၀၄၊ မြေကွက်တည်နေရာအမှတ် ၆၀၄၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်သောင်းတင် ၁၂/ပဇတ (နိုင်) ၀၁၄၇၅၂အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်းတင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၀၄၁/၀၉ (၈-၇-၀၉) ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးဘောရာမူတူး(ခ)ဦးဝင်းနိုင်၁၂/မဂတ(ဧည့်)၀၀၀၁၉၇ က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့်တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁၆) ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁၇) ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါ နေရာများတွင် ဖြေဆိုရမည်-

(က)	**နေပြည်တော်**	အမှတ်(၇)တည်ဆောက်ရေးစခန်း၊ ရွာတော်၊
(ခ)	**မြစ်ကြီးနားမြို့**	တိုင်းစစ်ဌာနချုပ်၊ တပ်နယ်ခန်းမ၊
(ဂ)	**လားရှိုးမြို့**	တိုင်းစစ်ဌာနချုပ်ခန်းမ၊
(ဃ)	**တောင်ကြီးမြို့**	တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၊
(င)	**ဒီလမ်မြို့**	တပ်နယ်ခန်းမ၊
(စ)	**ကျိုင်းတုံမြို့**	တိုင်းစစ်ဌာနချုပ်၊ ပြည်ကြိမ်ဆောင်ခန်းမ၊
(ဆ)	**မော်လမြိုင်မြို့**	ရွှေနတ်တောင်၊ တပ်မတော်အထက၊
(ဇ)	**မြိတ်မြို့**	တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၊
(ဈ)	**ရန်ကုန်မြို့**	အထက(၂)မင်္ဂလာဒုံ၊
(ည)	**ပုသိမ်မြို့**	တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
(ဋ)	**အမ်းမြို့**	တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ၊
(ဌ)	**မုံရွာမြို့**	အထက(၂)အလုံ၊ တပ်မတော်ကျောင်း၊
(ဍ)	**မန္တလေးမြို့**	အထက(၁၈)၊ နန်းတွင်း၊
(ဎ)	**တောင်ငူမြို့**	တိုင်းစစ်ဌာနချုပ်၊ အေးချမ်းမြိုင်ခန်းမ၊

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်စာစစ်ဌာနများတွင်ဖြေဆိုကြရမည်၊ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်၊ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်၊ မိမိတို့လျှောက်လွှာထုတ်ယူရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်၊

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်းယူဆောင်လာရမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ၊

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်၊

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)